# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday, 15 March 2021 ၁၀၃၁၇


# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>
စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၁/ ၂၀၂၁<br>
၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်<br>
( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ<br>
(ပုံ) အောင်လင်းဒွေး<br>
အတွင်းရေးမှူး<br>
ဒုတိယဗိုလ်ချုပ်ကြီး<br>
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ သင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြား

နေပြည်တော် မတ် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော် နည်းပညာ တက္ကသိုလ်တို့ရှိ သင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိ၊ စစ်သည်များနှင့် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အားပေးအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့ နယ်မြေခံတပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ အားပေးအမှာစကား ပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားပါ — စာမျက်နှာ » ၆

နှလုံးသားတွေ နွေးထွေးစေလိုပါတယ် — စာမျက်နှာ » ၁၀

ကလေးများအတွက် စာပေအာဟာရ ပြုစုကြရာဝယ် — စာမျက်နှာ » ၁၅

မတ် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ — စာမျက်နှာ » ၁၇

ကြေးမုံ

# ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဖြင့်ကူညီ

လူ့ဘဝတွင် အရေးအကြီးဆုံးမှာ ကျန်းမာခြင်းပင် ဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်သည်။ ကျန်းမာမှသာ မိမိအရေး၊ မိသားစုအရေးမှစကာ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကို အကျိုးပြုနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးကဏ္ဍတွင် အဓိကအရေးပါသည့် ဆရာဝန်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှစ်စဉ်သင်ကြားမွေးထုတ်ပေးလျက်ရှိသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ပြည်သူ့ဆေးရုံများသည် အရေးပါသည့်လုပ်ငန်းများ ဖြစ်သည်။ ပြည်သူ့ဆေးရုံများသည် ပြည်သူများအား အခမဲ့ဝန်ဆောင်မှုပေးနေသော အထူးသဖြင့် အခြေခံပြည်သူများအတွက် အားကိုး အားထားရာဖြစ်သည်။

ဆေးပညာသင်ကြားပြီးသည့်နောက် ပြည်သူ့ဆေးရုံများတွင် ဆရာဝန်တာဝန်ထမ်းဆောင်ကြခြင်းမှာ ဘွဲ့လွန်ဆေးပညာများရရှိကြပြီး ပါရဂူဆရာဝန်ကြီးများ ဖြစ်လာရေးအတွက် ရည်မှန်းလုပ်ကိုင်ခြင်း ဖြစ်သည်။ ပြည်သူ့ဆေးရုံမှ ဆရာဝန်ငယ်များအနေဖြင့် တတ်သည့်ပညာနှင့် ရသည့်လစာအနည်းငယ်ကြောင့် ပြည်သူ့ဆေးရုံဆရာဝန်အဖြစ်ကို စိတ်ဝင်စားမှု နည်းပါးကြသည်။ သမားတော်ကြီး ဖြစ်လာရေး၊ သမားတော်ကျင့်ဝတ်နှင့်အညီ ပြည်သူများအပေါ် စေတနာရှေ့ထား ပြုစုစောင့်ရှောက်ကုသမှုပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

နိုင်ငံတော်က ဆရာဝန်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသော်လည်း လက်ရှိတွင် ပြည်သူ့ဆေးရုံများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များမှာ သောင်းဂဏန်းပင်မပြည့်ချင်။ နိုင်ငံရှိ ဆရာဝန်အရေအတွက်နှင့် ပြည်သူလူထုအရေအတွက်မှာ အလွန်အချိုးအစားမမျှသဖြင့် ထိုပြဿနာကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်က အစဉ်ကြံဆစီမံဆောင်ရွက်နေရသည်။ လက်ရှိတွင် ကျန်းမာရေးဖွဲ့စည်းပုံအရ ဆရာဝန်အင်အား တစ်သောင်းမျှလစ်လပ်နေသည်ဟု သိရသည်။ ထိုသို့ နိုင်ငံတော်နှင့်ပြည်သူအတွက် ကျန်းမာရေးလိုအပ်ချက် ကြီးကြီးမားမားရှိနေချိန်တွင် လက်ရှိအချိန်၌ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ CDM လှုပ်ရှားမှုတွင် ပါဝင်ပြီး ပြည်သူများအားကိုးအားထားပြုရသည့် ပြည်သူ့ဆေးရုံများမှ စွန့်ခွာသွားကြသည်ကို မြင်တွေ့ရသည်မှာ စိတ်မကောင်းစရာဖြစ်သည်။

"ရှင်နည်းရာ အဂ္ဂလူထွက်" ဆိုသကဲ့သို့ ရှားရှားပါးပါး ကျန်းမာရေးအတွက် ပြည်သူအားကိုးမျှော်လင့်နေရသည့်အချိန်တွင် ပြည်သူကို မျက်ကွယ်ပြုသွားခဲ့သဖြင့် ပြည်သူများ အခက်အခဲဖြစ်နေ၊ စိတ်မကောင်းဖြစ်နေကြရသည်။ ဆရာဝန်များသည် ဟစ်ပိုကရေးတီးကျမ်းသစ္စာကို ဆေးပညာကျင့်ဝတ်အဖြစ် လိုက်နာစောင့်ထိန်းရပါသည်။ ဆေးပညာဘွဲ့နှင်းသဘင်များတွင် 'ကမ္ဘာတစ်လွှားသမားဟူးရားကြီးများကို သက်သေထား၍' ဟုဆိုကာ ယင်းသို့သဘောရှိသော ကျမ်းသစ္စာမျိုးကို တိုင်တည်ရွတ်ဆိုရပါသည်။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေပုဒ်မ ၃၀(င) တွင် ယင်းကျင့်ဝတ်ကျိုးပျက်ပါက မည်သို့ပြစ်ဒဏ်ချမှတ်နိုင်သည်ကို ဖော်ပြထားကြောင်း တွေ့ရပါသည်။ ဆရာဝန်သည် လူနာအပေါ်တွင် ရန်သူ/မိတ်ဆွေ မခွဲခြားဘဲ ကုသစောင့်ရှောက်ပေးရသည့် တာဝန်ရှိသည်။

ပညာရှင်၊ ပညာသည်တို့၏ တာဝန်ထမ်းဆောင်မှုသည် လောက၏ အကျိုးစီးပွားအလို့ငှာ မိမိတို့တတ်ကျွမ်းသည့်ပညာဖြင့် လောကဝန်ကို ထမ်းခြင်းဖြစ်ပါသည်။ လောကကို အကျိုးပြုရခြင်းဖြစ်ပါသည်။ မိမိတို့ ကျွမ်းကျင်တတ်မြောက်သည့် အတတ်ပညာ၊ အသိပညာ၊ ကောင်းမွန်သောစိတ်စေတနာဖြင့် သစ္စာရှိရှိ၊ ရဲရဲဝံ့ဝံ့ ထမ်းဆောင်ဖို့လိုပါသည်။ ပညာသည်ကျင့်ဝတ် သွေဖည်ကျိုးပျက်ခဲ့လျှင် အပြစ်ရှိသည်ကို သိရှိထားပြီး ဖြစ်ကြပါသည်။ ပညာသည်ကျင့်ဝတ်ကို သစ္စာသမာဓိခိုင်ကျည်စွာဖြင့် ကျင့်သုံးခဲ့လျှင် သမားဂုဏ်နှင့်ညီညွတ်သည့် ဆေးပညာရှင်ကောင်းများ ဖြစ်ကြပါလိမ့်မည်။

လက်ရှိတွင် ပြည်သူ့ဆေးရုံများကို CDM ကြောင့် ပိတ်ထားသဖြင့် အရေးပေါ် ဖြစ်လာကြသည့် ဝေဒနာရှင်ပြည်သူအချို့ အသက်ဆုံးရသည့်အဖြစ်ဆိုးအချို့ ရှိခဲ့သည်။ ပြည်သူ့ဆေးရုံများကို စွန့်ခွာသွားသော်လည်း ပြင်ပဆေးရုံ၊ ဆေးခန်းများတွင် အခကြေးငွေဖြင့် လုပ်ကိုင်နေသောသူအချို့လည်းရှိသည်။ CDM တွင် ပါဝင်သော ဆရာဝန်မှာ သုံးထောင်ကျော်ရှိပြီး ပြင်ပဆေးရုံ၊ ဆေးခန်းများတွင် ကုသပေးနေသောဆရာဝန်မှာ သုံးရာကျော်ရှိသည်ဟု သိရသည်။ သို့ဖြစ်ရာ နိုင်ငံရေးနှင့် သမားတော်အရေး မရောထွေးဘဲ ဆရာဝန်ကျင့်ဝတ်နှင့်အညီ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဖြင့် ကူညီရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဆူပူဆန္ဒပြမှုများကို အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကြပ်အတည်း ထိန်းချုပ်မှု၊ တစ်ခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❐ ရွှေဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်တို့ရှိ သင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိစစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

### ရှင်းလင်းဆွေးနွေး

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီးနောက် တပ်မတော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇၊ ၄၁၈ အရ လွှဲပြောင်းပေးခဲ့မှုဖြစ်စဉ် အသေးစိတ်အခြေအနေများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား တပ်မတော်အရာရှိကြီးများနှင့် အရပ်သားများဖြင့် ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံတကာသတင်းမီဒီယာများ၊ ပြည်တွင်း လူမှုကွန်ရက်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းဌာနများတွင် အစိုးရဆန့်ကျင်သူများ၏ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်ဖြစ်စဉ်များ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဥပဒေနှင့်အညီ အဓိကရုဏ်းနှိမ်နင်း လူစုခွဲမှုအပေါ် အင်အားသုံးဖြိုခွဲခြင်းအဖြစ် တစ်ဖက်သတ် ဖော်ပြစွပ်စွဲနေမှုအခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မင်းမဲ့စရိုက်ဆန်သော အကြမ်းဖက်လုပ်ရပ်များအား ဖြေရှင်းဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ၁၉၅၆ ခုနှစ်၊ ရုန်းရင်းဆန်ခတ်မှုလက်စွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၂၀၁၅)ခုနှစ် ထုတ်ပြန်သည့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းလက်စွဲပါ စည်းမျဉ်းစည်းကမ်း ဥပဒေအတိုင်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၂၂ ရက်အထိ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကိုင်တွယ်မှုနှင့် ဖေဖော်ဝါရီ ၂၃ ရက် နောက်ပိုင်း လူတစ်ဦးချင်းစီ၏ အခွင့်အရေးဆုံးရှုံးသည်အထိ လူ့အသက်နှင့် အရှက်သိက္ခာကျဆင်းစေပြီး မိသားစုဘဝများပါ လူ့အသိုင်းအဝိုင်းအတွင်း မသွားရဲ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

မလာရဲ ဖြစ်စေသည့် မျက်ခုံးမွေးရိတ်ခြင်း၊ လေးကွက်ကြား ကတုံးရိတ်ခြင်း၊ လည်ပင်းစာတန်းဆွဲ၍ ရပ်ကွက်အတွင်း လှည့်လည်စေခြင်းအပြင် လူအုပ်စုဖြင့် အဓမ္မဖမ်းချုပ်၍ နဖူး၊ ပါးများတွင် တတ်တူးရေးထိုးခြင်း၊ ရပ်ကွက်အတွင်း အဓမ္မခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ CDM မပါဝင်သူများ၊ စိတ်ဆန္ဒမရှိသူများကို အစိုးရသတင်းပေးအဖြစ် သတ်မှတ်၍ နည်းမျိုးစုံ အသက်အန္တရာယ်ရှိသည်အထိ ရန်ပြုနှောင့်ယှက်ခြင်းများအပြင် ရပ်ကွက်အတွင်း အများသုံးလမ်းများအတွင်း မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အမျိုးသမီးဝတ်ထဘီများအား ကြိုးတန်းချိတ်ဆွဲလျက် အဆိုပါထဘီတွင် ဗုဒ္ဓဘာသာထေရ်ကြီးဝါကြီး ရဟန်းတော်ကြီးများ၏ ဓာတ်ပုံများကို ယုတ်မာရိုင်းစိုင်းစွာ အောက်တန်းကျသည့် လုပ်ဆောင်မှုအဖြစ် ချိတ်ဆွဲထားသည့် အခြေအနေများကို ကာလအပိုင်းအခြားဖြင့် နှိုင်းယှဉ်ဆွေးနွေးပြီး ဖေဖော်ဝါရီ ၂၃ ရက်နောက်ပိုင်း မင်းမဲ့စရိုက်ဆန်သော အကြမ်းဖက်မှုများအား အဓိကရုဏ်းနှိမ်နင်းလူစုခွဲသည့် အဆင့်များအတိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

### အသိအမှတ်ပြု

ယင်းနောက် တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့်လည်း နိုင်ငံတော်၏ တာဝန်များကို တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပုဒ်မ ၄၁၇၊ ၄၁၈ အရ ခွင့်ပြုထားသည့် အချိန်ကာလ သတ်မှတ်ချက်အတွင်း ဆောင်ရွက်နေချိန်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တာဝန်ရှိမှုအခြေအနေများ၊ တပ်ဌာနချုပ်များ၏ လုံခြုံရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်မှုကို ရေပက်မဝင် စည်းစည်းလုံးလုံးဖြစ်နေစေရန် ဆောင်ရွက်ကြရမည့် အခြေအနေများ၊ NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေး၊ NCA လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်များအား NCA ၌ လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့် တပ်မိသားစုဝင်များအားလုံး မိမိတစ်ဦးချင်း၊ မိမိ မိသားစု၊ မိမိဆွေမျိုးအသိုင်းအဝိုင်းကြောင့် မိမိနေထိုင်ရာအဖွဲ့အစည်း၊ တပ်မတော်၊ နိုင်ငံတော်အား ထိခိုက်ပျက်စီးစေမည့် အပြုအမူများအား တမင်သိလျက်နှင့် ဖြစ်စေ၊ မသိလျက်နှင့်ဖြစ်စေ၊ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ၊ မလုပ်ဆောင်မိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန် အခြေအနေများ၊ တပ်မတော်နှင့် ညီနောင်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား သပ်လျှိုသွေးခွဲနေမှုအပေါ် သတိပြုလျက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ၊ နိုင်ငံတော်နှင့် တပ်မတော်အကြီးအကဲက တပ်မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုများအတွက် ထောက်ပံ့ပေးမှုအခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးတာဝန်များကို နေ့မအား ညမနား တာဝန်ထမ်းဆောင်နေကြမှုအပေါ် စာနာနားလည်မှုဖြင့် အသိအမှတ်ပြုသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

### လက်ဆောင်ပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များက ပြင်ဦးလွင်မြို့ နယ်မြေခံတပ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိသင်တန်းသားအရာရှိများ၊ သန္ဓေအရာရှိ စစ်သည်များနှင့် မိသားစုများအတွက် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲများသို့ တက်ရောက်လာသောသင်တန်းသား အရာရှိများ၊ သန္ဓေအရာရှိ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်လျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအား တစ်ဦးချင်းလိုက်လံတွေ့ဆုံကာ အားပေးစကားများပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၄**
ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများကို ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၄**
တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**နေရာအသီးသီး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ သီပေါမြို့နယ်နှင့် သိန္နီမြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ဟိုပုံးမြို့နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ရွှေမြို့၊ ဆိုက်ခေါင်မြို့၊ ကွန်ဟိန်းမြို့၊ မိုးနဲမြို့၊ မောက်မယ်မြို့၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့၊ မိုးဗြဲမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းခုတ်မြို့များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မှီခိုသူမိသားစုဝင်များအား အဆိုပါ ရဲတပ်ဖွဲ့မှူးရုံး၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နှင့် မိုးညိုများအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်နေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

## ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေးကြေညာ

**နေပြည်တော် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ Global Fashion အထည်ချုပ်စက်ရုံ၊ ဝေကြွယ်အထည်ချုပ်စက်ရုံ၊ ရွှေနဂါးဓာတ်မြေဩဇာစက်ရုံ၊ ယွမ်ဟောင်အထည်ချုပ်စက်ရုံ၊ စမ်းမာထက်အထည်ချုပ်စက်ရုံတို့အား မီးရှို့မှုဖြစ်ပွားခဲ့ပါသည်။ သက်ဆိုင်ရာ မီးသတ်စခန်းများက မီးငြိမ်းသတ်ရန်ဆောင်ရွက်သော်လည်း ဆန္ဒပြဆူပူလှုပ်ရှားသူများသည် မီးသတ်ယာဉ်များ မီးသတ်စခန်းများက ထွက်ခွာ၍မရအောင် အတားအဆီးများချထားခြင်း၊ လူအင်အား ၂၀၀၀ ကျော်ဖြင့် ပိတ်ဆို့တားဆီးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာ စက်မှုဇုန်(၂)ရှိ Myanmar Solo Moda အထည်ချုပ်စက်ရုံ၊ JCK အထည်ချုပ်စက်ရုံနှင့် အမှတ်(၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးဘေးရှိ အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း မီးလောင်မှုများ ဖြစ်ပွားခဲ့ပါသည်။ သက်ဆိုင်ရာ မီးသတ်စခန်းက မီးငြိမ်းသတ်ရန်ဆောင်ရွက်မှုကို ဆန္ဒပြဆူပူလှုပ်ရှားသူများက ပိတ်ဆို့တားဆီးခဲ့ကြပါသည်။ ယခင်နေ့များကလည်း အကြမ်းဖက်လိုသူများက အကြမ်းဖက်မှုများကို အလားတူ ဆောင်ရွက်ခဲ့ကြပါသည်။ သို့ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း စစ်အုပ်ချုပ်ရေး ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်လှစ်

**ဟိုင်းကြီးကျွန်း မတ် ၁၄**



မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁ ရက်မှ စတင်ကာ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲ အခမ်းအနားတွင် မြတ်မော်တင် ကမ်းခြေဒေသမှ ပင့်သံဃာတော် ၂၇ ပါးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ရှင်ဥပဂုတ္တဖောင်တော်အား ပင်လယ်ရေပြင်၌ ပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းနှင့် မြတ်မော်တင် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အခမ်းအနားကို မြတ်မော်တင်ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ သုဇာတ အရှင်မြတ်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအုန်းမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းကိုကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် ဒေဝဝင်း၊ ရာဇာဝင်းများနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တာဝန်ရှိသူများက မြတ်မော်တင်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး ဩဝါဒါစရိယ ဆရာတော်အရှင်မြတ်များက မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူခဲ့ကြသည်။

ဆက်လက်ပြီး ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပရာ ဆရာတော်အရှင်သူမြတ်များ ဦးဆောင်ပြီး တရားနာ ဒကာ ဒကာမ ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ရေစက်ချ အနုမောဒနာတရားနာကြားခဲ့ကြကြောင်း သိရသည်။

မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ကြိုတင်ကာကွယ်မှုများနှင့်အညီ ၁၅ ရက်အကျဉ်းချုံး ကျင်းပခြင်းဖြစ်ကြောင်း၊ တပေါင်းလဆန်း ၉ ရက်တွင် ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ် ပင့်သံဃာ ၂၇ ပါးတို့က တပေါင်းလပြည့်နေ့အထိ အသံမစဲ ပဋ္ဌာန်းမြတ်ဒေသနာတော်များအား ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး တပေါင်းလပြည့်နေ့တွင် ပဋ္ဌာန်းသိမ်း အောင်ပွဲနှင့် ဆရာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်များ လောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ**

❂ **ကျောဖုံးမှ**


ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရတနတ္တယပူဇာအရိယာသာဝိဂါထာ၊ ဘုရားဂုဏ်တော်ကိုးပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်နှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဘူမိဖသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ပလ္လင်အပိုင်း(၂)နှင့် အပိုင်း (၁/၂)အရန်တို့ကို နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်နှင့် မဟာလယ်တီစံဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍာဝုဓတို့က ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရားဒါယကာများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာအောင် ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖသမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း(၂)နှင့် အပိုင်း (၁/၂) အရန်တို့ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်တော်မူကြသည်။

ယနေ့ကြိုဆိုပင့်ဆောင်သည့် ဘူမိဖသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း(၂) အလေးချိန် ၆၅၅ တန်၊ အပိုင်း (၁/၂)အရန် အလေးချိန် ၃၁၅ တန်ရှိပြီး စတုတ္ထအကြိမ်အဖြစ် ကြိုဆိုပင့်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းများကို ဆက်လက်ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မတ် ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင်လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပင်လောင်းမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပင်လောင်း မတ် ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၂၁၈၅ ဒသမ ၇၈၁ သန်းဖြင့် မြေလမ်းသုံးမိုင်၊ ကျောက်လမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း တစ်မိုင်၊ ကွန်ကရစ်လမ်း တစ်မိုင်နှင့် ဆိုလာ ၆၉ လုံးတပ်ဆင်ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများအနက်မှ ပင်လောင်းမြို့နယ် ပေါင်းလောင်း-ပင်လောင်းလမ်းမကြီးမှ ရွာကြီးကျေးရွာသို့ ဆက်သွယ်သည့်လမ်း ၁၅ မိုင်အနက် ၁ မိုင် ၄ ဖာလုံကျောက်ခင်းခြင်းလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးတို့အတွက် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၎င်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပင်လောင်းမြို့နယ်ရှိ ကျေးရွာ ၁၆ ရွာ၊ အိမ်ထောင်စု ၁၂၄၆ စု၊ လူဦးရေ ၅၃၇၈ ဦးတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

❋ **ဆေးကုသရန်မှ**

တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားပါ

**မင်းပြည့်စုံ**

ကျင့်ဝတ်များသည် မိမိတို့လူ့လောကအတွင်း အချင်းချင်းသဟဇာတဖြစ်အောင်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်အောင်၊ အေးချမ်းသာယာသည့်နယ်မြေဖြစ်အောင် ဆောင်ကြဉ်းပေးရန် အတွက် အစဉ်အဆက်သော လူသားများက လူသားဘဝဖြစ်စဉ်များအပေါ်၊ သမိုင်းအပေါ် အခြေခံ၍ ထွက်ပေါ်ရှိနှင့်ပြီးသားဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ခိုင်မာစွာရပ်တည်နိုင်ရန်အတွက် ချမှတ်ထားသည့် လူ့လောကစည်းမျဉ်းစည်းကမ်းများလည်းဖြစ်ကြသည်။ ယင်းတို့ကို လူသားအားလုံးက လိုက်နာစောင့်ထိန်းကြပြီး သာယာသောလူ့ဘောင်လောကကို ဖန်တီးကြရမည်ဖြစ်ပါသည်။

**ဖွဲ့စည်းပုံ အခြေခံဥပဒေ**

မိမိတို့နိုင်ငံတွင်လည်း ယဉ်ကျေးမှုအရ၊ ဓလေ့ထုံးတမ်းအရ၊ ဘာသာတရားအရ ကျင့်ဝတ်များစွာရှိရာ မိဘသည် မိဘအလျောက်၊ သားသမီးသည် သားသမီးအလျောက်၊ဆရာသည် ဆရာအလျောက်၊ နာယကသည် နာယကအလျောက်၊ မိတ်ဆွေသည် မိတ်ဆွေအလျောက် ကျင့်ဝတ်များစွာရှိပါသည်။ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများအားလုံးအတွက် လိုက်နာရမည့် တာဝန်နှင့်ဝတ္တရားများ၊ စောင့်ထိန်းရမည့် စည်းမျဉ်းစည်းကမ်းများအားလုံးတို့ကို အချိန်ယူကာ ရေးဆွဲပြဋ္ဌာန်းထားသည့် အရာတစ်ခုရှိပါသည်။ ယင်းမှာ ၂၀၀၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားပြည်သူအပေါင်း၏ တူညီသောစိတ်စေတနာတို့ဖြင့် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ နိုင်ငံတော်အတွင်း လူမျိုးရေး တန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း အတည်ပြုပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို တိတိကျကျထည့်သွင်းရေးဆွဲထားခဲ့ပြီဖြစ်သည်ကို မြင်တွေ့ရပါသည်။ နိုင်ငံတော်သည် နိုင်ငံ၏နိုင်ငံသားတိုင်းကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဆိုသည်ကို ထည့်သွင်းရေးဆွဲထားခဲ့သည်။ ထို့အတူ အခန်း(၈)အတွင်း နိုင်ငံသားများ၏ တာဝန်များကိုလည်း တိကျစွာ ထည့်သွင်းဖော်ပြထားသည်ကို မြင်တွေ့ရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ၃၈၃ တွင် နိုင်ငံသားတိုင်းသည် အောက်ပါတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊

(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဟူ၍ ဖော်ပြထားပါသည်။

**နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်**

ထို့ပြင် နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိကြောင်းနှင့် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု အတိအလင်းဖော်ပြထားပါသည်။

အခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသားတိုင်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟူ၍လည်းကောင်း၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေး၊ ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တို့သည်လည်း နိုင်ငံသားများ၏ တာဝန်များပင်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံသားများအားလုံးသည်

(က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမြင့်မားလာစေရန် ကြိုးပမ်းခြင်း၊

(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကိုလည်း နိုင်ငံတော်အတွက် ကူညီပေးရန် တာဝန်ရှိပါသည်။

**တာဝန်ဝတ္တရားများ**

ယခုအခါ အများပြည်သူနိုင်ငံသားများအားလုံး လိုက်နာစောင့်ထိန်းရမည့် တာဝန်ဝတ္တရားများကို မေ့လျော့ခြင်းမရှိစေရန်အတွက် အထူးလိုအပ်နေချိန်လည်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်နေရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို ဆောင်ရွက်နေချိန်လည်း ဖြစ်ပါသည်။ ယခုအချိန်တွင် နိုင်ငံသားတိုင်းသည် မိမိတို့၏ တာဝန်များကို လိုက်နာခြင်းဖြင့် နိုင်ငံတော်ကို ကာကွယ်ကြရမည်ဟု ခံယူမိပါသည်။

နိုင်ငံသားအချင်းချင်း မသင့်မြတ်အောင်၊ ငြိမ်းချမ်းခြင်းမရှိဘဲ နိုင်ငံတော်အကျိုးစီးပွား ထိခိုက်ပျက်စီးအောင် ရည်ရွယ်လုပ်ဆောင်နေသူများကို ဖော်ထုတ်အရေးယူနေသည်ကိုလည်း မြင်တွေ့နေရပါသည်။ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးဖြစ်သော်လည်း ယင်းကို မလျော်မကန် အုပ်စုဖွဲ့၍ မငြိမ်းချမ်းအောင်၊ ဆူပူမှုဖြစ်ပွားအောင် ဆောင်ရွက်နေခြင်းတို့ကိုလည်း မြင်တွေ့နေရသည်ဖြစ်ရာ အမြန်ဆုံး ပြန်လည်ပြုပြင်ကြဖို့ လိုအပ်နေပြီ ဖြစ်ပါသည်။

ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးအတွက် အားထုတ်ကြရမည့်အစား လမ်းမှားသို့ ရောက်ရှိနေကြသည့် ပြည်သူများ၊ သူတစ်ပါး သွေးထိုးမြှောက်ပင့်မှုဖြင့် တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် ကြံရွယ်၍ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကို ဆောင်ရွက်နေခြင်းသည် နိုင်ငံသားများ၏ တာဝန်ကို မကျေပွန်ဖောက်ဖျက်ရာရောက်ပြီး သတိမမူဂူမမြင် ဖြစ်လာနေသည်ကို စိတ်မသက်သာဖွယ် မြင်တွေ့နေရပါသည်။

မိမိတို့နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေသည့်နိုင်ငံလည်းဖြစ်ပါသည်။ ဒီမိုကရေစီခရီးလမ်းသည် ချောမွေ့သည့် ပန်းခင်းလမ်းတော့ အမြဲတမ်းဖြစ်နိုင်မည်မဟုတ်ပါ။ အမှန်တရား၊ ပကတိအရှိတရားကို အခြေခံကာ လမ်းကြောင်းမတိမ်းမယိုင်စေရန်အတွက် မှန်ကန်သော ထိန်းသိမ်းကြပ်မတ်ခြင်းဖြင့်သာ လမ်းကြောင်းမှန်ဆီသို့ ပြန်လည်ရောက်ရှိလာစေမည် ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ဒီမိုကရေစီလျှောက်လှမ်းမှုတွင် အခက်အခဲများ ဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန်လိုအပ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာကာ တာဝန်ယူထားရခြင်းဖြစ်သည်ကိုလည်း အားလုံးသိရှိကြမည်ဖြစ်ရာ မိမိတာဝန်ကို ကျေပွန်ခြင်းဖြင့် အုပ်ချုပ်သူအစိုးရနှင့်အတူ ပူးပေါင်းရပ်တည်ကာ နိုင်ငံ့သားကောင်း သမီးကောင်းများအဖြစ် တာဝန်ကျေပွန်ကြစေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို တိတိကျကျ ထည့်သွင်းရေးဆွဲထားခဲ့ပြီးဖြစ်သည်ကို မြင်တွေ့ရပါသည်။ နိုင်ငံတော်သည် နိုင်ငံ၏နိုင်ငံသားတိုင်းကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဆိုသည်ကို ထည့်သွင်းရေးဆွဲထားခဲ့သည်။ ထို့အတူ အခန်း(၈)အတွင်း နိုင်ငံသားများ၏ တာဝန်များကိုလည်း တိကျစွာ ထည့်သွင်းဖော်ပြထားသည်ကို မြင်တွေ့ရ။**


**ယခုအခါ အများပြည်သူနိုင်ငံသားများအားလုံး လိုက်နာစောင့်ထိန်းရမည့် တာဝန်ဝတ္တရားများကို မေ့လျော့ခြင်းမရှိစေရန်အတွက် အထူးလိုအပ်နေချိန်လည်း ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်နေရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ၏အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များကို ဆောင်ရွက်နေချိန်လည်း ဖြစ်ပါသည်။ ယခုအချိန်တွင် နိုင်ငံသားတိုင်းသည် မိမိတို့၏ တာဝန်များကို လိုက်နာခြင်းဖြင့် နိုင်ငံတော်ကို ကာကွယ်ကြရမည်ဟု ခံယူမိ။**

# ၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

ဆက်လက်၍ **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ပုဒ်မ ၄၁၈ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖေဖော်ဝါရီလ ၂ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ ၉ ရက်၊ ၂၃ ရက်နှင့် ၂၆ ရက်စွဲပါ အမိန့်များဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ ဦးသိန်းစိုး၊ အဖွဲ့ဝင် ၁၄ ဦး၊ စုစုပေါင်း ၁၅ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန် ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ခဲ့ကြောင်း၊ ၎င်းတို့အနက် လုပ်ငန်းစဉ် ၁ ဖြစ်သည့် "ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်" နှင့် ရှေ့လုပ်ငန်းစဉ်၅ ဖြစ်သည့် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟူသော လုပ်ငန်းစဉ်နှစ်ရပ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုက်ရိုက်သက်ဆိုင်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်ချက်များကို အပိုင်း ၃ ပိုင်းခွဲ၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းအပိုင်း၊ ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းအပိုင်းနှင့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အပိုင်းတို့ ဖြစ်ကြောင်း၊ ပထမဦးစွာ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းအပိုင်းနှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်း စိစစ်ချက်များတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇၁၉၇၇၈၅ ဦးအနက် မဲမသမာမှု ပြုနိုင်/ဖြစ်နိုင်သည့် မဲစာရင်း ၁၀၄၈၂၁၁၆ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၂၈.၁၇ % တွေ့ရှိရသည်ကို အသေးစိတ်ထုတ်ပြန်ခဲ့ကြောင်း၊ ဖော်ပြပါစိစစ်ခဲ့သည့် မဲဆန္ဒရှင်စာရင်းသည် ဒုတိယအကြိမ် မဲစာရင်းကပ်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဖြန့်ဝေသည့်မဲစာရင်း PDF များကို အခြေခံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် မဲဆန္ဒရှင်စာရင်းစိစစ်တွေ့ရှိချက်များမှာ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနေ့တွင် အသုံးပြုခဲ့သော နောက်ဆုံးမဲစာရင်း(Soft Copy) များကို တောင်းခံရယူပြီးနောက် စိစစ်ထုတ်ပြန်သည့် စာရင်းဇယားများဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်မှ ၁၀ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၉ ခုရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်၊ မဲရုံပေါင်း ၃၁၂၈ ရုံကို စိစစ်ခဲ့ရာတွင် မြို့နယ်ကော်မရှင်စာရင်းအရ မဲဆန္ဒရှင် ၃၅၁၇၆၄၇ ဦးဖြစ်သော်လည်း လဝကစာရင်းအရ ၂၇၉၄၈၈၃ ဦးသာ ရှိသည်ကိုတွေ့ရကြောင်း၊ ၎င်းတို့အနက် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၃၉၈၄၄၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၂၆၃၄၅ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်သူ ၃၂၅၅၃၀ ဦးဖြစ်ကြောင်း၊ စိစစ်တွေ့ရှိချက်အရ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူစုစုပေါင်း ၇၅၀၃၁၉ ဦးရှိကြောင်း တွေ့ရှိရသဖြင့် ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ ၂၁.၃၃ % ဖြစ်ကြောင်း၊ ယခုစစ်ဆေးမှုမှာ တစ်မြို့နယ်ချင်း အလိုက် စစ်ဆေးတွေ့ရှိမှုများသာဖြစ်ပြီး မြို့နယ်တစ်မြို့နယ်နှင့် အခြား တစ်မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုနှင့် အခြားတစ်ခု စစ်ဆေးမှုဖြစ်သည့် (Cross Check)စစ်ဆေးမှုများပါ ပါဝင်ပါက ယခုထက်ပိုမိုများပြားနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါမြို့နယ် ၂၁ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများအပေါ် တပ်မတော်၏ စိစစ်ချက်များနှင့် ကော်မရှင်၏ စိစစ်ချက်များကို နှိုင်းယှဉ်ရာတွင် စိစစ်ရသည့် အခြေခံမဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ခြားနားချက်အချို့ ရှိခဲ့ပြီး ကော်မရှင်က စိစစ်တွေ့ရှိမှု အရေအတွက်က ပိုမိုများပြားလျက် ရှိကြောင်း၊ ခြားနားချက် ပေါင်းချုပ်အနေဖြင့် ကိုင်ဆောင်သည့်လက်မှတ် တစ်မျိုးမျိုး (မှတ်ပုံတင်)မရှိဘဲ မဲစာရင်းတွင်ပါဝင်သူ ၃၀၄၅၈ ဦး၊ တစ်ကြိမ်ထက် ပို၍ မဲစာရင်းတွင်ပါဝင်သူ (ထပ်နေသောမဲစာရင်း) ၁၄၂၃၈၁ ဦး ပိုမိုစိစစ်တွေ့ရှိရကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ခဲ့သော မြို့နယ်၂၁ မြို့နယ်အနက် တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့ကို စိစစ်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၅၉၄၂၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၈၃၉၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူ ၈၁၇၉၄ ဦး၊ စုစုပေါင်း ၁၄၉၆၁၂ ဦး၏ စာရင်းအသေးစိတ်ကို လက်တွေ့ကြည့်ရှုစစ်ဆေးနိုင်ရန် နမူနာအဖြစ် ခင်းကျင်းပြသထားပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်း စစ်ဆေးပြီး ထုတ်ပြန်မှု အခြေအနေများကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၁၀ ရက်အထိ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်ရှိ မဲရုံပေါင်း ၁၈၂၇ ရုံ၏ ဆန္ဒမဲလက်မှတ်များကိုပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဝန်ထမ်းများပါရှိသော ပူးပေါင်းအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဆေးမှုစာရင်းချုပ်အရ ထုတ်ယူရရှိသည့် မဲလက်မှတ်ပေါင်း ၂၄၉၂၄၂၃ စောင်၊ အသုံးပြုသည့် မဲလက်မှတ် ၁၇၃၈၃၃၃ စောင်၊ ကျန်ရမည့် မဲလက်မှတ် အရေအတွက် ၇၅၄၀၉၀ စောင် ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၀၆၄၈၆ စောင်သာရှိပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၇၇၀၈၅ စောင်နှင့် အပို ၂၉၄၈၁ စောင် ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့စစ်ဆေးရာ မြို့နယ်အချို့တွင် တွေ့ရှိရမှုအချို့ကို ထုတ်နုတ်တင်ပြမည် ဖြစ်ပါကြောင်း၊ တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု၊ မဲရုံနှစ်ရုံရှိ ကြိုတင်ဆန္ဒမဲလက်မှတ် လက်ကျန်မဲလက်မှတ် ၂ စောင်တွင် မဲဆန္ဒရှင် ဦးအောင်ကြည်၊ မဲစာရင်းအမှတ် ၁၇၇၃ နှင့် ဒေါ်ဂျမ်းတင်၊ မဲစာရင်း အမှတ် ၁၇၇၄ တို့က ဆန္ဒပြုတံဆိပ်တုံးရိုက်နှိပ်ပြီး လက်ဗွေနှိပ်ပြီးဖြစ်သော်လည်း မဲလက်မှတ်လက်ခံအတိုင်း ကျန်ရှိနေပြီး အခြားမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ထပ်မံမဲပေးထားသည်ကို တွေ့ရှိရကြောင်း၊ တင်ပြလိုသည့် အချက်မှာ မဲလက်မှတ်ကို မဲဆန္ဒရှင်ကထုတ်ယူပြီး ဆန္ဒပြု၍ စာအိတ်တွင်ထည့်ပြီးမှ မဲပုံးတွင် ထည့်ရန်ဖြစ်သော်လည်း မဲလက်မှတ်စာအုပ်တွင် ဆန္ဒပြုပြီး မဲလက်မှတ်လက်ကျန်များ တွေ့ရှိရသည်မှာ မဲမသမာမှုများ ဖြစ်နိုင်သည့်အခြေအနေ ဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့အပြင် စစ်ဆေးမှုစာရင်းချုပ်အရ မဲလက်မှတ် ၆၈၀၄ စောင် ပျောက်ဆုံးပြီး မဲလက်မှတ် ၄၈ စောင် အပိုစာရင်းအဖြစ် တွေ့ရှိရကြောင်း၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၇၀၂၃ စောင်နှင့် အပို ၄၁၂၅ စောင်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထူးခြားချက်မှာ ပျော်ဘွယ်မြို့နယ်တွင် မဲလက်မှတ်များ စစ်ဆေးနေစဉ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက်တွင် ဆိတ်ချိုကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်ဆွေက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ် တစ်အုပ်စီကို လည်းကောင်း၊ ၂၇ ရက်တွင် ဘုရားကြီး ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသူရ၊ **စာမျက်နှာ ၈ သို့ ❍**




မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

❍ စာမျက်နှာ ၇ မှ

အတွင်းရေးမှူး ဦးသန်းဦးတို့က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် အတွက် အသုံးမပြုရသေးသော မဲလက်မှတ်စာအုပ် ၄ အုပ်စီအား လည်းကောင်း၊ ပြည်သူ့လွှတ်တော်အတွက် အသုံးမပြုရသေးသော မဲလက်မှတ်များအား ဂျန်းတောင်ကျေးရွာအုပ်စုမှ ၁ အုပ်၊ ချောင်းမကြီးကျေးရွာအုပ်စုမှ ၄ အုပ် ၉ ရွက်၊ ဆည်ရွာလက်ပံကိုင်း ကျေးရွာအုပ်စုမှ ၂ အုပ် ၁၅ ရွက်နှင့် အမည်မမှတ်မိ ကျေးရွာအုပ်စုတို့မှ ၅ အုပ်တို့အား ပျော်ဘွယ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံသည်ကို တွေ့ရှိရကြောင်း၊ ဆိုလိုသည်မှာ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ အရ ကြိုတင်မဲလက်မှတ် လက်ကျန်များကို သက်ဆိုင်ရာမဲရုံများသို့ အပ်နှံပြီး မဲရုံပိတ်ချိန်တွင် အထုပ်တွင် ထည့်သွင်းချိပ်ပိတ်ရမည်ဖြစ်သော်လည်း ဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ တာမွေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးရာတွင် ထုတ်ယူရရှိ ၁၄၀၃၁၄ စောင်၊ အသုံးပြု ၇၈၇၅၈ စောင်၊ ကျန်ရမည့် မဲလက်မှတ် ၆၁၅၅၆ စောင် ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၅၈၀၄ စောင်ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၁၁၇၄၅ စောင်၊ အပို ၅၉၉၃ စောင်ဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထူးခြားချက်မှာ မဲရုံများတွင် ချိပ်ပိတ်သိမ်းဆည်းအပ်နှံပြီး နောက်ပိုင်းတွင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများ လက်ဝယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့်အသုံးပြုပြီး ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း ၁၅၃ စောင်နှင့် အသုံးမပြုရသေးသည့် မဲလက်မှတ် ၂၈၄၉ စောင်တို့ကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများက ထပ်မံလာရောက်အပ်နှံသဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် သီးခြားထိန်းသိမ်းထားသည့် မဲလက်မှတ်များအဖြစ် စိစစ်တွေ့ရှိရပြီး သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ အမရပူရမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးရာတွင် ကျန်တန်းရပ်ကွက်၊ မဲရုံအမှတ်(၁)၏ ပြည်သူ့လွှတ်တော် မဲလက်မှတ်များ ရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် မဲလက်မှတ် ၄၂၃၁ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရပြီး ၎င်းပျောက်ဆုံး ပြည်သူ့လွှတ်တော်မဲလက်မှတ်အစား အမျိုးသားလွှတ်တော်မဲလက်မှတ်များ ထည့်သွင်းတွက်ချက်ပါက ပျောက်ဆုံးမဲလက်မှတ် ၂၀၈၁ စောင်ဖြစ်သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

**တွေ့ဆုံဆွေးနွေး**

ဆက်လက်တင်ပြလိုသည့် အပိုင်းကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် နိုင်ငံရေးပါတီ ၅၃ ပါတီနှင့် တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ၎င်းအစည်းအဝေးမှ ဆုံးဖြတ်ချက် ၇ ချက် ချမှတ်နိုင်ခဲ့ပြီး ပြည်တွင်းရွှေ့ပြောင်းလုပ်သားများ မဲပေးမှု တရားမျှတမှုရှိရေး ဥပဒေမူဘောင်ကိစ္စ၊ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးရေးကိစ္စ၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စ၊ မဲစာရင်းစစ်ဆေးမှု ထုတ်ပြန်ချက်များကိစ္စ၊ မဲစာရင်းပြုစုရာတွင် နိုင်ငံရေးပါတီများ၊ ကွန်ပျူတာပညာရှင်များ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ထားရှိရေး၊ ပါတီများနှင့် နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်တွေ့ဆုံရေး အပါအဝင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိသော စာရင်းဇယားများအရ သက်ဆိုင်ရာရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားထားသော အမှုပေါင်း ၅၄၆ မှုရှိကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ စိစစ်တင်ပြချက်များအရ ၅၁၃ မှု ရှိကြောင်း၊ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာ အမှုပေါင်း၂၈၇ မှု ရှိပြီး မဲဆန္ဒရှင်များက တင်ပြသည့်အမှု ၉၄ မှုနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြသည့်အမှု ၁၉၃ မှုတို့ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော တရားမဲ့ပြုကျင့်မှုများ၊ မသမာမှုများကို တိုင်ကြားနိုင်ကြောင်း ထုတ်ပြန်ချက်အရ ဆက်လက်တိုင်ကြားမှုများလည်းရှိကြောင်း၊ လပွတ္တာမြို့နယ်၊ ညောင်လိန်ကျေးရွာတွင် ဖြစ်ပွားခဲ့သော ကြိုတင်ဆန္ဒမဲလက်မှတ်များ မီးရှို့သည့်ဖြစ်စဉ်တွင် တာဝန်ရှိသည့်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအားလည်းကောင်း၊ မတ္တရာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ထိန်းသိမ်းထားသော မဲလက်မှတ်စာရင်းများ စစ်ဆေးချက်အရ မဲဆန္ဒရှင် ၆ ဦးက နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် နှစ်ကြိမ်မဲပေးကြောင်း စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ အမှုဖွင့်အရေးယူရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစီးသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝန်ထမ်းများသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်း၊ ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မေးမြန်းလိုသည့်မေးခွန်းများကို မီဒီယာတစ်ခုလျှင် နှစ်ခုနှုန်းဖြင့် မေးမြန်းပေးပါရန် ပြောကြားသည်။

ပထမဦးစွာ **ထာဝရငြိမ်းချမ်းရေး သတင်းကွန်ရက်သတင်းဌာနမှ သတင်းထောက် ဦးဥက္ကာ**က လက်ရှိဖွဲ့စည်းထားသည့် UEC အနေဖြင့် ယခုလို မဲစာရင်းတွေ စိစစ်ဖော်ထုတ်ပြီးသည့်အခါမှာ ပြစ်မှုထင်ရှားနေသည်ကို တွေ့ရှိရပါကြောင်း၊ အရေးယူဆောင်ရွက်သွားမယ်လို့လည်း သိရပါကြောင်း၊ အရေးယူဆောင်ရွက်မှုအပိုင်းက အချိန်မည်မျှကြာနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အရေးယူဆောင်ရွက်မှု အပိုင်းတွင် ရွေးကောက်ပွဲဥပဒေပါ အခန်း(၁၃)အရ ရဲအရေးပိုင်သည့် အမှုဖြစ်ခြင်းကြောင့် ရဲစခန်းကို တိုင်ကြားရပါကြောင်း၊ ရဲစခန်းက အမှုဖွင့်ပြီးမှသာ စုံစမ်းစစ်ဆေးမှုများ ဆက်လုပ်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက စာရင်းဇယားများ တောင်းခံပြီး တချို့အမှုများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အချို့အမှုများကို စိစစ်ဆဲဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များအနေဖြင့် မည်သည့်အချိန်ပြီးပြတ်မည်ကို မသိရှိနိုင်သေးကြောင်း၊ အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာနေရှင်နယ်ပို့စ် သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အသစ်အနေဖြင့် မဲမသမာမှုအခြေအနေများ ထုတ်ပြန်လျက်ရှိပြီး တပ်မတော်အစိုးရ၏ ယခင်ကထုတ်ပြန်ခဲ့သည့် မဲမသမာမှုများကို လက်မခံဘဲ ပြည်သူလူထုကလည်း ဆန္ဒပြနေကြောင်း၊ မဲမသမာမှုကို သံသယဖြစ်နေသည့် ပြည်သူလူထုကို ဆရာအနေဖြင့် မည်ကဲ့သို့ message သတင်းစကားပေးလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က စိစစ်တွေ့ရှိချက်များကို သက်သေအဖြစ် ပြသနိုင်ကြောင်း၊ မဲစာရင်းများနှင့် မဲလက်မှတ်များသည် အမှန်တကယ်တွေ့ရှိရသည့် ဖြစ်စဉ်အမှန်များဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်များကိုလည်း ယုံကြည်စေချင်ပါကြောင်း၊ လာရောက်၍ လေ့လာနိုင်ပါကြောင်း၊ တိတိကျကျ သေသေချာချာ ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**Skynet သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အသစ်အနေဖြင့် မဲစာရင်းများကို စိစစ်ထားပြီး ထုတ်ပြန်ထားခြင်းများ တွေ့ရှိရပါကြောင်း၊ UN၊ အာဆီယံနှင့် ဘက်မလိုက်သော အဖွဲ့အစည်းများ ဖိတ်ခေါ်ပြီး မဲစာရင်းများကို စိစစ်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါသလားဟု မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ဘက်မလိုက်သော အဖွဲ့အစည်းများဖြင့် စစ်ဆေးခံရန် လက်တလော အစီအစဉ်မရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဥပဒေ ပုဒ်မ-၅၃ အရအငြင်းပွားဖွယ်၊ ပြဿနာဖြစ်ဖွယ်ရာ စာရင်းဇယားများကို တောင်းယူပြီး ကြည့်ရှုစစ်ဆေးနိုင်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်ပြီး လိုအပ်သလို ဆုံးဖြတ်နိုင်ကြောင်း၊ ယခု UEC မှာလည်း အများယုံကြည်ရသော ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများလည်းပါဝင်ပြီး အားလုံးပူးပေါင်းထားသည့် အဖွဲ့အစည်းဖြစ်သဖြင့် လုံလောက်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Skynet သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က UEC အသစ်အနေဖြင့် မဲစာရင်းများကို မြို့နယ်အလိုက် ရပ်ကွက်တစ်ခုလျှင် ၁ ဦး သို့မဟုတ် ၂ ဦး၊ မြို့နယ်အလိုက် ၁၀ ရပ်ကွက် ၂၀ ဦး ဖွဲ့စည်းပြီး မြို့နယ်အလိုက် မဲစာရင်းများကိုကပ်ပြီး ပြည်သူလူထုက မျက်မြင်ကြည့်ရှုပြီး မဲစာရင်းမရှင်းလင်းခြင်းများကို မေးမြန်းမည်ဆိုပါက ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က စိစစ်ထားသည့်မဲစာရင်း ဇယားအသေးစိတ် မိမိတို့တွင် ရှိပါကြောင်း၊ လတ်တလော မေးမြန်းလာပါက ဖြေကြားနိုင်ပါကြောင်း၊ မြို့နယ်အလိုက် မဲစာရင်းများကို စိစစ်ပြီးပါက မဲစာရင်းများကိုဖြန့်ဝေပြီး မြို့နယ်အလိုက် ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



ပျော်ဘွယ်မြို့နယ်မှ မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ ပြသထားစဉ်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ရွေးကောက်ပွဲစနစ်ပြောင်းလဲမည့်ကိစ္စသည် PR စနစ်ကို အသုံးပြုသွားမည် ဟုတ်/မဟုတ် သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ ရွေးကောက်ပွဲစနစ် တစ်ခုဖြစ်သည့် PR စနစ်(အချိုးကျကိုယ်စားပြုစနစ်)ကို သင့်လျော်သည့်လွှတ်တော်ရွေးကောက်ပွဲများတွင် အသုံးပြုသင့်သည်ကို အကြံပြုချက်များရှိကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး အချိန်လိုအပ်သလို ဥပဒေဘောင်အရလည်း လိုအပ်မည်ဖြစ်ကြောင်း၊ ဒါပေမယ့် ပြင်ဆင်မှုလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း လုပ်နိုင်ခြေရှိ၊ မရှိဆောင်ရွက်နိုင်မည့် အနေအထားကို သုံးသပ်နိုင်ဖို့အတွက် ပါတီများကိုလည်း စာတမ်းများ ပြုစုခိုင်းထားကြောင်း၊ စာတမ်းများပြုစုပြီးပါက နောက်တစ်ကြိမ်တွေ့ဆုံပြီး ဆွေးနွေးနိုင်အောင် စီစဉ်ထားပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် PR စနစ်နှင့်ပတ်သက်၍ ဖြစ်နိုင်ခြေကို လေ့လာသုံးသပ်နေပါကြောင်း၊ မိမိတို့အနေနှင့် ဆောင်ရွက်နေမှုအခြေအနေကိုသာ ပြောနိုင်ပါကြောင်း၊ ဆောင်ရွက်ဖြစ်၊ မဖြစ်ကို လက်ရှိအခြေအနေအရ မပြောနိုင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က တကယ်လို့ ရွေးကောက်ပွဲပြန်လည်ကျင်းပဖြစ်ရင် ဒီစနစ်ကိုကျင့်သုံးမယ်လို့ ဆုံးဖြတ်ထားပါသလား သိလိုကြောင်း မေးမြန်းသည်။

ဆက်လက်၍ **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ကျွန်တော်တို့ အဲ့လိုတော့ မဆုံးဖြတ်ရသေးပါဘူးဟု ဖြေကြားသည်။

**People Media သတင်းဌာနမှ သတင်းထောက် ဦးပြည့်ဖြိုးအောင်**က ပထမတစ်ခုမေးချင်တာက၊ လွှတ်တော်သက်တမ်းနှစ်ခုမှာ ကြန့်ကြာနေသော ရေးဆွဲပြီးသားဖြစ်သော Right to Recall Law ကို ခုအချိန်အထိ မပြဋ္ဌာန်းနိုင်ဘူး။ ဒါနဲ့ပတ်သက်ပြီး UEC အနေနဲ့ရော ဘယ်လိုဆက်လုပ်သွားဖို့အစီအစဉ်ရှိလဲ၊ တကယ်လို့ PR စနစ်ကျင့်သုံး Right to Recall Law ဥပဒေအရ ရှိမှကိုဖြစ်မယ့် ဥပဒေတစ်ရပ်ဖြစ်နေတော့ ဒါနဲ့ပတ်သက်လို့ UEC အနေနဲ့ ဘယ်လိုသဘောထားရှိပါလဲ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က Right to Recall Law က လွှတ်တော်ကို ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ လွှတ်တော်တွင် ဆွေးနွေးပြီးကာမှ ဆုံးဖြတ်ရမည့် အစီအစဉ်များကို ဆောင်ရွက်နိုင်စေချင်တာ ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် လွှတ်တော်ကတည်းက ပို့ပြီးသားဖြစ်ပါကြောင်း၊ လိုအပ်ရင် ပြဋ္ဌာန်းနိုင်ခြင်းကိစ္စကို ဆက်လက်ပြီး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၉ သို့ ❒

❐ စာမျက်နှာ ၈ မှ

**People Media သတင်းဌာနမှ သတင်းထောက် ဦးပြည့်ဖြိုးအောင်**က PR စနစ်က ပြီးခဲ့တဲ့ပထမအကြိမ်လွှတ်တော် သက်တမ်းမှာကတည်းက လေ့လာမှု မှတ်တမ်းတွေရှိသည့်အတွက် အခါဒါနဲ့ ပတ်သက်လို့ ဆရာတို့အနေနဲ့ တကယ် တမ်း ကျင့်သုံးမယ်ဆိုရင် ကျင့်သုံးနိုင်မယ့် အခြေအနေတစ်ရပ်ရှိတယ်၊ တချို့တွေ သုတေသနစာတမ်းတွေနဲ့ ရွေးကောက်ပွဲ ကော်မရှင်ကို ပို့ထားတာ ရှိတယ်လို့ ကြားသိရတဲ့အခါကြတော့ ဒါနဲ့ပတ်သက် လို့ ဘာမှတ်ချက်ပေးလို့ရမလဲ သိချင် ကြောင်း မေးမြန်းသည်။

ဆက်လက်၍ **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က PR စနစ်နဲ့ပတ်သက်၍ မည်သည့်လွှတ်တော်တွင် ကျင့်သုံးလျှင် သင့်တော်မလဲ၊ PR စနစ် အမျိုးမျိုးရှိသဖြင့် မည်သည့် PR စနစ်ကို ကျင့်သုံးမလဲ၊ ယခင်မှတ်တမ်းတွေရှိပါကြောင်း၊ သို့သော် လည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနှင့် ပါတီများနှင့် တွေ့ဆုံ ဆွေးနွေးသည့်အခါ၌ ဆွေးနွေးဖို့ရှိပါ ကြောင်း၊ သို့သော် ပထမဦးစားပေးအနေ နှင့် မဲစာရင်းများစစ်ဆေးခြင်း၊ မြေပြင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက် နေသည့်အတွက် တစ်ခါတည်း အပြတ် မပြောနိုင်သေးပါကြောင်း ပြန်လည် ဖြေကြားသည်။

**ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် ဦးနေလင်း**က UEC အနေနှင့် ဗဟိုမှာ ဖွဲ့စည်းထားတာမှန်ပါတယ်၊ ဒီကနေ့ UEC ဗဟိုကရှင်းလင်းတဲ့ ရှင်းလင်းချက်တွေမှာ သတင်းစာတွေမှာရော၊ ခုလိုသတင်းစာ ရှင်းလင်းပွဲတွေမှာရော ပါပါတယ်၊ ဒါပေမယ့် အောက်ခြေမှာ မသိပါဘူး၊ အဲ့တော့ UEC အနေနှင့် မြို့နယ်ကျေးရွာ၊ ရပ်ကျေး၊ ရွေးကောက်ပွဲကော်မရှင်အသစ် တွေ ဖွဲ့စည်းဖို့အစီအစဉ်ရှိပါသလား သိလို ကြောင်း မေးမြန်းသည်။

**ဖွဲ့စည်းဆောင်ရွက်သွားမည်**

**ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့် ဆင့်ကို အသစ်ဖွဲ့စည်းရန် ရည်မှန်းချက် တွေရှိပါကြောင်း၊ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများလည်း ဆောင်ရွက်ရန်ရှိပါ ကြောင်း၊ မဲစာရင်း စိစစ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသဖြင့် ပြီးပါက လိုအပ်သလိုဆက်ပြီး ဖွဲ့စည်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြား သည်။





ရမည်းသင်းမြို့နယ်မှ မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ ပြသထားစဉ်။

**သေနင်္ဂမဟာဗျူဟာ လေ့လာရေး အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးသိန်းထွန်း ဦး**က ပြီးခဲ့တဲ့ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲမှာ မဲစာရင်းမှားယွင်းမှု အရမ်းများနေတဲ့အတွက်ကြောင့် ဒီလို မဲစာရင်းမှားယွင်းမှုတွေဖြစ်ခဲ့တဲ့ အဓိက အကြောင်းအရင်းတွေ၊ နစက က နောင်တစ်ချိန်မှာ ပြန်လည်ကျင်းပပေး မယ့် ရွေးကောက်ပွဲမှာ ခုလိုမျိုးမှားယွင်းမှု တွေကို ရှောင်ရှားပြီးတော့ အကောင်းဆုံး ဖြစ်သွားနိုင်အောင် ဘယ်လိုဆောင်ရွက် မလဲဆိုတာမေးလိုပါကြောင်း မေးမြန်း သည်။

**မှားယွင်းမှု တော်တော်များ**

**ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပထမ ပိုင်း ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း မဲစာရင်းမှားယွင်းမှု တော်တော်များတာ ကိုတွေ့ရပါကြောင်း၊ ဒီလိုဖြစ်ခဲ့သည့် အကြောင်းအရင်းများကို လေ့လာသည့် အခါတွင် အကြောင်းများက အများကြီး တွေ့ရပါကြောင်း၊ သို့သော်လည်း အကျဉ်း ချုပ်ပြီး တင်ပြရမည်ဆိုပါက အခြေခံ မဲစာရင်းများ ကောက်ယူပါကြောင်း၊ ကောက်သည့်အခြေအနေတွင် UEC နှင့် တခြားသက်ဆိုင်သည့်အဖွဲ့အစည်းများ၊ ရပ်/ကျေး၊ ထွေအုပ်နှင့် လဝကတို့ ပူးပေါင်း ဆောင်ရွက်ရတာရှိပါကြောင်း၊ ဆောင်ရွက် သည့်လုပ်ငန်းစဉ် တစ်စုံတစ်ရာ အားနည်း ချက်များရှိပါကြောင်း၊ စာရင်းကောက် သည့်အခါတွင် (ရှိ၊ ကောက်) ရှိသည့်လူကို ကောက်သည်ဆိုသော စနစ်နှင့်လုပ်ခဲ့ပါ ကြောင်း၊ နောက်ပြီး မရှိသည့်သူများကို မှတ်ထားပြီး နောက်တစ်ကြိမ် ထပ်ကောက် ရာတွင် စိုးရိမ်မှုတွေလွန်ကဲပြီး ရှိသည့် လူတွေကိုပါ ထပ်ကောက်ပါကြောင်း၊ အိမ်ထောင်စုစာရင်း ၆၆/၆ အရ ရှိသည့် သူတွေကို ထည့်လိုက်သည့်အခါမှာ မဲစာရင်းတွေက ပိုပြီးတော့ပွားသွားတာ ဖြစ်ပါကြောင်း၊ နောက်တစ်ခါနေအိမ်မှာ ရှိသည့်သူတွေက ပြောတာကို စာရင်း ဇယား အခြေမခံဘဲ ကောက်သည့်အတွက် အရေအတွက်များ၊ ကိန်းဂဏန်းများ တော်တော်မှားပါကြောင်း၊ ပထမအကြိမ် မဲစာရင်း ကပ်သည့်အခါတွင် အရေအတွက် တော်တော်မှားပါကြောင်း၊ ရှိသည့်သူကို ကောက်သည် ဆိုသောစနစ်ဖြင့် လုပ်ခဲ့မှု ကြောင့်ဖြစ်ကြောင်း၊ နောက်မရှိသည့်သူ ကို မှတ်ထားခြင်းဖြစ်ကြောင်း၊ ပြီးမှသူတို့ ကို စာရင်းမှာပါအောင် လုပ်ရပါကြောင်း၊ ပုံစံ ၆၆ ရှိသည့်သူများကို ထပ်ကောက် သည့်အခါမှာ မဲစာရင်းများကို ပိုပြီးတော့ အဆမတန် ပွားလာခြင်းဖြစ်ပါကြောင်း၊ နယ်များတွင်ရှိသည့်သူများကို စာရင်း ဇယားအခြေမခံဘဲ ကောက်သည့်အတွက် အရေအတွက်၊ ကိန်းဂဏန်းများ တော်တော် မှားပါကြောင်း၊ ပထမအကြိမ် မဲစာရင်း ကပ်သည့်အခါတွင် မဲစာရင်းများ မှားယွင်း မှုရှိသည့်အတွက် ပြည်ထောင်စုအစိုးရက အဖွဲ့တစ်ဖွဲ့ ဖွဲ့ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ သည် အဖွဲ့ခေါင်းဆောင်၊ အများအားဖြင့် လူမှုရေးဝန်ကြီးများက အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်ဥက္ကဋ္ဌက အဖွဲ့ဝင်၊ ထွေအုပ် အကြီးအကဲ၊ လဝကအကြီးအကဲများနှင့် မဲစာရင်းများကို မှန်ကန်ရန်အတွက် အဖွဲ့ဖွဲ့ပြီး တာဝန်ပေးလိုက်ပါကြောင်း၊ အဆိုပါအဖွဲ့ကလည်း မဲစာရင်းများကို မှန်ကန်အောင် ထပ်ထည့်ရန်လိုသည်ဟု စာရင်းများပေးပို့ပါကြောင်း၊ ထို့ကြောင့် ထပ်ထည့်လိုက်သည့်အခါ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်လို့ ပွားတယ်လို့ နောက်ပိုင်းတွင် စစ်ဆေးတွေ့ရှိရ ကြောင်း၊ ဒါဟာ အစုလိုက်အပြုံလိုက် ကြံစည်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ခရိုင်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲများက ၇ ရက်အတွင်း မှာ ဖြည့်စွက်ပြီး မဲစာရင်းများ ထည့်ပေး ခွင့်ရှိသည်ဟု ရှိပါကြောင်း၊ ၎င်းအခွင့် အရေးရပြီး တကယ့်မဲဆန္ဒရှင် ဆန္ဒမဲပေး ပိုင်ခွင့်မဆုံးရှုံးစေရန်ဆိုပြီး ထည့်ခိုင်းထား သည်များပါကြောင်း၊ ထို့ကြောင့် မဲလက်မှတ်များ မလုံလောက်ဘဲ ထပ်ရိုက် ရသည်များ ရှိခဲ့ကြောင်း၊ ဒါတွေကြောင့် မဲစာရင်းများပိုပြီး မှားယွင်းပြီး ပိုပြီး ထပ်ရခြင်းဖြစ်ကြောင်း၊ Covid-19 ရောဂါ ကြောင့် ဖြေလျှော့ဆောင်ရွက်မှုများ ရှိကြောင်း၊ ရက် ၉၀ ထက်မနည်း မဲဆန္ဒ ပြင်ပရောက်ရှိသူသည် ပုံစံ(က)နှင့် လျှောက်ရပါကြောင်း၊ ၃(က)ဖြင့် သက်ဆိုင်ရာ မဲစာရင်းကို ထည့်သွင်း သည့်အခါတွင် ၃(ခ)ဖြင့် သက်ဆိုင်ရာ မဲစာရင်းကိုဖြည့်ရကြောင်း၊ ဒါတွေကို အချိန်မီ မဆောင်ရွက်သည့်အခါတွင် လျှောက်သည့်နေရာတွင်လည်းပါကြောင်း၊ မူလနေရာတွင်လည်း မဖြတ်ထားခြင်း ကြောင့် မဲစာရင်းများထပ်နေကြောင်း၊ အကြောင်းအချင်းအရာ အများကြီးဖြစ် ကြောင်း၊ နောင်တွင် မဲစာရင်းများ ဖောင်းပွ မှုမရှိစေရန်အတွက် ပါတီများနှင့်တွေ့သည့် အခါတွင်လည်း ဆွေးနွေးခဲ့ပါကြောင်း၊ မဲစာရင်းမမှားအောင် ဘယ်လိုလုပ်မလဲ၊ အဲလိုလုပ်သည့်အခါမှာ မှတ်ပုံတင်ရှိသည့် သူသာ မဲပေးလို့ရအောင်၊ မှတ်ပုံတင်ရရှိ အောင်၊ အိမ်ထောင်စုစာရင်းရရှိအောင်၊ အိမ်ထောင်စုမရှိဘဲနှင့် ရက် ၉၀ တို့ ရက် ၁၉၀ တို့နှင့် ပေးလိုက်သည့်အခါတွင် လည်း ထပ်တာတွေရှိ ကြောင်း၊ ဒီဥပဒေ ကိုလည်း လိုအပ်လျှင် ပြင်ဆင်ဖို့ ဆွေးနွေး ခဲ့တာရှိကြောင်း၊ နောက် မဲစာရင်း ထည့်သည့်အခါ အိမ်ထောင်စုပုံစံ(၆၆/၆) တွင် ထည့်ပြီးမှသာ မဲစာရင်းမှာထည့်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ အကောင်းဆုံး နည်းလမ်းနှင့် အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်သွားဦးမည် ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

**ထာဝရငြိမ်းချမ်းရေး သတင်း ကွန်ရက်မှ သတင်းထောက် ဦးဥက္ကာ**က ထုတ်ပြန်ကြေညာချက်များနှင့် ပတ်သက် ပြီး ပြည်သူလူထုက ပြောနေသည်မှာ ပြီးခဲ့ သည့် UEC အဟောင်းကလူများကို ဖမ်းထားပြီး အတင်းအကြပ် ထွက်ဆိုခိုင်း မှုများရှိသည်ဟု ပြောဆိုမှုများရှိကြောင်း၊ ထိုအပေါ်တွင် မည်သို့ရှင်းပြပေးနိုင်မည် လည်း မေးမြန်းသည်။

**ရှင်းလင်းတင်ပြ**

**ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ထိုကိစ္စနှင့်ပတ်သက်ပြီး မဟုတ်ပါ ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် စစ်ဆေး ရာတွင် တချို့ UEC အဖွဲ့ဝင်ဟောင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ရုံးအဆင့် ဆင့်က ရုံးဝန်ထမ်းများကို လိုအပ်ချက်အရ ခေါ်ယူပြီး မေးမြန်းစစ်ဆေးမှုများရှိ ကြောင်း၊ ရိပ်သာများတွင် ကောင်းကောင်း မွန်မွန်ထားရှိ စစ်ဆေးတာဖြစ်ပါကြောင်း၊ အပြောင်းအလဲများ၊ ပြဿနာများရှိမည် စိုး၍မဲစာရင်းများ ကိုင်တွယ်ခဲ့သူများဖြစ်၍ ခေါ်ယူစစ်ဆေးတာဖြစ်ကြောင်း၊ သွားစစ် သည့် အချိန်မှာ အားလုံးကိုခေါ်ပြီး အတူတူ စစ်ဆေးခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ မှတ်တမ်းမှတ်ရာများတွင် အားလုံး လက်မှတ်ထိုးထားကြောင်း၊ အားလုံး ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည့်အကြောင်းကို သက်သေ အထောက်အထားများကအစ ပြည့်ပြည့် စုံစုံရှိကြောင်း ရှင်းလင်းဖြေကြား သည်။

ဆက်လက်၍ **ထာဝရငြိမ်းချမ်းရေး သတင်းကွန်ရက်မှ သတင်းထောက် ဦးဥက္ကာ**က ရရှိလာသည့် သက်သေ အထောက်အထားများကို လိုအပ်လာပါ က ထုတ်ပြပေးနိုင်သည့် အစီအစဉ်မျိုး ရှိပါသလားမေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မိမိ တို့တွင် မှတ်တမ်းမှတ်ရာ အပြည့်အစုံရှိ ပါကြောင်းဖြင့် ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

## ကိုယ်တိုင်သည်ပင် ကိုယ့်သခင်

❖ ကိုယ့်ခွန်ကိုယ့်အား၊ ယုံကြည်ထားလျက်
ကိုယ့်အားကိုယ်ကိုး ၊ ကိုယ်တိုင်ကြိုး၍
ကိုယ်ကျိုးမြားမြောင် ကိုယ်တိုင်အောင်မြင်
ကိုယ်သခင်ပါ၊ အစဉ်သာစွဲ
မှတ်ယူမြဲမှု၊ လုံ့လပြုက
အောင်ပွဲခညောင်း မြတ်အကြောင်းတည့်။
❖ ကိုယ်ပြုသည့်ကံ၊ ကိုယ့်၏ထံသို့
မချို့ဆိုက်ရောက်၊ ခရီးပေါက်မို့
ဤသို့ထိုသို့၊ လူတို့အမှု
မြတ်ဆုကုသိုလ်၊ ပြုလိုရာရာ
စေတနာကောင်း၊ လုပ်ဆောင်ကြောင်းတို့
ညွှတ်ပျောင်းရှယ်ရည်၊ ရှိအပ်သည်တည့်။
❖ ကိုယ်တိုင် စိုက်ပျိုး၊ အထွက်တိုးရန်
ကိုယ့်ကံကိုယ်မြင့်၊ ကိုယ်ကျင့်သီလ
ဒါနဘာဝနာ၊ စေတနာကံ
ရည်သန်စိတ်ထား၊ မေတ္တာပွားမှ
ပစ္စက္ခနှင့် ဘဝသံသရာ
နှစ်ဖြာအကျိုး၊ ဆပိုးတိုးတက်
ကျိုးမြတ်ထွက်ကြောင်း၊ သိဖို့ကောင်း၏။
❖ သြော်....
ကိုယ်သာမူလ၊ ပဓာနပါ
ကိုယ်သာဉာဏ်ဖြင့်၊ မချိန်ချင့်ဘဲ
တလွဲသွေးဆောင် ဖျားယောင်းမှောင်ကြား
ရေလိုက်မှားက၊ နောင်မှနောင်တ
ရှောင်မရဘဲ၊ လှိုက်လှဲခံစား၊
ကိုယ်တစ်ပါးတည်း၊ အဖော်ကွဲ၏။
❖ အို...
ကိုယ့်ဘဝလမ်း၊ ကိုယ်တိုင်လှမ်းလျှောက်
ဘယ်သူခြောက်စေ၊ မလွဲသွေသင့်
ကိုယ်ကျင့်မူလ၊ ပဓာနမို့
ကိုယ်မှတစ်ပါး၊ တခြားကိုမျှော်
ကူဖော်ကယ်နိုး၊ မယုံကိုးဘဲ
ခိုင်မြဲလှုပ်ရှား၊ လုပ်အားပေးလှူ
ကြည်ဖြူရွှင်လန်း၊ တာဝန်ထမ်းကြ
ဘဝအောင်ပွဲ၊ ကိုယ်တိုင်နွှဲ က
ချမ်းမြကမ္ဘာ၊ လမ်းခွင့်သာမည်
သင်သည်သာလျှင် သင့်သခင်။
ကိုယ်တိုင်သိမြင် သတိဝင်။
ချိန်မနှောင်းခင် စိတ်ကောင်းပြင်။

ကျော်စွာမိုးနိုင်

# နှလုံးသားတွေ နွေးထွေးစေလိုပါတယ်

ကနောင်

ပြီးခဲ့တဲ့ရက်ပိုင်းက ဆန္ဒပြသူတွေကိုဝေတဲ့ ကြာဆံကြော်စားမိရင်း အော့အန်မူးဝေတာ ဖြစ်ကြတယ်ဆိုပြီး ကြားမိတယ်။ ရေသန့်ဘူး ပေးဝေကြသူတွေကိုလည်း ရေသန့်ထဲမှာ ဆေးခပ်ထားတယ်ဆိုပြီး ကောလာဟလသတင်းတွေ ကြားသိရတယ်။ စေတနာရှင်တွေလည်း အစားအစာဝေရမှာတောင် အားငယ်လာကြရသလို ရပ်ကွက်ထဲမှာ လည်း တစ်ဦးနဲ့တစ်ဦး မယုံကြရဘူး။ ဒလန်တွေ၊ သတင်းပေးတွေ စသည်ဖြင့် အော်ဟစ်ကြိမ်းမောင်း တောထုတ်တာမျိုးတွေ ဖြစ်လာ တယ်။ ရပ်ကွက်ထိပ်တွေမှာ လူစုလူဝေးဖြစ်လာတဲ့အခါ ရပ်ကွက် ထဲက အိမ်တွေကို လမ်းထိပ်မထွက်လို့ဆိုပြီး တစ်အိမ်တစ်ယောက် ထွက်လာဖို့ ဆော်ဩသံတွေကြားမိတယ်။ တိုင်းပြည်မတည်ငြိမ် မအေးချမ်းဖြစ်အောင် ဘာကြောင့်များ လှုံ့ဆော်နေကြတာလဲလို့ ဆက်တိုက်တွေးနေမိပါတယ်။

သွေးဆူနေတုန်းမှာ လူတစ်ယောက်ကို စိတ်ဆိုး၊ ဒေါသထွက်တဲ့စိတ်နဲ့ အကျိုးပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ပြောဆိုကဲ့ရဲ့နိုင်ပေမယ့် တကယ်တမ်းသွေးအေးသွားတဲ့အချိန်မှာ မိမိပြောထားတဲ့ စကားစုကို ကိုယ်တိုင်ပါးစပ်က ထုတ်ဖော်မပြောနိုင်လောက်အောင် ကြမ်းတမ်းနေမိတတ်တာမျိုး လူတိုင်းနီးပါး ဖြစ်ဖူးကြပါလိမ့်မယ်။ လက်ရှိအခြေအနေဟာ ထိခိုက်လွယ်တဲ့စိတ်နှလုံးခံစားချက်တွေ လူတိုင်းမှာ ရှိပါလိမ့်မယ်။ ဒီလိုအခြေအနေကို နားလည်သဘောပေါက်ပြီး အချင်းချင်းအားပေးကူညီ၊ အမှားကို အမှန်ပြင်၊ မတူညီတာတွေကို ထိန်းညှိရင်းကနေ အကောင်းဆုံးအနေအထား၊ ထိခိုက်မှုအနည်းဆုံး အနေအထားကို သွားကြရမှာဖြစ်။

## နွေးထွေးတဲ့ဆက်ဆံရေး

မိဘတွေကို ရှုတ်ချလိုကြတာနဲ့ လူငယ်တွေ၊ လူမမည်ကလေး တွေရဲ့ ဓာတ်ပုံတွေနဲ့ အရှက်ကွဲရအောင် လူမှုကွန်ရက်မှာ တင်ထား ကြတယ်။ နောက်ဆုံး ကိုယ်ဝန်ဆောင်မိခင်လောင်းတွေနဲ့ သားသည် အမေတွေကိုလည်း မရှောင်ဘူး၊ အရှက်ခွဲ ကမ်ပိန်းလုပ်ကြပါတယ်။ ဆွေမျိုးအသိုင်းအဝိုင်းကြားမှာလည်း ဝန်ထမ်းတွေဘဝ မျက်နှာငယ် ကြရပါတယ်။ နောက်ဆုံး လူသားအချင်းချင်း သိပ်ကိုမွန်မြတ်ပြီး ချစ်စရာကောင်းတဲ့ နွေးထွေးတဲ့ဆက်ဆံရေးဟာ မိမိတို့ အသိုင်းအဝိုင်း အကြား တစ်စတစ်စပျောက်ဆုံးလာမှာကိုတော့ အတော်ကို တွေးကြောက်မိပါတယ်။

လူ့ဘဝ၊ လူ့အသိုင်းအဝိုင်းမှာ အားလုံးနဲ့ လိုက်လျောညီထွေ နေထိုင်နိုင်ဖို့ လူသားတွေဟာ လူ့ကျင့်ဝတ်တွေ၊ စည်းကမ်းတွေ၊ နီတိတွေ၊ ဥပဒေတွေ၊ ယဉ်ကျေးမှုတွေကို ဖော်ထုတ်ထားကြတယ်။ ပြီးတော့ အားလုံးလိုက်နာစောင့်ထိန်းကြရပါတယ်။ ဒါမှသာ လူပီသ တဲ့လူသားတွေ ဖြစ်လာမှာပေါ့။ လူမှုရေးရာ ဖိနှိပ်ခြင်းဆိုတာ ကျင့်ဝတ် တွေ၊ နီတိတွေ၊ ဥပဒေတွေ၊ လူ့ယဉ်ကျေးမှုတွေအားလုံးကို ဖီဆန်ပြီး ခဏတာလူ့စိတ်သဘာဝအရ ဖြစ်လာတဲ့ခံစားချက်ကို ဦးစားပေး ဆောင်ရွက်ကြတဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ ဘယ်ဘာသာတရား ကမှလည်း လူသားချင်းဖိနှိပ်မှုကို လက်မခံကြပါဘူး။

သွေးဆူနေတုန်းမှာ လူတစ်ယောက်ကို စိတ်ဆိုး၊ ဒေါသထွက်တဲ့ စိတ်နဲ့ အကျိုးပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ပြောဆို ကဲ့ရဲ့ နိုင်ပေမယ့် တကယ်တမ်းသွေးအေးသွားတဲ့ အချိန်မှာ မိမိပြောထားတဲ့ စကားစုကို ကိုယ်တိုင်ပါးစပ်က ထုတ်ဖော်မပြောနိုင်လောက်အောင် ကြမ်းတမ်းနေမိတတ်တာမျိုး လူတိုင်းနီးပါး ဖြစ်ဖူးကြပါလိမ့်မယ်။ လက်ရှိအခြေအနေဟာ ထိခိုက်လွယ်တဲ့ စိတ်နှလုံးခံစားချက်တွေ လူတိုင်းမှာရှိပါလိမ့်မယ်။ ဒီလိုအခြေအနေကို နားလည်သဘောပေါက် ပြီး အချင်းချင်းအားပေးကူညီ၊ အမှားကို အမှန်ပြင်၊ မတူညီတာတွေကို ထိန်းညှိရင်းကနေ အကောင်းဆုံးအနေအထား၊ ထိခိုက်မှုအနည်းဆုံး အနေအထားကို သွားကြရမှာ ဖြစ်ပါတယ်။

## သတိပြုစေချင်

ဘယ်သူတွေက ဘာအတွက်ကြောင့် လုပ်နေကြသလဲ၊ ဒီလို လုပ်ခြင်းအားဖြင့် ဘယ်သူတွေ အကျိုးအမြတ်ရသွားမလဲဆိုတာကို လေ့လာကြည့်ကြဖို့လည်း လိုပါတယ်။ မိမိက သူတစ်ပါးထိခိုက်အောင် ပြောဆိုလိုက်တဲ့အခါ တစ်နေ့ပြန်ပြီး ပတ်သက်ဖို့ဖြစ်လာကြမယ်ဆိုရင် တောင် တစ်ဦးနဲ့တစ်ဦး အားနာ၊ မဝံ့မရဲ မဖြစ်ကြရနိုင်ဘူးလားဆိုတာ သုံးသပ်ဖို့လိုပါတယ်။ တစ်ဖက်မှာလည်း ဒီလိုလုပ်ရပ်ဟာ လူ့အခွင့် အရေးစံနှုန်းတွေကို သွေဖည်ရာရောက်နေပြီး စိတ်သဘောထား ကျဉ်းမြောင်းတဲ့သူ Narrow – Minded တွေ ဖြစ်မှန်းမသိ ဖြစ်လာပြီး ဥပဒေကိုလည်း ချိုးဖောက်ရာရောက်နေတယ်ဆိုတာကို သတိပြုစေချင် ပါတယ်။

အဲဒီလို Social Punishment လို့ ခေါင်းစဉ်တပ်ပြီး ကိုယ်နဲ့မတူ ကိုယ့်ရန်သူ သဘောထားပြီး မတည့်သူတွေကို လိုက်လံအရှက်ခွဲ Blaming တွေ၊ Personal Attack လုပ်နေတာမျိုးတွေကိုလည်း မိမိတို့ ပတ်ဝန်းကျင်မှာ တွေ့မြင်လာရပါတယ်။ အွန်လိုင်းမှာ တင်ထားရုံနဲ့ အဖြစ်အပျက်အစအဆုံးမသိနိုင်ဘဲ လူအချင်းချင်းအမုန်းတရားတွေ ပွားများအောင် ပြုလုပ်တာဟာ ဘာသာတရားရှုထောင့်ကနေ ကြည့်ရင်လည်း အပြစ်ဖြစ်နေပါပြီ။ ပုဂ္ဂိုလ်ရေးမုန်းတီးမှုတွေကို အငြိုးထားပြီး တိုက်ခိုက်နေတာ၊ စီးပွားပျက်ရာပျက်ကြောင်း Boycott လုပ်တာ၊ အချို့ကလည်း ခံစားပြီး ပြန်ဖြေရှင်းနေကြရတာတွေဟာ အမုန်းမီးကို အကြိမ်ကြိမ်အခါခါ ထပ်မွှေးနေကြတဲ့လုပ်ရပ်တွေ ဖြစ်ပါတယ်။

အဲဒီလို Social Punishment လို့ ခေါင်းစဉ်တပ်ပြီး ကိုယ်နဲ့မတူကိုယ့်ရန်သူ သဘောထားပြီး မတည့်သူတွေကို လိုက်လံအရှက်ခွဲ Blaming တွေ၊ Personal Attack လုပ်နေတာမျိုးတွေကိုလည်း မိမိတို့ပတ်ဝန်းကျင်မှာ တွေ့မြင်လာရပါတယ်။ အွန်လိုင်းမှာ တင်ထားရုံနဲ့ အဖြစ်အပျက် အစအဆုံးမသိနိုင်ဘဲ လူအချင်းချင်းအမုန်းတရားတွေ ပွားများအောင် ပြုလုပ်တာဟာ ဘာသာတရား ရှုထောင့်ကနေကြည့်ရင်လည်း အပြစ်ဖြစ်နေ ပါပြီ။ ပုဂ္ဂိုလ်ရေးမုန်းတီးမှုတွေကို အငြိုးထားပြီး တိုက်ခိုက်နေတာ၊ စီးပွားပျက်ရာပျက်ကြောင်း Boycott လုပ်တာ၊ အချို့ကလည်း ခံစားပြီး ပြန်ဖြေရှင်းနေကြရတာတွေဟာ အမုန်းမီးကို အကြိမ်ကြိမ်အခါခါ ထပ်မွှေးနေကြတဲ့ လုပ်ရပ်တွေဖြစ်။

## အကုသလ ကမ္မပထ တရား ၁၀ ပါး

အပါယ်ကျစေတဲ့ကံ (ပြုလုပ်တဲ့အလုပ်) တရားတွေဆိုတာ အကုသလ ကမ္မပထ တရား ၁၀ ပါး ရှိပါတယ်။ အဲဒီမှာ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးနဲ့ မနောဒုစရိုက် သုံးပါးတို့ ပါဝင်ပါတယ်။ ကာယဒုစရိုက် သုံးပါးကတော့ သူ့အသက်ကို သတ်တာ၊ သူ့ဥစ္စာကို ခိုးယူတာနဲ့ သူတစ်ပါးသားမယားပြစ်မှားတာဖြစ်ပါတယ်။ မနော ဒုစရိုက်သုံးပါးက အဘိဇ္ဈာလို့ခေါ်တဲ့ သူများပစ္စည်းကို ကိုယ်ပိုင်ဖြစ်လို တဲ့ လောဘ၊ ဒီလူတွေ သေသွားရင်ကောင်းမှာတို့ ဒီလူတွေပျက်စီး သွားရင် ကောင်းမယ်လို့ တွေးမိတဲ့ ဗျာပါဒနဲ့ ကုသိုလ်လည်းမရှိ၊ အကုသိုလ်လည်းမသိ၊ ကံကံ၏အကျိုးကို မသိ၊ လက်မခံငြင်းပယ်တဲ့ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပါတယ်။

ဝစီဒုစရိုက် လေးပါးကတော့ မုသာဝါဒ လိမ်လည်ပြောဆိုတာ၊ ပိသုဏဝါစာ သူတစ်ပါးအကျိုးပျက်စီးစေဖို့ ကုန်းတိုက်တာ၊ ဖရုသ ဝါစာ ဆဲရေးတိုင်းထွာပြီး ညစ်ညမ်းတဲ့စကားတွေပြောဆိုတာနဲ့ သမ္ဖပ္ပလာပ အကျိုးမဲ့သိမ်ဖျင်းတဲ့စကားတွေကို ပြောဆိုတာတွေ ပါဝင်ပါတယ်။ အခုလိုကာလမှာ ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့တဲ့ ဒုစရိုက် ဆိုးကျိုးပြ ဒုစ္စရိတဝိပါက ဒေသနာတော်မှာ ညွှန်းဆိုပြခဲ့တဲ့ အချက် တွေထဲက အတော်များများကို ကျူးလွန်နေမိကြတာကို စိတ်မသက် သာဖွယ် မြင်တွေ့နေရတာမို့ အမြန်ဆုံး ဆင်ခြင်တုံတရားလက်ကိုင် ထားပြီး ပြင်ဆင်သင့်ပါပြီလို့ အကြံပြုလိုပါတယ်။

လက်ရှိမိမိတို့နိုင်ငံမှာ ပြည်သူထိခိုက်မှုအနည်းဆုံးဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မပျက်အောင်၊ တိုင်းပြည်တည်ငြိမ်အေးချမ်း မှုနဲ့ မှန်ကန်တဲ့ ဒီမိုကရေစီဖက်ဒရယ် လမ်းကြောင်းမပျက်ယွင်းအောင် အစိုးရကနေ ဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်နေတာကို မြင်တွေ့ နေရပါတယ်။

ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတို့အတွက် အာမခံချက်ပေးနိုင်တဲ့ နည်းလမ်းတစ်ခုကို မြင်နေလျက်သားနဲ့ ဘာကြောင့်များ မရေရာ မသေချာတဲ့ တိုက်ပွဲတွေအဖြစ် တိုင်းပြည်ကို စစ်မြေပြင်ဖြစ်ချင် ဦးမှာလဲလို့ ဆန္ဒပြလှုပ်ရှားသူတွေ၊ တည်ဆဲအစိုးရအား ဆန့်ကျင် သူတွေကို မေးချင်ပါတယ်။ မိမိတို့အားလုံး စစ်မှန်တဲ့ဒီမိုကရေစီ လမ်းကြောင်းကို တစ်ဦးနဲ့တစ်ဦး စာနာနားလည်မှုရှိရှိ၊ ဖေးမမှု အပြည့်နဲ့ ခရီးနှင်ဖြတ်သန်းကြရအောင်လို့သာ အသိပေးတိုက်တွန်း ရေးသားလိုက်ရပါတယ်။ ။

# ဂျော်ဒန်ဆေးရုံ၌ ကိုဗစ်လူနာခုနစ်ဦး သေဆုံးမှုကြောင့် ကျန်းမာရေးဝန်ကြီး ရာထူးမှနုတ်ထွက်ခဲ့ရပြီး တာဝန်ရှိသူ ငါးဦး ထိန်းသိမ်းခံရ

**အမ်မန် မတ် ၁၄**

ဂျော်ဒန်နိုင်ငံရှိ ဆေးရုံတစ်ရုံတွင် အောက်ဆီဂျင်ဘူး ပြတ်လပ်မှုကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော လူနာ ခုနစ်ဦး သေဆုံးခဲ့ပြီးနောက် ကျန်းမာရေးဝန်ကြီး နာဇီရာအိုဘီဒက် ရာထူးမှနုတ်ထွက်ခဲ့ရပြီး တာဝန်ရှိသူ ငါးဦး ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရကြောင်း ဂျော်ဒန်တရားရေး သတင်းရင်းမြစ်က ယနေ့ဖော်ပြထားသည်။

ထို့အပြင် မြို့တော်အမ်မန်မြို့အနီး ဆော့လ်သ်မြို့ရှိ ဆေးရုံတစ်ရုံ၏ အထူးကြပ်မတ်ကုဌာနတွင် မတ် ၁၃ ရက်က အောက်ဆီဂျင်ဘူး ပြတ်လပ်မှုကြောင့် ဆေးဝါးကုသမှုခံယူနေသော ကိုဗစ်-၁၉ ရောဂါ လူနာ ခုနစ်ဦးသေဆုံးခဲ့ပြီးနောက် ဂျော်ဒန်ဘုရင်အဗ်ဒူလာ-၂ က ဆေးရုံညွှန်ကြားရေးမှူး အဒယ်လ်ရာဇာ့ခ်အယ်ခါရှ်မန်ကိုလည်း ရာထူးမှနုတ်ထွက်ရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ လူနာများအား ဆေးဝါးကုသပေးလျက်ရှိသော ဆေးရုံညွှန်ကြားရေးမှူးတစ်ဦးနှင့် အခြားအရာရှိလေးဦးတို့ကို အခင်းဖြစ်မှုနှင့်ပတ်သက်၍ စစ်ကြောမေးမြန်းရန် ရက်သတ္တတစ်ပတ်ကြာ ထိန်းသိမ်းထားရန် အစိုးရရှေ့နေတစ်ဦးက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂျော်ဒန်ဘုရင်အဗ်ဒူလာ-၂ သည် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော လူနာခုနစ်ဦး သေဆုံးခဲ့ပြီးနောက် ဆေးရုံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ဂျော်ဒန်ပါလီမန်နှစ်ရပ်စလုံးသည် ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ လူနာများသေဆုံးမှုနှင့်ပတ်သက်၍ အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ယနေ့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မကြာသေးမီ ရက်သတ္တပတ်များမှစ၍ ဂျော်ဒန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်း မြင့်မားလာစဉ် ယခုကဲ့သို့ သေဆုံးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းသေဆုံးမှုများကြောင့် သောကြာနေ့တိုင်း ညမထွက်ရအမိန့် အပါအဝင် တစ်နိုင်ငံလုံးတွင် အသွားအလာကန့်သတ်မှုများ ပြန်လည်ချမှတ်ရန် စတင်ပေးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဂျော်ဒန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၆၀၀၀၀ ကျော်ရှိပြီး ၎င်းတို့အနက် ၅၂၀၀ ကျော်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ဂျော်ဒန်အစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**

# ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၁ ဒသမ ၇ သန်းကျော်ရှိလာ




**ဆန်နီယာဂို မတ် ၁၄**

ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးသူ ၁ ဒသမ ၇ သန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ချီလီနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို အသက် ၉၀ နှစ်နှင့် အထက်ရှိသူများဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၁၇၆၁၃၆၇ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် အခြားသော အသက်အရွယ်အပိုင်းအခြားအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ချီလီကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ချီလီနိုင်ငံ၌ မတ် ၁၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူသူ ၁၇၄၁၈ ဦး ရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၄၇၈၉၅၃ ဦးအထိ ရှိလာခဲ့ကြောင်း ချီလီကျန်းမာရေးဝန်ကြီး အင်းနရစ်ပဲရစ်က ပြောကြားခဲ့သည်။

ချီလီနိုင်ငံအစိုးရ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ ယခုနှစ် ပထမသုံးလပတ်ကာလမတိုင်မီ ပြည်သူငါးသန်းကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၉၂၈ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၈၅၃၇၉ ဦးရှိခဲ့ကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၃ ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၅၇၄ ဦး အထိရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၃၂၀ ဖြင့် ယခုနှစ်အတွင်း နေ့စဉ်ကူးစက်မှု စံချိန်တင်

**နယူးဒေလီ မတ် ၁၄**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၃၂၀ ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၁၁၃၅၉၀၄၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်နောက်ဆုံး အချက်အလက်များအရ သိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၁၆၁ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၅၈၆၀၇ ဦးရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ အိန္ဒိယနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ရောဂါဖြင့်သေဆုံးမှုပမာဏသည် ယခုနှစ် လက်ရှိအချိန်အထိ အမြင့်မားဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် လူနာ ၁၀၉၈၉၈၉၇ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လတ်တလောအချိန်တွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသောလူနာ ၂၁၀၅၄၄ ဦး ကျန်ရှိသေးကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ နိုင်ငံတစ်ဝန်းတွင် ပြည်သူသန်း ၃၀ နီးပါးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

အိန္ဒိယ ကျန်းမာရေးအာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လာခြင်းနှင့်အတူ မတ် ၁၃ ရက် တစ်ရက်တည်းတွင် ၈၆၄၃၆၈ ဦး၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ရာ လက်ရှိအချိန်အထိ လူဦးရေ ၂၂ သန်းကျော်တို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယဆေးဝါးသုတေသနကောင်စီမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

မြို့တော်နယူးဒေလီတွင် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၉ ဦး ထပ်မံ တွေ့ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်လတာအတွင်း ရောဂါကူးစက်မှု အများဆုံးဖြစ်သည်။ ထို့အပြင် နယူးဒေလီမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း လူနာသုံးဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၀၉၃၉ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ပြည်သူများအား ပြည်တွင်းဖြစ် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးဖြင့် ထိုးနှံပေးလျက်ရှိသည်။ Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Serum ဆေးဝါးကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အားလုံးသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Bharat Biotech ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်ပြီး ပြည်နယ် ၁၂ ခုသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**






# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၁၄ ဦး တွေ့ရှိ

**ဂျကာတာ မတ် ၁၄**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၇၁၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိသည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၄၁၉၄၅၅ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ဂျကာတာမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၀၄ ဦး၊ အနောက်ဂျာဗားတွင် ၁၁၃၃ ဦး၊ ဘန်တန်မြို့၌ ၃၁၅ ဦး၊ အရှေ့ဂျာဗား၌ ၂၇၈ ဦးနှင့် အရှေ့ကာလီမန်တန်၌ ၂၀၆ ဦးတို့ အသီးသီး တွေ့ရှိခဲ့သည်။

ထို့ပြင် တစ်ရက်အတွင်း ၉၇ ဦး သေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၈၄၂၆ ဦးရှိလာခဲ့ပြီဖြစ်သည်။

သို့သော် ၅၆၄၇ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၁၂၄၃၁၁၇ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ဘီလီယံထုတ်လုပ်ရန် အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျတို့က ငွေကြေးပံ့ပိုးပေးမည်




**ဝါရှင်တန် မတ် ၁၄**
အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် ကမ္ဘာတစ်ဝန်း၌ လူပေါင်း ၂ ဒသမ ၅ သန်းကျော် အသက်ဆုံးရှုံးစေခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို တိုက်ဖျက်ရန် ၎င်းတို့၏ ပူးတွဲကြိုးပမ်းမှုအနေဖြင့် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်ရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့သည် Quad ဟု လူသိများသော မဟာဗျူဟာ အလွတ်သဘော ဆွေးနွေးဖက်အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး မတ် ၁၂ ရက်က အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ဘေးကင်းလုံခြုံပြီး ထိရောက်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံခန့် ထုတ်လုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် အမေရိကန် သမ္မတဂျိုးဘိုင်ဒင်၊ ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆန်၊ အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါတို့ တက်ရောက်ခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှု နယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကတိကဝတ်ပြုခဲ့ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်ရာတွင် အရည်အသွေးမြင့်မားသော ကာကွယ်ဆေးကို ဦးစားပေးထုတ်လုပ်မည်ဖြစ်ပြီး ကာကွယ်ဆေးထုတ်လုပ်မှု၊ ကာကွယ်ဆေးဝယ်ယူမှုနှင့် ကာကွယ်ဆေးများအား ဘေးကင်းလုံခြုံစွာနှင့် ထိရောက်စွာ ဖြန့်ဖြူးရေးဆိုင်ရာ လိုအပ်ချက်များကို Quad အဖွဲ့ဝင်နိုင်ငံများ၏ မိတ်ဖက်များက တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှ ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ထို့အပြင် ကုလသမဂ္ဂဦးဆောင်သော ကာကွယ်ဆေးအစီအစဉ်တွင် မိတ်ဖက်ဖြစ်သည့် Gavi ကာကွယ်ဆေး မဟာမိတ်အဖွဲ့သည်လည်း အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်လျက်ရှိရာ ပါကစ္စတန်နိုင်ငံတွင် ပြည်သူ ၄၅ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ လေးနိုင်ငံ၏ စီမံကိန်းအရ အိန္ဒိယနိုင်ငံရှိ ဆေးဝါးထုတ်လုပ်ရေးစက်ရုံများသည် အမေရိကန်အခြေစိုက် Jonhson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့၏ အကူအညီဖြင့် ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အရှေ့တောင်အာရှနိုင်ငံများသို့ ဖြန့်ဖြူးပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်ရာတွင် အမေရိကန်ဖွံ့ဖြိုးရေးငွေကြေး ကုမ္ပဏီ(DFC)၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC)၊ အခြားအဖွဲ့အစည်းများက ငွေကြေးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဒွန်း**
**ဘာသာပြန် - ဂျေတီ**

## စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် မလေးရှားနိုင်ငံသားများအား မလေးရှားအစိုးရက ကာကွယ်ဆေးထိုးနှံပေးမည်

**စင်ကာပူ မတ် ၁၄**
မလေးရှားနိုင်ငံ၏ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးအစီအစဉ်၏ ဒုတိယအဆင့်အရ စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသော မလေးရှားအလုပ်သမား ၁၀၀၀၀၀ ခန့်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

စင်ကာပူနိုင်ငံရှိ မလေးရှားနိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံပေးရန် မလေးရှားသိပ္ပံနှင့် နည်းပညာဖန်တီးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စင်ကာပူတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ်ဝန်ကြီးချုပ် ဟတ်စ်နီမိုဟာမက်က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် မလေးရှားနိုင်ငံသား လေးသိန်းခန့်ရှိသည်။ သို့သော် ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်အရ မလေးရှားနိုင်ငံသား တစ်သိန်းခန့်ကိုသာ ကနဦးအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကြောင့် မလေးရှားနှင့် စင်ကာပူနှစ်နိုင်ငံ နယ်စပ်ဝင်ပေါက်ကို မကြာမီပြန်လည်ဖွင့်လှစ်နိုင်ကြောင်းနှင့် ဂျိုဟာပြည်နယ်၏ စီးပွားရေးကို ပြန်လည်တိုးတက်ကောင်းမွန်လာရန် အခွင့်အလမ်းများပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဂျိုဟာပြည်နယ်ဝန်ကြီးချုပ် ဟတ်စ်နီမိုဟာမက်က ဆိုသည်။ နှစ်နိုင်ငံနယ်စပ်ဝင်ပေါက်ကို လွန်ခဲ့သောနှစ် မတ်လ ၁၈ ရက်မှစပြီး ပိတ်ပင်ထားကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သူနာပြု ၃၀၀၀ ခန့် သေဆုံးခဲ့ဟုဆို



**ဂျီနီဗာ မတ် ၁၄**
ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သူနာပြု ၃၀၀၀ ခန့်သေဆုံးခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ သူနာပြုအဖွဲ့အစည်း၏ စစ်တမ်းတစ်ရပ်က ဖော်ပြထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီကလည်း ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သည့် သူနာပြုများ၏ အခြေအနေများနှင့် စပ်လျဉ်း၍ စစ်တမ်းကောက်ယူမှုရလဒ်များကို ထုတ်ပြန်ခဲ့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခဲ့ကြောင်း ကြေညာခဲ့ပြီးနောက် တစ်နှစ်အကြာတွင် ကောက်ယူခဲ့သည့်စစ်တမ်းအရ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သူနာပြု ၃၀၀၀ ခန့် သေဆုံးခဲ့ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာသုတေသနကောင်စီ၏ ယခုထုတ်ပြန်ချက်သည် နိုင်ငံပေါင်း ၆၀ ရှိ သူနာပြုများအကြား သေဆုံးသူ ၃၀၀၀ ခန့်ရှိခဲ့ကြောင်းကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအများစုမှ သူနာပြုသေဆုံးမှုဆိုင်ရာ အချက်အလက်များ မရရှိသေးခြင်းကြောင့် အမှန်တကယ် ကမ္ဘာတစ်ဝန်းသေဆုံးသည့် သူနာပြုအရေအတွက်သည် မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ကမ္ဘာတစ်ဝန်းတွင် သူနာပြုအရေအတွက် ပြတ်လပ်မှု ၁၃ သန်းနီးပါးအထိ ရှိလာနိုင်ကြောင်းလည်း အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီက ခန့်မှန်းထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

■



## တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအသုတ် မက္ကဆီကိုနိုင်ငံ လက်ခံရရှိ

**မက္ကဆီကိုစီးတီး မတ် ၁၄**
မက္ကဆီကိုနိုင်ငံသည် တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအသုတ်ကို လက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါ ကာကွယ်ဆေးများသည် မက္ကဆီကိုစီးတီးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မတ် ၁၃ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသစ်ရောက်ရှိလာသည့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအသုတ်သည် မက္ကဆီကိုနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား တောင့်တင်းခိုင်မာသောဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသောပြယုဂ်တစ်ခုဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံခြားရေး ဒုတိယဝန်ကြီး မာသာဒယ်ဂါဒိုက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံဆေးဝါးကုမ္ပဏီ Sinovac က ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်သည် မက္ကဆီကိုနိုင်ငံသို့ ဖေဖော်ဝါရီလအတွင်းက ရောက်ရှိခဲ့ခြင်းဖြစ်ပြီး မက္ကဆီကိုနိုင်ငံအစိုးရသည် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ဆင်းရဲနွမ်းပါးသည့်ဒေသများရှိ အရွယ်ရောက်ပြီးသူများကို ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂ ဒသမ ၁ သန်းကျော်နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၉၃၈၅၁ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၀၀၀ နီးပါးရှိလာ




**ဝါရှင်တန် မတ် ၁၄**
အမေရိကန်နိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၀၀၀ နီးပါး ရှိလာခဲ့ပြီဖြစ်ကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ နောက်ဆုံးရ ကိန်းဂဏန်းများအရ သိရသည်။

ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများ အနက် ၃၇၀၁ ဦးသည် ဗြိတိန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများ ဖြစ်ပြီး ၁၀၈ ဦးသည် တောင်အာဖရိကနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကျန် ၁၇ ဦးသည် ဘရာဇီးနိုင်ငံတွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများဖြစ်သည်။

အထက်ဖော်ပြပါ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက်သည် SARS-CoV-2 နမူနာများပေါ် အခြေခံပြီး ဖော်ပြထားခြင်းဖြစ်သည်။ နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အားလုံး၏ အရေအတွက်ကို စစ်ဆေးတွက်ချက်ဆဲဖြစ်သည်။

ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် မတ်လအတွင်း၌ ပိုမိုများပြားလာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အောင်ကျော်ကျော်**



# ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၁၇၈ ဦး ထပ်မံတွေ့ရှိ

**ဆော်ပေါ်လို မတ် ၁၄**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၇၆၁၇၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး ၁၉၉၇ ဦးထပ်မံသေဆုံးခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၁၄၃၉၅၅၈ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၂၇၇၁၀၂ ဦးရှိလာခဲ့ပြီဖြစ်သည်။

ဘရာဇီးနိုင်ငံရှိ မြို့များအနက် ဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံးဖြစ်သည့် ဆော်ပေါ်လိုမြို့၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၄၃၄ ဦးရှိခဲ့ရာ အဆိုပါမြို့၌ သေဆုံးသူ ၆၃၉၆၅ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဆော်ပေါ်လိုမြို့ရှိ ဆေးရုံများတွင်လည်း လူနာများ ကန့်သတ်ထားသည့်အရေအတွက်သို့ ရောက်ရှိရန် နီးကပ်လာပြီဖြစ်ကြောင်း ဒေသန္တရကျန်းမာရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

ဘရာဇီးလီးယားမြို့အပါအဝင် မာတိုဂရိုဆို၊ မီနာစ်ဂျီရစ်၊ ရီယိုဂရန်ဒီဒိုဆယ်၊ ဆန်တာကာတာရီနာနှင့် ပါရာနာပြည်နယ်များတွင်လည်း ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာခြင်းကြောင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၌ လူနာတင်ခုတင် မလုံလောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ကိုဗစ်–၁၉ ရောဂါကူးစက်မှုအရေအတွက်သည် လွန်ခဲ့သောလအနည်းငယ်အတွင်း မြင့်တက်လာလျက်ရှိပြီး အသက် ၂၀ မှ ၅၀ အရွယ်အုပ်စုများ၏ သေဆုံးမှုနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရသည်။

အမျိုးသားကျန်းမာရေးစောင့်ကြည့်လေ့လာရေးအေဂျင်စီက ဆေးရုံများတွင် လိုအပ်သည့် အောက်ဆီဂျင်များ ကူညီထောက်ပံ့ပေးရန် ကုမ္ပဏီများအား တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၀ ထပ်မံစစ်ဆေးတွေ့ရှိ

**ဗန်ကောက် မတ် ၁၄**
ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၇၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကိုဗစ်–၁၉ ရောဂါအခြေအနေကွပ်ကဲရေးစင်တာ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၅၆ ဦးသည် ဒေသတွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၄ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်တွင်းကူးစက်ခံရသူများအနက် ၁၃၆ ဦးသည် ဆာမတ်ဆတ်ခွန်နှင့် ဗန်ကောက်မြို့များမှဖြစ်ပြီး ကျန်ဗိုင်းရပ်စ်ကူးစက်ခံရသူများသည် ဘန်ခေးခရိုင်ရှိ လူစည်ကားသော ဈေးနေရာများမှ ဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူများ တွေ့ရှိခဲ့ပြီးနောက် အဆိုပါဈေးနေရာများကို ပိတ်သိမ်းထားသည်။ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၆၉၂၇ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၈၆ ဦး ရှိသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၂၆၁၅၄ ဦးသည် ရောဂါမှပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း၊ ၆၈၇ ဦးသည် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အောင်ကျော်ကျော်**



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၀၁၄၉၇၉၉ ဦး |
| သေဆုံးသူ | ၂၆၆၁၃၄၁ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၆၆၇၅၇၇၄ ဦး |

# ပြင်သစ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၇၅၉ ဦးအထိရှိခဲ့

**ပါရီ မတ် ၁၄**
ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၉၇၅၉ ဦးအထိရှိခဲ့ကာ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၀၄၅၃၁၉ ဦးအထိရှိလာခဲ့ကြောင်း ပြင်သစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ အာဏာပိုင်များက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၁၇၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၉၀၃၁၅ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံ၌ ပြည်သူ ၄ ဒသမ ၈၅ သန်း သို့မဟုတ် နိုင်ငံလူဦးရေ၏ ၇ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းနှင့် ပြည်သူ ၂ ဒသမ ၂ သန်းမှာ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှု ခံယူထားပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရန် ကြိုးပမ်းဆောင်ရွက်နေစဉ်ကာလအတွင်း ကာကွယ်ဆေးအမျိုးပေါင်း ၂၆၃ မျိုးအထိ ထုတ်လုပ်ဖြန့်ဖြူးရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကာကွယ်ဆေးများအနက် ၈၁ မျိုးမှာ လက်တွေ့စမ်းသပ်မှုများလုပ်ဆောင်လျက်ရှိပြီး လက်ရှိတွင် ဂျာမနီ၊ တရုတ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**







# နေပြည်တော်-ရန်ကုန်အမြန်လမ်းပိုင်း၌ ခရီးသည်တင်ယာဉ် တိမ်းမှောက် အမျိုးသား သုံးဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိ


ရေတာရှည် မတ် ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဂုံမင်းကွင်းကျေးရွာအနီး နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်း မိုင်တိုင် ၁၇၀/၇ အနီးတွင် ယနေ့ နံနက် ၀၀:၄၀ နာရီခန့်က ခရီးသည်တင်ယာဉ် တစ်စီး အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ အမျိုးသားသုံးဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာနေရာသို့ သာဂရအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် လွင်ကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်း မီးသတ် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်သို့ ဝင်းနိုင်ဦး ချမ်းမြသာစည်ရပ်ကွက် တိုက်ကြီးမြို့နယ် နေသူမောင်းနှင်ပြီး အမျိုးသား ၁၈ ဦး၊ အမျိုးသမီး သုံးဦးလိုက်ပါလာသော ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် အရှိန်လွန်တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ပြီး ခရီးသည်များအနက် အမည်၊ နေရပ်စုံစမ်းဆဲ အမျိုးသား သုံးဦးမှာ နေရာတွင်သေဆုံး၍ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး တစ်ဦး မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဝင်းနိုင်ဦးအား သာဂရ အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထား ကြောင်း သိရသည်။

ကိုလွင်(ဆွာ)


တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သော လူသုံးကုန်ပစ္စည်းများကို တွေ့ရစဉ်။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၄

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၃ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၀၇ စီး၊ သွင်းကုန် ၁၆၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၂၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၃၅ သန်း) တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သော Singal Chemical Rispirator Goggle 320 U၊ Safety Helmet 90 U၊ ဒူးကာ (Knee and Elbow Cover) 90 U၊ လက်အိတ် (Safety) 90 U၊ Safety Goggle 90 U၊ Double Chemical Respirator Goggle 5 U၊ Carbonated Industrial Sanitizer (5 Liter ) 12 Nos နှင့် Half Mask Twin Rispirator with Chemical Safety Goggle 40 Nos အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များအား အရေးယူ

နေပြည်တော် မတ် ၁၄

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် ညနေ ၅ နာရီမှ မတ် ၁၃ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ငါးစီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် သုံးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး စုစုပေါင်း ၂၆ စီးတို့အား ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **ရဲပြန်ကြား**

# ပန်ဆိုင်း(ကြူကုတ်)မြို့၌ အိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားကာ လူတစ်ဦးသေဆုံး

မူဆယ် မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ဦးမြင့်လွင်၏နေအိမ်၌ ယနေ့ နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်နှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်မြေခံစခန်းမှူး ရဲအုပ်ဇော်မျိုးပိုင်နှင့်အဖွဲ့၊ မီးသတ်ဦးစီး ဦးရဲထွန်းနီဦးစီးအဖွဲ့၊ အရန်မီးသတ်တပ်ခွဲမှူး ဦးအိုက်သိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် သုံးစီးတို့မှ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၀ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး ၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်စဉ်ကြောင့် သစ်သားအုပ်ညှပ်တစ်ထပ်တိုက် တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်အတွင်း အိပ်ပျော်နေသော ဦးမြင့်လွင်မှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်ဆိုင်း(ကြူကုတ်)နယ်မြေခံရဲစခန်းက အိမ်ရှင် ဦးမြင့်လွင်ကို အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိပြီး သေဆုံးသူ ဦးမြင့်လွင်အား ရဲဆေးစာနှင့်အတူ ပန်ဆိုင်း(ကြူကုတ်)ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကလေးများအတွက် စာပေအာဟာရ ပြုစုကြရာဝယ်

နွေဦးမောင်

လူသားတို့အတွက် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကြီးထွားသန်စွမ်းစေရန် နေ့စဉ်စားသုံးနေကျအစာအာဟာရများသည် များစွာအရေးပါသကဲ့သို့ အသိဉာဏ်ပညာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေအာဟာရကို ဖတ်ရှုလေ့လာခြင်းသည်လည်း အရေးကြီးပါသည်။ ထို့ကြောင့် လူကြီးလူငယ်မရွေး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် သင့်လျော်ရာ အဆင့်လိုက် စာကောင်းပေမွန်များကို လေ့လာနေကြရပါမည်။

ကလေးများကို ပြုစုပျိုးထောင်ရာတွင် ကလေးအရွယ်နှင့် လိုက်ဖက်သော စာပေအမျိုးအစားများ ရွေးချယ်ဖတ်ရှုခွင့် ဖန်တီးပေးသင့်ပါသည်။ လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ ဆိုသကဲ့သို့ ကလေးများ လိမ္မာရေးခြားရှိစေရန် အဦးဆုံး ဆုံးမ သွန်သင်ကြရမည့် တာဝန်ရှိသော မိဘများနှင့် ဆရာများသည်လည်း ကလေးစာပေကို ရှာဖွေဖတ်ရှုလေ့လာထားကြရမည်ဖြစ်ပြီး မိမိတို့၏ သားသမီး၊ တပည့်များကို ဆုံးမရာတွင် စာပေမှရရှိသော ဗဟုသုတ များနှင့် ကလေးအရွယ် အတွေးအခေါ်များပါရှိသည့် ကလေးစာပေ များကို မိတ်ဆက်ပေးကြရန် လိုအပ်ပါသည်။ သို့မှသာ ကလေးများ အတွက် စာပေဖတ်ရှုလိုစိတ် လမ်းစပေါ်ပေါက်လာမည်ဖြစ်သည်။ ကလေးများကို သူတို့နှစ်သက်သည့် ပုံပြင်များ ပြောပြခြင်း၊ သံသာသာ ကဗျာလေးများ ရွတ်ဆိုပြကာ ကလေးများကို စာပေအရသာ မိတ်ဆက် ပေးပြီး မြည်းစမ်းစေခြင်းများဖြင့် ပြုစုပျိုးထောင်ပေးရပါမည်။

### ကလေးစာပေများ

ကလေးများဖတ်ရှုရန်အတွက် ကလေးစာပေများ ပေါ်ထွန်း ရေးသည်လည်း အရေးကြီးပါသည်။ ကလေးစာပေဆိုသော်လည်း စာရေးသူများက ရည်ရွယ်ရင်း ကလေးပရိသတ်များ ဖတ်ရှုရန် စာပေ တင်ပြမှုမှ လွဲချော်ကာ ကလေးများအတွက် မဟုတ်ဘဲ လူကြီးများ ဖတ်ရန် စာပေများနှင့် လူငယ်စာပေများ ဖြစ်နေတတ်သည်ကို သတိ ထားရပါမည်။ စာဖတ်သူ ကလေးများ၏ အသက်နှင့် အသိပညာ အဆင့်အတန်းကို သတိမမူမိဘဲ အချက်အလက်အသစ်များ ပေးအပ် လိုသော စိတ်ဇောများသွားသောကြောင့် ကလေးများဖတ်ရှုရန် အဆင်သင့်မဖြစ်သေးသည့် စာပေများ ဖြစ်သွားတတ်ပါသည်။ ထိုအချက်ကို မိဘဆရာများက သတိထားလျက် သုံးသပ်နေကြရပါ မည်။ ထို့ကြောင့် ကလေးစာပေကို လေ့လာဖတ်ရှုထားပါလျှင် ကလေး များ အရွယ်အလိုက် ဖတ်ရှုလေ့လာသင့်သော စာအုပ်စာစောင်များကို ရွေးချယ်ပေးနိုင်ပါလိမ့်မည်။ သို့မှသာ ကလေးများ စာပေဖတ်ရှုခြင်းမှ တွေ့ရှိလာတတ်သည့် အခက်အခဲများကို လွယ်ကူစွာ ဖြေရှင်းပေးနိုင် ပါလိမ့်မည်။ စင်စစ်ကလေးစာပေကို ကလေးများ ယေဘုယျ တွေးခေါ် လေ့ရှိသော အဆင့်အတန်း၊ ရှုထောင့်များမှ ကြည့်မြင်သုံးသပ် ရေးသား ခြင်းသာမက ကလေးများ၏စိတ်တွင်လည်း ဝင်ရောက်ခံစားကြည့်ကာ ဖွဲ့နွဲ့ရေးသားသင့်ပါသည်။ ကလေးစာပေ ဖန်တီးရေးသားရာတွင် မူလတန်းအောက်အဆင့် ကလေးများဖတ်ရှုရန် စာပေနှင့် မူလတန်း အထက်အဆင့်အရွယ် ကလေးများဖတ်ရှုရန် စာပေများသည် တူညီမယောင်ယောင်နှင့် မတူညီကြပါ။ အသက်အရွယ်အလိုက် အသိပညာရင့်ကျက်မှု ကွာခြားသောကြောင့် အဆင့်ခွဲခြား ရေးသား ပြုစုမှသာ ကလေးများသည် သူတို့၏ အသက်နှင့် အသိပညာအဆင့် အတန်းအလိုက် စာပေမှ ဆိုလိုရင်းကို စိတ်ကျေနပ်မှုရှိစွာ သိမြင် သဘောပေါက်ကြပါလိမ့်မည်။

အဓိကအားဖြင့် ကလေးစာပေ၏ ဇာတ်လမ်း၊ ဇာတ်ကွက်တစ်ခု တွင် ပေးလိုသော အချက်အလက် တစ်ခုကိုသာ တင်ပြသင့်ပါသည်။ တင်ပြရေးသားချက်သည်လည်း ကလေးတို့၏ စိတ်အလျဉ်ထဲသို့ လျှောခနဲ ဝင်ရောက်သွားရန် ဖတ်ရှုနိုင်သည့် ဖန်တီးမှုဖြစ်ရပါမည်။ ရေးသားချက်တွင် အထူးသဖြင့် မူလတန်းအောက်အဆင့်အရွယ် ကလေးများအတွက် ခက်ခဲစွာ စဉ်းစားရမည့် အကြောင်းအရာများ မပါဝင်သင့်သေးပါ။ ဖတ်လိုက်သည့်စာသည် တိုတိုရှင်းရှင်းနှင့် ချောချောပြေပြေ ဖြစ်သင့်ပြီး စာသားနည်းနည်းသာ ပေးထားသင့် ပါသည်။ မူလတန်းအထက်အဆင့် ကလေးများမှာမူ ကျောင်းတွင် သင်ယူရသော ကျောင်းစာ၏ အထောက်အပံ့ကြောင့် စကားပြေ လွယ်လွယ်သာမက ကာရန်ပါပြီး အနက်လွယ်ကူစွာ ဖော်နိုင်သည့် စာချိုးပြေပြေများကို ဖတ်ရှုနိုင်စွမ်း ရှိနေကြပါပြီ။ ထိုသို့သော စာပေ တင်ဆက်မှုမျိုးသည် စာဖတ်သူ ကလေးများ၏ စိတ်တွင် တစ်သက်လုံး စွဲမှတ်သွားနိုင်စေသည့် အစွမ်းသတ္တိရှိပါသည်။ ထို့ကြောင့် နုနယ်သော အသိဉာဏ်ကလေးများတွင် တစ်သက်လုံး စွဲမှတ်သွားစေရန် အရွယ်နှင့် ကိုက်ညီသော စာပေများ ဖန်တီးပေးသင့်ပါသည်။

ဇာတ်လမ်းဇာတ်ကွက်တစ်ခုတွင် စာရေးသူကပေးလိုသော အချက်အလက်သည် တစ်ခုထက်ပိုနေပါက စာဖတ်သက် နုနယ်သော ကလေးများအနေဖြင့် ဖတ်ရှုမှတ်သားရာတွင် ရောထွေးသွားနိုင်ပါသည်။ ယေဘုယျအားဖြင့် မူလတန်းအောက်အဆင့် ကလေးများ ဖတ်ရှုရန် စာပေမှာ အရုပ်များများ စာနည်းနည်းဖြစ်ပြီး တစ်ခါတစ်ရံ ရေးသားထား သော စာများသည် ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်ချင်မှ ဖြစ်နိုင်ပါသည်။ သို့သော် ကလေးများအနေဖြင့် စာအုပ်စာစောင်တွင် ပါဝင်သော စာပိုဒ် များကို ဖတ်ရှုနိုင်လိုက်ခြင်းဆိုသည့် မိမိကိုယ်မိမိ ဂုဏ်ယူသည့် စိတ်က နောက်ထပ်စာပေများ ဖတ်ရှုနိုင်ရန် တွန်းအား ဖြစ်သွားပါသည်။ ယင်းအဖိုးတန်တွန်းအားကို မိဘဆရာများက ဆက်လက်ထိန်းသိမ်း ပေးရပါမည်။

> **ကလေးများဖတ်ရှုရန်စာပေကို ရေးသားဖန်တီးရသည်မှာ များစွာတာဝန်ကြီးလှပါသည်။ လူကြီးများ ဖတ်ရှုရန်အတွက်မှာမူ သူတို့အသိဉာဏ်ဖြင့် ခွဲခြားရှာဖွေဆုံးဖြတ်ဖတ်ရှုနိုင်သောကြောင့် တာဝန်များစွာ မကြီးလှပါ။ ထို့အပြင် စာပေဖတ်ရှုခြင်း အရှိန်ရခါစကလေးများ လမ်းလွဲသို့ မရောက်စေရန်နှင့် စာပေ ဖတ်ရှုလိုစိတ် ပျောက်ဆုံးမသွားစေရန် ကလေးများအတွက် စာပေလောကကြီးနှင့် မိတ်ဆက်သည့် အနေဖြင့် ဖန်တီးရမည့် အဖွဲ့အနွဲ့များသည် ကလေးတစ်ဦးချင်းစီ လျှောက်လှမ်းရမည့် စာဖတ်ဝါသနာ လမ်းကြောင်း ခိုင်မာရေးတွင် များစွာအရေးပါလှ။**

ကလေးများ ဖတ်ရှုမည့် စာပေအတွက် ရေးသားမှုဟန်သည် ဖတ်ရှုရန် လွယ်ကူညက်ညောရမည်ဖြစ်သကဲ့သို့ တင်ပြလိုက်သည့် စာပိုဒ်တွင်ပါဝင်သည့် ဇာတ်ဆောင်များ၏ အမည်များသည်လည်း စာလုံးပေါင်းဖတ်ရန် ခက်ခဲပြီး လက်တွေ့ပတ်ဝန်းကျင်တွင် ရှားပါးလှ သည့် အမည်များ မဖြစ်စေရန် လိုပါသည်။ ဖြစ်နိုင်ပါက ကလေးဇာတ် ဆောင်များ၏ အမည်များသည် တိုတိုလွယ်လွယ် ဖြစ်ရပါမည်။ စာဖတ်သူ ကလေးငယ်၏ စိတ်တွင် စာပိုဒ်ဆုံးသည်အထိ မှတ်သားထား နိုင်သောအမည်များဖြစ်သင့်ပါသည်။

### စာပေကို ဖတ်ရှုလိုစိတ်ရှိလာခြင်း

စာဖတ်စကလေးများအတွက် သူတို့ဖတ်ရှုသော စာပေသည် ကျောင်းသင်ခန်းစာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုနိုင်သလို ကျောင်းစာကို သင်ယူရသောကြောင့်လည်း ကျောင်းပြင်ပစာပေများကို ဖတ်ရှုရာတွင် အထောက်အကူများစွာ ရရှိပါသည်။ ဥပမာ စာပေဖတ်ရှုခြင်းကြောင့် စာလုံးပေါင်းသတ်ပုံရေးထုံး ကို သတိထားမိပြီး မှန်ကန်တိကျလာခြင်း၊ ကဗျာတိုစများ၊ စာပိုဒ်များကို ဖတ်ရှုရသောကြောင့် ကျောင်းစာတွင်ပါသော ကဗျာကလေးများနှင့် စာပိုဒ်များကိုလည်း ဖတ်ရှုချင်စိတ်ဖြစ်ပေါ်လာခြင်း၊ စာဖတ်ဝါသနာ ပါလာပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကို ကိုယ်တိုင်လွယ်ကူစွာ ဖတ်ရှု လာနိုင်ခြင်း၊ ဇာတ်ဆောင်များ၏ ကောင်းသောအမူအကျင့်များကို နမူနာယူလာခြင်း၊ စာပိုဒ်ငယ်များကို ဖတ်ရှုနိုင်လာသောကြောင့် စာပိုဒ် ရှည်များကို ဖတ်ရှုရန် တွန်းအားတစ်ရပ် ဖြစ်လာခြင်း၊ ဖတ်ရှုလိုက်သော စာပေမှ နားမလည်သည်များကို ကျော်ဖတ်မသွားဘဲ နားလည်သူများ ထံတွင် မေးမြန်းတတ်လာခြင်း၊ ပို၍အဓိပ္ပာယ်ပြည့်ဝသော စာပေကို ဖတ်ရှုလိုစိတ်ရှိလာခြင်း စသည့် ကောင်းကျိုးများ ရရှိစေနိုင်ပါ သည်။

ထို့ကြောင့် ကလေးများဖတ်ရှုရန်စာပေကို ရေးသားဖန်တီးရ သည်မှာ များစွာ တာဝန်ကြီးလှပါသည်။ လူကြီးများ ဖတ်ရှုရန်အတွက် မှာမူ သူတို့အသိဉာဏ်ဖြင့် ခွဲခြားရှာဖွေဆုံးဖြတ် ဖတ်ရှုနိုင်သောကြောင့် တာဝန်များစွာ မကြီးလှပါ။ ထို့အပြင် စာပေဖတ်ရှုခြင်း အရှိန်ရခါစ ကလေးများ လမ်းလွဲသို့ မရောက်စေရန်နှင့် စာပေဖတ်ရှုလိုစိတ် ပျောက်ဆုံးမသွားစေရန် ကလေးများအတွက် စာပေလောကကြီးနှင့် မိတ်ဆက်သည့် အနေဖြင့် ဖန်တီးရမည့် အဖွဲ့အနွဲ့များသည် ကလေး တစ်ဦးချင်းစီ လျှောက်လှမ်းရမည့် စာဖတ်ဝါသနာ လမ်းကြောင်း ခိုင်မာရေးတွင် များစွာအရေးပါလှပါသည်။

### ဇာတ်အိမ်ဖွဲ့ရေးသားတင်ပြခြင်း

စာဖတ်ခါစ ကလေးများအတွက်မှာမူ တင်ပြမည့် အကြောင်း အရာကို အခြေခံလျက် ကလေးများ၏ အတွေးနှင့် အနီးစပ်ဆုံး ဟပ်မိစေရန် တွေးတောကြံဆ ရေးသားရပါမည်။ ငိုစရာ၊ ရယ်စရာ၊ လွမ်းဆွေးစရာ ဇာတ်လမ်းဇာတ်ကွက် အလှအပ အကြောင်းအရာများ သည် စာဖတ်တတ်စ၊ စာဖတ်ချင်စိတ်ဖြစ်ပေါ်ခါစ မူလတန်း အောက်အဆင့်အရွယ် ကလေးများအတွက် မလိုအပ်သေးပါ။ သို့သော် ရောင်စုံအရုပ်များ၊ စာအုပ်များ၊ ရုပ်ရှင်၊ တီဗွီ ဇာတ်လမ်းများထဲတွင် မကြာခဏတွေ့ရသည့် ဝက်ဝံကြီးများ၊ ဆင်ကြီးများ၊ ဝံပုလွေကြီးများ၊ ငါးကြီးများ၊ ပြင်ပတွင် အသက်ရှင်လျက် လှုပ်ရှားသွားလာနေသော ခွေး၊ ကြောင်၊ ကြွက်၊ ငှက် စသည့် သတ္တဝါများကို သူတို့ ဖတ်ရှုသော စာများတွင် တွေ့ရလျှင် ကလေးတို့ များစွာနှစ်သက်ကြောင်း တွေ့နိုင် ပါသည်။ အဆိုပါ လက်လှမ်းမီ တွေ့မြင်ရသော တိရစ္ဆာန်များအကြောင်း ကို ကလေးများ ဖတ်ချင်ကြသည်။ စာကိုဖတ်ရင်း ပုံကို တစ်ဝကြည့် ချင်ကြသည်။ ထိုတိရစ္ဆာန်များပါသည့် ပုံပြင်များကို နားထောင်လို ကြသည်။ ယင်းသည်ပင် ကလေးစာပေ၏ စွမ်းဆောင်ချက်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ရေးသားတင်ပြချက်သည် ကလေးတို့ ပတ်ဝန်းကျင်တွင် နေ့စဉ်တွေ့မြင်နေကျ အကြောင်းအရာများ၊ အရာဝတ္ထုများကို အသုံးပြုပြီး ဇာတ်အိမ်ဖွဲ့ရေးသားတင်ပြခြင်းသာ ဖြစ်သင့်ပါသည်။

ထို့ကြောင့် ပန်းပင်ကလေးတစ်ပင်သည်လည်း ကလေးများ အတွက် ဖတ်စရာ စာပေအဖွဲ့အနွဲ့တစ်ခု ဖြစ်နိုင်ပါသည်။ သစ်ရွက် လှလှလေးကိုလည်း ကလေးတို့ပတ်ဝန်းကျင်မှ ဆွဲထုတ်ကာ စာပေ ပေါ်တွင် တင်ပြနိုင်ပါသည်။ လိပ်ပြာကလေးများ၊ ငှက်ကလေးများ၊ တိမ်ရောင်စုံများ၊ သက်တံများ၊ မိုးစက်မိုးပေါက်အောက်မှ ဖားကလေး၊ ငါးကလေးများ၊ ရောင်စုံပန်းပွင့်ကလေးများ၊ ရေစီး ကြောင်းကလေးများ၊ ရွယ်တူကလေးငယ်များ စသည်တို့ကို ကလေး များက ပတ်ဝန်းကျင်ကို နေ့စဉ်တွေ့မြင်နေရာမှ သူတို့ဖတ်ရှု လိုက်သော စာပေတွင် တွေ့လိုက်ရသောအခါ အမှတ်ထင်ထင်ရှိလာ စေရန်အတွက် အသိကလေးများ ဝေမျှပေးခြင်းဖြင့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး တိုးမြင့်လာစေနိုင်ပါသည်။

ကလေးစာပေသည် အသိဉာဏ်နုနယ်သေးသော ကလေး များဘဝတွင် စာပေလေ့လာ ဖတ်ရှုလိုစိတ် ဖြစ်ပေါ်စေရန် အောက်ဆုံး လှေကားထစ် ဖြစ်ပါသည်။ မည်မျှ ကောင်းမွန်လှပသော အဆောက် အအုံဖြစ်ပါစေ အောက်ခြေအုတ်မြစ် ခိုင်မာမှသာ ကြာရှည်တည်တံ့ ပါမည်။ သို့အတွက် ကလေးများ အသိဉာဏ်ဖွံ့ဖြိုးရေး အောက်ဆုံး လှေကားထစ်ကို ခိုင်မာစေရန် စာဖတ်ချင်စိတ် ဖြစ်ပေါ်လာစေရေး အတွက် ဆွဲဆောင်နိုင်သော ကလေးများအတွက် စာပေအာဟာရများ ဖန်တီးရေးသားသင့်ကြောင်း တင်ပြလိုက်ပါရသည်။ ။

# နိုင်ငံ့ဝန်ထမ်းဆိုတာ ကိုယ့်အလုပ်ကို လုပ်နေရမှာပဲဆိုတာတွေကို အချိန်မီသိရှိခွင့်ရလို့ ကျေနပ်မိတယ်။ အခုတော့ ကိုယ့်လိပ်ပြာကို လုံလုံခြုံခြုံနဲ့ ဥပဒေဘောင်အတွင်းမှာပဲ နေထိုင်နေပါပြီ

**ဒေါ်သက်လျာ(အမည်လွှဲ)**

**လက်ရှိအချိန်တွင် ဆူပူဆန္ဒပြမှုများ၊ CDM (Civil Disobedience Movement) လုပ်ဆောင်ရန် ခြိမ်းခြောက်ခြင်းများ၊ စည်းရုံးလှုံ့ဆော်ခြင်းများ အရှိန်မြင့်တက်နေဆဲဖြစ်သည်။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ဆန္ဒပြမှုများတွင် ပါဝင်လိုခြင်းမရှိသည့် ပြည်သူများ၊ CDM လုပ်ဆောင်လိုခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ လက်တွေ့ရင်ဆိုင်ခံစားနေရမှုများနှင့် ၎င်းတို့၏သဘောထားအမြင်များကို ဆက်သွယ်မေးမြန်း ရေးသားလိုက်ရပါသည်။**

**ပြည်သူတစ်ဦးဖြစ်သူ ဦးရှိန်းအောင် (အမည်လွှဲ)**

အခုချိန်မှာမင်းမဲ့စရိုက်ဆန်ဆန် ဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေဟာ နည်းမျိုးစုံနဲ့ နေ့စဉ်ရက်ဆက်ပြုလုပ်လာနေတာတွေ တွေ့မြင်နေရပါတယ်။ မုံရွာမြို့က ဆန္ဒပြမှုတစ်ခုမှာလည်း ကျောင်းအုပ်ဆရာမကြီးနဲ့ ခင်ပွန်းဖြစ်သူကို မတရားဖမ်းဆီးခေါ်ဆောင်ပြီး ကတုံးတုံးတာ မျက်ခုံးမွေးတွေကို ရိတ်တာတွေဟာ ဓမ္မနဲ့အဓမ္မ ကွဲကွဲပြားပြားမြင်တွေ့နိုင်ပါတယ်။ ပြီးတော့ လမ်းတွေ ပိတ်ဆို့တားဆီးတာ၊ အဆောက်အအုံတွေ ဖျက်ဆီးတာတွေဟာ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူနေတာပဲ ဖြစ်ပါတယ်။ ဒီလိုအပြုအမူတွေဟာ ဒီမိုကရေစီစံနှုန်းတွေနဲ့လည်း သွေဖည်နေပါတယ်။ နောက်တစ်ခုကတော့ အမျိုးသမီးဝတ် လုံချည်တွေကို အလံအဖြစ်အသုံးပြုတာတွေ၊ အများပြည်သူ သွားလာနေတဲ့ လမ်းမတွေမှာ အပေါ်စီးကနေ ချိတ်ဆွဲထားတာတွေဟာ မြင်ရသူတို့အဖို့ စိတ်နှလုံးမချမ်းမြေ့ဖွယ်ဖြစ်ကြရမည်မှာ ဧကန်မုချပါပဲ။ ဒီလိုကိစ္စမျိုးကို ဦးဆောင်ခဲ့သူ ခုနစ်ဦးကိုလည်း သက်ဆိုင်ရာကနေ အရေးယူထားပြီး ဆက်လက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ငြိမ်းချမ်းစွာဆန္ဒပြတာတွေကို လက်ခံလို့ရတယ်ဆိုပေမယ့် ဒီလိုအဓမ္မအကြမ်းဖက်နေတာတွေဟာ လက်သင့်ခံနိုင်စရာကိစ္စ မဟုတ်ပါဘူး။ ပြည်သူတွေအနေနဲ့လည်း အခြေအမြစ်မရှိ အာဏာရှင်ကျဆုံးရေး၊ အာဏာရှင်အလိုမရှိ၊ ဖမ်းချုပ်ထားသူတို့ကို အမြန်ပြန်လွှတ်ပေးလို့ အော်နေမယ့်အစား ဓမ္မနဲ့အဓမ္မကို ခွဲခြားပြီး မျက်စိဖွင့်၊ နားစွင့်ပြီး ပကတိအမှန်တရားကို မျက်ကွယ်မပြုဘဲ တည်ဆဲဥပဒေတွေကို လိုက်နာဖို့ အချိန်တန်ပြီလို့ ပြောချင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ဇာလီ (အမည်လွှဲ)**

ကျွန်မက နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်မတို့ ဌာနက CDM လုပ်တဲ့ ဝန်ထမ်းတွေကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေအညီ အလုပ်ထုတ်တာတွေ စတင်ဆောင်ရွက်နေပါပြီ။ သူတို့တွေအနေနဲ့လည်း ဒီလိုကိစ္စတွေကို တွေးထားပြီးသားနေမှာပါ။ ဒီကိစ္စကြောင့်လား မသိဘူး၊ ကိုယ့်လုပ်ခဲ့ဖူးတဲ့ဌာနရဲ့ မကောင်းကြောင်းတွေနဲ့ CDM မလုပ်တဲ့ ဝန်ထမ်းတွေကို ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာ မထိတထိ၊ စောင်းမြောင်း အပုပ်ချ၊ ဝေဖန်တိုက်ခိုက်လာတာတွေ အခုရက်ပိုင်းမှာ ပိုစိတ်လာသလို ကြမ်းတမ်းဆဲဆိုမှုတွေလည်း ပြုမူလာကြပါတယ်။ ပြီးတော့ CDM မပါဝင်တဲ့သူတွေကို စာရင်းပြုစုနေတယ်။ မကြာခင်မှာ အွန်လိုင်းမှာ ဓာတ်ပုံနဲ့တကွတင်မယ်လို့ ခြိမ်းခြောက်ရေးသားတာတွေလည်း ရှိတယ်။ CDM မလုပ်တဲ့သူတွေက သူတို့တွေကို တုံ့ပြန်ပြောဆိုတာတွေ မတွေ့ရဘူး။ ဘယ်တွေ့ရပ့်မလဲ။ ကျန်နေခဲ့တဲ့သူတွေက သူတို့တွေအတွက် မေတ္တာမပျက်ဘဲ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ ငွေရေးကြေးရေး အစစအရာရာ အဆင်မပြေကြရဲ့လားလို့ တွေးပူပန်နေကြတာလေ။ သူတို့တွေအပေါ်မှာထားတဲ့ ကျွန်မတို့တွေရဲ့ မေတ္တာတရားကို ဒီလိုလေးတွေနဲ့ တုံ့ပြန်ကြတယ်။ အင်းလေ၊ ရှိပါစေတော့။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးအောင်ဘော် (အမည်လွှဲ)**

ကျွန်တော့်ရဲ့ဇာတိက နယ်ကပါ၊ မန္တလေးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ကတော့ CDM လှုပ်ရှားမှုကို လုံးဝမထောက်ခံပါဘူး။ "ဟိုတစ်နေ့က အိမ်မှာရှိတဲ့ အမေက ဖုန်းဆက်တယ်။ သားရေ ရွာမှာရှိတဲ့ မင်းသူငယ်ချင်းတွေနဲ့ ပတ်ဝန်းကျင်ကလူတွေက သား CDM မလုပ်ဘူးလားလို့ လာမေးနေကြ၊ ပြစ်တင်ဝေဖန်နေကြတယ်။ ခွင့်ယူပြီး အိမ်ကို တစ်ပတ်လောက် လာနေပေးပါလားတဲ့။ အမေကလည်းဗျာ အဲဒါများ သားက CDM လုပ်နေတယ်လို့ လိမ်ပြီးပြောထားလည်း ရတာပဲကို ဆိုတော့ မရဘူး သားရေတဲ့။ သူတို့တွေက CDM လုပ်နေတဲ့သူတွေရဲ့ စာရင်းတွေထဲမှာ ခင်ဗျားသား မပါသေးဘူးနော်ဆိုပြီး ခနဲ့သလို၊ ခြိမ်းခြောက်သလို၊ ရန်မူတဲ့စကားတွေပဲ လာလာပြောနေကြတယ်။ အမေဖြင့် ရွာထဲတောင်မသွားရဲဘူးတဲ့။"

ဆိုတော့ ဒီလိုကိစ္စတွေကလည်း လုံးဝမဖြစ်သင့်တာတွေပါ။ အနယ်နယ်၊ အရပ်ရပ်က ဝန်ထမ်းတွေရဲ့ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမတွေလည်း ဒီလိုမျိုး အဓိပ္ပာယ်မရှိတဲ့ အကြောင်းအရာမျိုးစုံနဲ့ ထိုးနှက်နေတာတွေကို ခံစားနေရမှာ မြေကြီးလက်ခတ်မလွဲပါပဲ။ ပါးစပ်က ဓမ္မလို့အော်နေပေမယ့် အဓမ္မနည်းလမ်းကို ကျင့်သုံးနေတဲ့သူတွေအားလုံးကိုလည်း ရှုတ်ချပါတယ်။ တစ်ဦးရဲ့လွတ်လပ်ခွင့်ကို တစ်ဦးကလေးစားရမှာပေ့ါ။ ဘာပဲဖြစ်ဖြစ် အခုဆိုရင် CDM လှုပ်ရှားမှုကို ပံ့ပိုးကူညီသူတွေကိုလည်း ဖော်ထုတ်အရေးယူနေပါပြီ။ CDM ကျဆုံးဖို့ လက်တစ်ကမ်းအလိုကို ရောက်နေပါပြီ။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်သက်လျာ (အမည်လွှဲ)**

ကျွန်မကတော့ သာစည်မြို့နယ်မှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်မ ဇန်နဝါရီ ၈ ရက်နေ့က CDM စလုပ်ခဲ့တာပါ။ ဇန်နဝါရီ ၁၆ ရက်နေ့မှာပဲ ရုံးပြန်တက်ခဲ့ပါတယ်။ ကျွန်မ CDM လုပ်တာ ဘာခံစားချက်နဲ့မှ လုပ်တာ မဟုတ်ပါဘူး။ လုပ်ဖော်ကိုင်ဖက်တချို့နဲ့ သူငယ်ချင်းတချို့ CDM လုပ်တာရယ်၊ ဖေ့စ်ဘွတ်ပေါ်မှာ ခရက်ဒစ်တွေနဲ့ တက်တက်လာတဲ့ ပို့စ်တွေကို ဖတ်ပြီး တင်တဲ့ပို့စ်တွေကို မှန်တယ်လို့ယူဆပြီး ယုံကြည်မိတာရယ်၊ သူများတွေလုပ်လို့ ကိုယ်မလုပ်ရင် ရှက်စရာကောင်းတယ်ထင်ပြီး ကျွန်မလည်း လိုက်လုပ်ဖြစ်တာပါပဲ။ တကယ့်လက်တွေ့ခံစားရတာကတော့ တရားခံတစ်ယောက်လို ကြောက်စိတ်တွေနဲ့ တစ်နေ့တစ်နေ့ ဖြတ်သန်းရင်း ကိုယ်နဲ့ခင်တဲ့သူတွေနဲ့ တွေ့ရင်တောင် ငါတို့ရှိတဲ့နေရာကို သတင်းပေးလေရော့မလားလို့ သံသယစိတ်တွေနဲ့ ထင်မြင်ယူဆပြီး ခေါ်ပြောနှုတ်ဆက်ဖို့ကို တွန့်ဆုတ်ခဲ့ရတာတွေကိုလည်း ကြာတော့ ကိုယ့်ကိုယ်ကိုယ်မုန်းလာတယ်။ ဘယ်လောက်တောင် ကြောက်စိတ်တွေနဲ့ ရှင်သန်ခဲ့ရလဲဆိုရင် အရင်ကအသုံးပြုတဲ့ ဖုန်းကတ်ကိုတောင် မသုံးရဲတော့ဘဲ ကတ်အသစ်ဝယ်ထည့်ပြီး အသုံးပြုရတာကိုလည်း မုန်းလာတယ်။ အများထင်သလို ကိုယ်တွေက ဥပဒေဘောင်ထဲမှာနေတယ်ဆိုရင် ဒီလိုမျိုးကြောက်စိတ်တွေ၊ ကိုယ့်ကိုယ်ကိုယ် အလိုမကျမှုတွေ၊ အမုန်းတရားတွေနဲ့ နေထိုင်နေစရာမလိုဘူးလို့ ထင်ပါတယ်။ အတော့်ကို ဝမ်းနည်းစရာကောင်းပါတယ်။ အခုဆိုရင် သူစိမ်းတစ်ယောက်လာရင်ပဲ ထွက်ပြေးရတော့မှာလိုလို၊ ရဲတို့၊ စစ်သားတို့ဆို ပိုလို့တောင် ဆိုးပါသေးတယ်။ နောက်အဆိုးဆုံးကတော့ လုပ်ဖော်ကိုင်ဖက် အစ်ကိုတွေ၊ အစ်မတွေ၊ မောင်တွေ၊ ညီမ တွေကို ဖေ့စ်ဘွတ်ပေါ်တင်ပြီး အရှက်ခွဲ၊ စော်ကား၊ တိုက်ခိုက်ဝေဖန်၊ ဆဲဆိုထားတာတွေကိုလည်း CDM မလုပ်ဘဲ ကျန်နေခဲ့တဲ့ အဲဒီအစ်ကိုတွေ၊ အစ်မတွေ၊ မောင်တွေ၊ ညီမတွေက အပြစ်မမြင်ဘဲ သင်ပုန်းချေပေးခဲ့လို့လဲ ပိုလို့တောင် ဝမ်းနည်းမိပါတယ်။

ဒီလိုနဲ့ နောက်ဆုံးတော့ ကျွန်မအိမ်ကလည်း CDM ဆက်လုပ်နေမယ်ဆိုရင် အိမ်ကို ပြန်မလာခဲ့နဲ့လို့ပြောတော့ ဇဝေဇဝါဖြစ်နေတဲ့ ကျွန်မစိတ်တွေ အမှန်တရားရဲ့လမ်းကြောင်းကို ရှာတွေ့ခဲ့တယ်ပြောရမှာပဲ။ အခုဆိုရင် ဘယ်ဟာက မှန်လဲ၊ ဘယ်ဟာက မှားလဲဆိုတာရယ်၊ ဘယ်အဖွဲ့အစည်းက တရားဝင်လဲ၊ တရားမဝင်လဲဆိုတာရယ်၊ ဘယ်အစိုးရတက်တက် နိုင်ငံ့ဝန်ထမ်းဆိုတာ ကိုယ့်အလုပ်ကို လုပ်နေရမှာပဲဆိုတာတွေကို အချိန်မီသိရှိခွင့်ရလို့ ကျေနပ်မိတယ်။ အခုတော့ ကိုယ့်လိပ်ပြာကို လုံလုံခြုံခြုံနဲ့ ဥပဒေဘောင်အတွင်းမှာပဲ နေထိုင်နေပါပြီလို့ ပြောချင်ပါတယ်။

**အောင်ငြိမ်းသူ**

---

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

## ဘဏ်တွေကို မဖွင့်နိုင်အောင် နောက်ကွယ်က ကြိုးဆွဲနေကြသူတွေကို ဖော်ထုတ်ပြီး အမြန်ဆုံးအရေးယူပေးပါ

**အယ်ဒီတာခင်ဗျာ-**

အခုအခါ ပြည်သူလူထုတွေ ငွေကြေးလည်ပတ်စေဖို့အတွက် ပုဂ္ဂလိကဘဏ်တွေပြန်လည်ဖွင့်လှစ်ဖို့ နိုင်ငံတော်အစိုးရနဲ့ ဘဏ်လုပ်ငန်းရှင်တို့က ဆောင်ရွက်နေကြတယ်လို့ ကြားသိရပါတယ်။အဲဒီလိုဘဏ်တွေ ပြန်ဖွင့်ဖို့လုပ်ဆောင်ရာမှာ CDM လှုပ်ရှားသူတွေက ဘဏ်ကိုလာရောက်မယ့်ဝန်ထမ်းတွေကိုရုံးမတက်ကြစေဖို့အတွက် အတင်းအကျပ်ဖိအားပေးတောင်းဆိုနေတာတွေကိုလည်း ကြားရပြန်ပါတယ်။ ဒီကာလမှာ ဘဏ်တွေမဖွင့်နိုင်လို့ ပြည်သူတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးတို့အတွက် ငွေကြေးသုံးစွဲမှုကျပ်တည်းလာတာကိုလည်း မြင်တွေ့နေရပါတယ်။

ဘဏ်တွေရပ်တန့်နေလို့ အထိနာကြရသူတွေကတော့ မိမိတို့ပြည်သူအများစုပဲဖြစ်ပါတယ်။ ငွေသားကိုင်ဆောင်နေရာကနေ နိုင်ငံတကာ၊ ပြည်တွင်းငွေကတ်မျိုးစုံကို ကိုင်ဆောင်ထားကြတဲ့ မြို့ပြလူတန်းစားတွေ၊ ငွေသားတွေကို ဘဏ်တွေထဲသိမ်းထားပြီး လိုသလောက်သာ ထုတ်သုံးလိုကြတဲ့ တောင်သူတွေ၊ ပို့ကုန်တင်ပို့တဲ့အခါ ဘဏ်တွေကိုပဲ အားထားပြီး ငွေလွှဲ၊ ငွေလက်ခံလုပ်နေကြတဲ့ လုပ်ငန်းရှင်တွေ လစာအတွက်ဘဏ်ကနေ ကိုယ်ပိုင်အကောင့်ထဲကို လွှဲယူလက်ခံကြတဲ့ လခစားဝန်ထမ်းတွေအားလုံး ထိခိုက်ခံစားကြရပါတယ်။

ပြည်သူတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါဒဏ်ကြောင့် လပေါင်းများစွာ စီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှုတွေ၊ တစ်ဦးချင်းဝင်ငွေတွေ ကျဆင်းနေကြရတဲ့ကြားထဲမှာ ဘဏ်လုပ်ငန်းတွေ ရပ်တန့်နေမယ်ဆိုရင် သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းတွေ၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအားလုံး အထိနာကုန်ပြီး ကုန်ဈေးနှုန်းထိန်းချုပ်နိုင်မှုကို လည်းရိုက်ခတ်လာနိုင်စေပါတယ်။ အဲဒီလိုဆိုးရွားတဲ့အကျိုးဆက်ကို ခံစားရမယ့်သူတွေကတော့ ပြည်သူတွေပဲဖြစ်ပါတယ်။

ပုဂ္ဂလိကဘဏ်အများစုမှာ ငွေကြေးအပ်နှံတာ၊ လွှဲပြောင်းတာနဲ့ ချေးငွေရယူကြသူတွေအားလုံးဟာ ပြည်သူတွေပဲဖြစ်ပါတယ်။ ပြည်သူတွေဟာ ဘဏ်တွေ ပိတ်ထားကြတဲ့နောက်ဆက်တွဲ အကျိုးဆက်ကို စတင်ခံစားနေကြရပြီး ငွေကြေးသုံးစွဲမှုမှာ အကြီးမားဆုံး ထိခိုက်ကြရသူတွေပါ။ မိမိတို့ သမ္မာအာဇီဝနဲ့ ရှာဖွေထားတဲ့ ငွေကြေးတွေကို ကိုယ်တိုင်ထုတ်ယူဖို့အခက်အခဲဖြစ်နေတဲ့ အခြေအနေကိုတော့ ဘယ်နိုင်ငံသားကမှ ရေရှည်တောင့်ခံနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ပြည်သူတွေကို ဝန်ဆောင်မှုပေးနေတဲ့ ဘဏ်တွေကို မဖွင့်နိုင်အောင် နောက်ကွယ်က ကြိုးဆွဲနေကြသူတွေအပါအဝင် စည်းရုံးလှုံ့ဆော်နေသူတွေကို ဖော်ထုတ်ပြီး ထိထိရောက်ရောက် အမြန်ဆုံး အရေးယူဆောင်ရွက်ပေးဖို့ စာတည်းမှတစ်ဆင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေထံသို့ တင်ပြလိုက်ပါတယ်။

**ပြည်သူတစ်ဦး**

---

**အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်**

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# မတ် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

.(၁၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၁၃,၄၇၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၄၇) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၃၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မတ် ၁၄**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၄၅ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# Quarantine Center တွင်ထားရှိသည့် အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကို လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့သည့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် နယ်မြေခံတပ်ရင်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center ၌ ထားရှိပြီး လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သားပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၀၄၃၆၆၂ | ၂၂၁၀၈၅၉၆ | ၅၄၆၆၀၅ |
| ၂။ | ဘရာဇီး | ၁၁၄၃၉၂၅၀ | ၁၀၀၃၆၉၄၇ | ၂၇၇၂၁၆ |
| ၃။ | အိန္ဒိယ | ၁၁၃၅၉၀၄၈ | ၁၀၉၈၉၈၉၇ | ၁၅၈၆၄၂ |
| ၄။ | ရုရှား | ၄၃၉၀၆၀၈ | ၃၉၉၅၃၀၉ | ၉၂၀၉၀ |
| ၅။ | ဗြိတိန် | ၄၂၅၃၈၂၀ | ၃၄၂၄၀၉၂ | ၁၂၅၄၆၄ |
| ၆။ | ပြင်သစ် | ၄၀၄၅၃၁၉ | ၂၇၂၆၁၅ | ၉၀၃၁၅ |
| ၇။ | အီတလီ | ၃၂၀၁၈၃၈ | ၂၅၇၉၈၉၆ | ၁၀၁၈၈၁ |
| ၈။ | စပိန် | ၃၁၈၃၇၀၄ | ၂၈၅၇၇၁၄ | ၇၂၂၅၈ |
| ၉။ | တူရကီ | ၂၈၆၆၀၁၂ | ၂၆၈၅၅၆၀ | ၂၉၄၂၁ |
| ၁၀။ | ဂျာမနီ | ၂၅၆၉၈၅၀ | ၂၃၅၈၀၀၀ | ၇၃၉၀၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၁၉၄၅၅ | ၁၂၄၃၁၁၇ | ၃၈၄၂၆ |
| ၂။ | ဖိလစ်ပိုင် | ၆၂၁၄၉၈ | ၅၆၀၅၁၂ | ၁၂၈၂၉ |
| ၃။ | မလေးရှား | ၃၂၃၇၆၃ | ၃၀၆၂၇၄ | ၁၂၁၀ |
| ၄။ | မြန်မာ | ၁၄၂၁၄၇ | ၁၃၁၇၃၉ | ၃၂၀၂ |
| ၅။ | စင်ကာပူ | ၆၀၁၀၅ | ၅၉၉၆၁ | ၃၀ |
| ၆။ | ထိုင်း | ၂၆၉၂၇ | ၂၆၁၅၄ | ၈၆ |
| ၇။ | ဗီယက်နမ် | ၂၅၅၄ | ၂၀၈၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၃၀၅ | ၆၄၇ | ၁ |
| ၉။ | ဘရူနိုင်း | ၁၉၉ | ၁၈၅ | ၃ |
| ၁၀။ | လာအို | ၄၈ | ၄၂ | ၀ |

**ကိုဗစ်-၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၄၀၄၄ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၃၅၄၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၆၂၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၇၅၄ ဦး ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၇၈၆၃ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၀၃၉၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၄၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၂ ကြိမ် ပါဝင်နေသူများမှာ ၁၈၈ ဦး ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၅၈၈၉၈ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၀၁၄၇၅ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၉၇၆၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၀၇၈ ဦး ဖြစ်သည်။

၅။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မဲရုံပေါင်း ၂၂ ရုံ | ၃၄၀၄၄ | ၂၃၅၄၄ | ၆၂၅ | ၆ | ၇၅၄ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် မဲရုံပေါင်း ၁၈ ရုံ | ၁၇၈၆၃ | ၂၀၃၉၁ | ၁၄၉ | - | ၁၈၈ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မဲရုံပေါင်း ၁၂၀ ရုံ | ၁၅၈၈၉၈ | ၁၀၁၄၇၅ | ၉၇၆၈ | ၂၄ | ၂၀၇၈ |

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၇။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၁၆၁ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၇၈၄၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၂၂၉၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၅၅၄၃၊ မြေပြင် လက်ကျန် ၉၃၅၇၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၀၆၅ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ် တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူ ရရှိ | အသုံးပြုပြီး | ကျန်ရမည့် အရေအတွက် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | အလျော့ | အတိုး |
| ၁ | လမ်းမတော်မြို့နယ် | ၂၂ | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |
| ၂ | လသာမြို့နယ် | ၁၈ | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |
| ၃ | မရမ်းကုန်းမြို့နယ် | ၁၂၀ | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | - |
| | စုစုပေါင်း | ၁၆၁ | ၂၃၇၈၄၁ | ၁၄၂၂၉၈ | ၉၅၅၄၃ | ၉၃၅၇၃ | ၂၀၆၅ | ၉၅ |

**လမ်းမတော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၃၅၅၅၀ | ၁၉၁၉၀ | ၁၆၃၆၀ | ၁၅၁၈၇ | ၁၁၈၃ | ၁၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၃၃၃၈ | ၇၃၀ | ၂၆၀၈ | ၂၆၀၈ | - | - |
| | စုစုပေါင်း | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |

၈။ လမ်းမတော်မြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ မဲရုံ ၂၂ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၁၈၃ ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၆၀၈ ဖြစ်၍ မြေပြင်တွင် ၂၆၀၈ ကျန်ရှိနေသည်။ ယင်းတို့အနက်မှ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပေးထားခြင်းထက် ၁၀ ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၉။ လမ်းမတော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံ | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက်ဆုံး | အပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၃၃၀၀ | ၁၈၅၅ | ၁၄၄၅ | ၁၄၄၆ | | ၁ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂ | ၄၅၅၀ | ၂၂၆၅ | ၂၂၈၅ | ၂၁၅၁ | ၁၃၄ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၂ | ၃၂၅၀ | ၁၆၂၀ | ၁၆၃၀ | ၇၂၉ | ၉၀၁ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၂ | ၃၃၅၀ | ၁၈၈၈ | ၁၄၆၂ | ၁၄၆၄ | | ၂ |
| ၅ | အမှတ်(၅)ရပ်ကွက် | ၂ | ၃၄၅၀ | ၁၉၆၃ | ၁၄၈၇ | ၁၄၃၈ | ၄၉ | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၂ | ၄၅၀၀ | ၂၃၆၈ | ၂၁၃၂ | ၂၁၃၄ | | ၂ |
| ၇ | အမှတ်(၇)ရပ်ကွက် | ၃ | ၅၆၅၀ | ၂၉၉၇ | ၂၆၅၃ | ၂၆၅၈ | | ၅ |
| ၈ | အမှတ်(၈)ရပ်ကွက် | ၁ | ၁၅၅၀ | ၁၀၁၃ | ၅၃၇ | ၅၃၃ | ၄ | |
| ၉ | အမှတ်(၉)ရပ်ကွက် | ၂ | ၂၅၅၀ | ၁၄၀၇ | ၁၁၄၃ | ၁၀၉၆ | ၄၇ | |
| ၁၀ | အမှတ်(၁၀)ရပ်ကွက် | ၁ | ၁၂၅၀ | ၄၆၉ | ၇၈၁ | ၇၈၁ | | |
| ၁၁ | အမှတ်(၁၁)ရပ်ကွက် | ၁ | ၈၀၀ | ၄၃၆ | ၃၆၄ | ၃၆၄ | | |
| ၁၂ | အမှတ်(၁၂)ရပ်ကွက် | ၁ | ၉၀၀ | ၅၀၂ | ၃၉၈ | ၃၅၀ | ၄၈ | |
| ၁၃ | မော်တော်ယာဉ်ဈေး | ၁ | ၄၅၀ | ၄၀၇ | ၄၃ | ၄၃ | | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၂၂ | ၃၅၅၅၀ | ၁၉၁၉၀ | ၁၆၃၆၀ | ၁၅၁၈၇ | ၁၁၈၃ | ၁၀ |
| | မြို့နယ်မဲလက်ကျန် | | ၃၃၃၈ | ၇၃၀ | ၂၆၀၈ | ၂၆၀၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |

**လသာမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၈၉၀၀ | ၁၀၆၂၂ | ၈၂၇၈ | ၈၁၀၂ | ၂၄၉ | ၇၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၈၉ | ၃၀၈ | ၈၁ | ၉၃ | - | ၁၂ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၁၉၄ | - | ၁၁၉၄ | ၁၁၉၄ | - | - |
| | စုစုပေါင်း | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |

၁၀။ လသာမြို့နယ်၊ ရပ်ကွက်(၁၀)ရပ်ကွက်ရှိ မဲရုံ(၁၈)ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၄၉ ရွက် ပျောက်ဆုံးနေပြီး မဲလက်မှတ်အရေအတွက် ၇၃ ရွက်နှင့် မြို့နယ်ကြိုတင်မဲလက်မှတ် အရေအတွက် ၁၂ ရွက် စုစုပေါင်း ၈၅ ရွက် ပိုနေကြောင်း စိစစ်တွေ့ရှိရသည်။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ အမှတ် | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁) ရပ်ကွက် | ၂ | ၂၁၅၀ | ၁၁၃၅ | ၁၀၁၅ | ၁၀၁၈ | - | ၃ |
| ၂ | အမှတ်(၂) ရပ်ကွက် | ၂ | ၂၃၅၀ | ၁၁၅၈ | ၁၁၉၂ | ၉၉၂ | ၂၀၀ | - |
| ၃ | အမှတ်(၃) ရပ်ကွက် | ၂ | ၂၀၅၀ | ၁၂၇၂ | ၇၇၈ | ၇၈၀ | - | ၂ |
| ၄ | အမှတ်(၄) ရပ်ကွက် | ၂ | ၂၅၀၀ | ၁၃၆၈ | ၁၁၃၂ | ၁၁၄၂ | - | ၁၀ |
| ၅ | အမှတ်(၅) ရပ်ကွက် | ၂ | ၂၁၀၀ | ၁၂၀၃ | ၈၉၇ | ၉၀၁ | - | ၄ |
| ၆ | အမှတ်(၆) ရပ်ကွက် | ၂ | ၂၁၀၀ | ၁၁၁၅ | ၉၈၅ | ၉၃၆ | ၄၉ | |
| ၇ | အမှတ်(၇) ရပ်ကွက် | ၂ | ၁၉၅၀ | ၁၀၆၃ | ၈၈၇ | ၈၉၁ | - | ၄ |
| ၈ | အမှတ်(၈) ရပ်ကွက် | ၂ | ၂၁၅၀ | ၁၁၆၅ | ၉၈၅ | ၉၈၅ | - | - |
| ၉ | အမှတ်(၉) ရပ်ကွက် | ၁ | ၁၀၀၀ | ၇၆၆ | ၂၃၄ | ၂၃၄ | - | - |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၁ | ၅၅၀ | ၃၇၇ | ၁၇၃ | ၂၂၃ | - | ၅၀ |

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၁၈ | ၁၈၉၀၀ | ၁၀၆၂၂ | ၈၂၇၈ | ၈၁၀၂ | ၂၄၉ | ၇၃ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲ | | ၃၈၉ | ၃၀၈ | ၈၁ | ၉၃ | - | ၁၂ |
| | မြို့နယ်လက်ကျန် | | ၁၁၉၄ | - | ၁၁၉၄ | ၁၁၉၄ | - | - |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |

မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၆၆၇၅၀ | ၁၀၈၇၂၀ | ၅၈၀၃၀ | ၅၇၃၉၇ | ၆၃၃ | - |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၂၇၂၈ | ၂၇၂၈ | - | - | - | - |
| ၃ | မြို့နယ်မဲလက်ကျန် | ၈၉၉၂ | - | ၈၉၉၂ | ၈၉၉၂ | - | - |
| | စုစုပေါင်း | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | - |

၁၂။ မရမ်းကုန်းမြို့နယ် ရပ်ကွက်စုစုပေါင်း ၁၀ ရပ်ကွက်ရှိ မဲရုံပေါင်း ၁၂၁ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၆၃၃ ရွက် ပျောက်ဆုံးနေပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၆၇၀၂၂ ရွက် ဖြစ်သော်လည်း မြေပြင်တွင် ၆၆၃၈၉ ရွက် ကျန်ရှိနေသည်။ ယင်းတို့အနက် ၈၉၉၂ ရွက်မှာ အသစ်အတိုင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ | ထုတ်ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက်ဆုံး |
|---|---|---|---|---|---|---|---|
| ၁ | အမှတ် (၁) ရပ်ကွက် | ၂၀ | ၃၆၅၀၀ | ၂၃၀၁၆ | ၁၃၄၈၄ | ၁၃၂၂၄ | ၂၆၀ |
| ၂ | အမှတ် (၂) ရပ်ကွက် | ၂၄ | ၃၂၀၀၀ | ၂၀၈၀၄ | ၁၁၁၉၆ | ၁၁၁၃၅ | ၆၁ |
| ၃ | အမှတ် (၃) ရပ်ကွက် | ၁၆ | ၂၂၄၀၀ | ၁၄၉၁၁ | ၇၄၈၉ | ၇၄၃၉ | ၅၀ |
| ၄ | အမှတ် (၄) ရပ်ကွက် | ၉ | ၁၁၅၀၀ | ၈၁၆၉ | ၃၃၃၁ | ၃၃၃၁ | - |
| ၅ | အမှတ် (၅) ရပ်ကွက် | ၂၁ | ၂၈၄၅၀ | ၁၈၂၇၆ | ၁၀၁၇၄ | ၉၉၃၂ | ၂၄၂ |
| ၆ | အမှတ် (၆) ရပ်ကွက် | ၆ | ၆၂၀၀ | ၄၀၈၇ | ၂၁၁၃ | ၂၀၉၃ | ၂၀ |
| ၇ | အမှတ် (၇) ရပ်ကွက် | ၄ | ၆၉၀၀ | ၄၄၅၀ | ၂၄၅၀ | ၂၄၅၀ | - |
| ၈ | အမှတ် (၈) ရပ်ကွက် | ၉ | ၁၁၀၀၀ | ၇၁၃၀ | ၃၈၇၀ | ၃၈၇၀ | - |
| ၉ | အမှတ် (၉) ရပ်ကွက် | ၇ | ၇၃၀၀ | ၄၇၅၆ | ၂၅၄၄ | ၂၅၄၄ | - |
| ၁၀ | အမှတ် (၁၀) ရပ်ကွက် | ၅ | ၄၅၀၀ | ၃၁၂၁ | ၁၃၇၉ | ၁၃၇၉ | - |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၂၁ | ၁၆၆၇၅၀ | ၁၀၈၇၂၀ | ၅၈၀၃၀ | ၅၇၃၉၇ | ၆၃၃ |
| | မြို့နယ်ကြိုတင်မဲ | | ၂၇၂၈ | ၂၇၂၈ | - | - | - |
| | မြို့နယ်မဲလက်ကျန် | | ၈၉၉၂ | - | ၈၉၉၂ | ၈၉၉၂ | - |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ |

၁၄။ မရမ်းကုန်းမြို့နယ်တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ ဆန္ဒမဲပေးသူ ၁၁၁၂၈၈ ဖြစ်ပါသည်။ မြေပြင်စစ်ဆေးရာတွင် မဲလက်မှတ် ၁၁၁၄၄၈ ရွက် သုံးစွဲထားသဖြင့် မဲလက်မှတ် ၁၆၀ ရွက် ပိုမိုသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ လူပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သောအဖွဲ့သည် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး/ဆရာလေးများ၊ လူပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာ၌ အကြိမ် (၆၀)မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ကြမည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဓမ္မာစရိယနှင့် ပထမပြန် အထူးအောင် သံဃာတော်များအပါအဝင် ၂၂၃ ပါး၊ သီလရှင်ဆရာကြီး/ဆရာလေး ရှစ်ပါး၊ အခမ်းအနားသို့တက်ရောက်ကြမည့် လူပုဂ္ဂိုလ် ၁၁ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ကြက်သွန်နီများ ဖြန့်ဖြူး

**မန္တလေး မတ် ၁၄**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ သမဝါယမ အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသော ကြက်သွန်နီများကို သမဝါယမမိသားစုများ၊ အသင်းသူ အသင်းသားများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မတ် ၉ ရက်တွင် သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ကြက်သွန်နီ ၇၅ ပိဿာ၊ ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုမှ ကြက်သွန်နီ ၁၅ ပိဿာ၊ ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစုမှ ကြက်သွန်နီ ပိဿာချိန် ၂၀၀ စုစုပေါင်းပိဿာချိန် ၂၉၀ ကို ဖြန့်ဖြူး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရဲစခန်းများအား လေးခွ၊ ဓာတ်ဆီပုလင်းတို့ဖြင့် အကြမ်းဖက်ရန်ပြု ပစ်ခတ်မှုဖြစ်ပွား



ချမ်းအေးသာစံမြို့နယ် အမှတ်(၆)နယ်မြေရဲစခန်း


ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း





**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုမလိုလားသည့် လူစုလူဝေးများ အနေဖြင့် မသမာသူတို့၏ နောက်ကွယ်မှ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများ ရောက်ရှိအောင်၊ ဆူပူအကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက် အကြမ်းဖက်ရန်ပြုခြင်းများကို တစ်နေ့တခြား ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရှိရသည်။

ထိုသို့ ဆောင်ရွက်မှုများအဖြစ် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေသူ ဦးဇော်လွင်မိသားစု၏အိမ်အား အကြမ်းဖက်လူအုပ်စုက သတင်းပေးဟု ခေါင်းစဉ်တပ်အကြောင်းပြ၍ ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်ကာ ၅၉ လမ်းနှင့် ၁၁၂ လမ်းထောင့်ရှိ သံဃိသုခမ္မာရုံအတွင်း ချုပ်နှောင်ထားရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ကယ်ထုတ်ခဲ့ပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်ကို ကျေနပ်မှုမရှိသော အကြမ်းဖက်လူအုပ်စုက မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် (မြောက်)ရပ်ကွက် ၇၈ လမ်းနှင့် ၄၂ လမ်းထောင့်ရှိ ရဲစခန်းအား ၇၈ လမ်းမှ မောင်းနှင်လာသည့် ဆိုင်ကယ် ငါးစီး၊ လူ ၁၀ ဦးခန့်(စိစစ်ဆဲ) တို့က ရဲစခန်းမြောက်ဘက်ပေါက်အား လေးခွများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ရဲစခန်းရှိတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ လေးခွဖြင့် အကြမ်းဖက်ပစ်ခတ်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထို့ပြင် အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် အကွက် ၂၀၀၊ ၂၆ လမ်း၊ ၈၉ x ၉၀ လမ်းကြားရှိ ရဲစခန်းအား ၂၆ လမ်းပေါ်မှ ဆိုင်ကယ် ခြောက်စီးနှင့် လူ ၁၂ ဦးခန့် (စိစစ်ဆဲ) မောင်းနှင်ရောက်ရှိလာပြီး လမ်းလယ်မျဉ်းနေရာမှ ရဲစခန်းဝင်းအတွင်းသို့ မီးရှို့ထားသော ဓာတ်ဆီပုလင်း နှစ်လုံး၊ ရဲစခန်းရှေ့ မျက်နှာစာသို့ ဓာတ်ဆီပုလင်း တစ်လုံးတို့ဖြင့် အကြမ်းဖက်ရန်ပြု ပစ်ပေါက်ခဲ့ရာ ရဲစခန်းဝင်းရှိ စစ်ရေးပြကွင်း၊ နေအိမ်လိုင်းခန်းရှေ့နှင့် ရဲစခန်းဝင်ပေါက်အနီးတို့တွင် ကျရောက်ခဲ့သဖြင့် ရဲစခန်းရှိ တပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါအကြမ်းဖက်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မဟာအောင်မြေမြို့နယ် ၈၃ လမ်း၊ ၃၅ x ၃၆ လမ်းရှိ ရဲစခန်းအား ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦး(စိစစ်ဆဲ)က ဓာတ်ဆီပုလင်း တစ်လုံးအား မီးရှို့၍ အကြမ်းဖက်ရန်ပြုပစ်ပေါက်ခဲ့ရာ ရဲစခန်းခြံစည်းရိုးအား ထိမှန်ကျရောက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါအကြမ်းဖက်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ မွန်းလွဲ ၃ နာရီခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်းနှင့် ၆၂ လမ်းထောင့်ရှိ ရဲစခန်းအား ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦး(စိစစ်ဆဲ)က ဓာတ်ဆီပုလင်းတစ်လုံးအား မီးရှို့ကာ အကြမ်းဖက်ရန်ပြုပစ်ပေါက်ခဲ့ရာ ရဲစခန်းအတွင်းရှိ အိမ်ထောင်သည်လိုင်းခန်းအနီး ကျရောက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူများမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အလားတူ မဟာအောင်မြေမြို့နယ် ၈၁ လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား ရပ်ကွက်အတွင်း လမ်းများပိတ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးဟု စွပ်စွဲကာ အကြမ်းဖက်သူ လူအုပ်စုက ဝင်/ထွက်လမ်းများတွင် တာယာကွင်းများပုံ၍ မီးရှို့ခြင်း၊ အသံပေးလက်လုပ်ဗုံးများ ပစ်ခတ်ခြင်း၊ ညာသံပေးအော်ဟစ်ခြင်း စသည်ဖြင့် မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အချိန်မီသွားရောက်၍ ဒေသတွင်း အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လူစုခွဲဆောင်ရွက်ခဲ့ရသည်။

ဖြစ်စဉ်များတွင် ဆူပူအကြမ်းဖက်သူများ၏ ဓာတ်ဆီပုလင်းဖြင့် ပစ်ခတ်မှုနှင့်လေးခွဖြင့် ပစ်ခတ်မှုတို့ကြောင့် တပ်ဖွဲ့ဝင်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီး၊ ဒဏ်ရာရရှိမှုမရှိကြောင်း၊ လူစုခွဲခြင်း ဆောင်ရွက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဆူပူအကြမ်းဖက်သူ အမျိုးသား ၁၅ ဦးအား ဥပဒေအရ အရေးယူနိုင်ရေး ထိန်းသိမ်းထားရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်ကျူးလွန်သူများအား ဥပဒေနှင့်အညီ စိစစ်ဖော်ထုတ်အမှုဖွင့်လှစ် အရေးယူနိုင်ရေးဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့်လက်လုပ်ဒိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား ပြုလုပ်ရောင်းချသူနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အတွင်း ဆူပူဆန္ဒပြမှုများကို အကြောင်းပြု၍ ဆူပူအကြမ်းဖက်မှုများကို ပိုမိုအရှိန်မြှင့်စေရန် ရည်ရွယ်ချက်ဖြင့် လူစုလူဝေးများအတွင်း အသုံးပြုရန်အတွက် ကိုယ်ကျိုးရှာစီးပွားရေးသမားများက လက်လုပ်ဒေသန္တရပစ္စည်းများကို တီထွင်ရောင်းချနေကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန်နယ်မြေ(၈) ဗိုလ်တေဇလမ်းနှင့် ၃၄ လမ်းထောင့် ဖိုးတွဲတွင်ခုံလုပ်ငန်း၌ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် လက်လုပ်ဒိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ မတ် ၁၃ ရက် ညနေ ၆ နာရီခန့်တွင် သွားရောက်ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ တွင်ခုံပိုင်ရှင်ဖြစ်သူ သန့်ဇင်ဦး ၄၅ နှစ် (ဘ) ဦးတင်ညွန့်ကိုအသင့်ပြုလုပ်ပြီး အနက်ရောင်သံပြားဒိုင်းကာ ခုနစ်ခု၊ နီကယ်ရောင် စတီးဒိုင်းကာ ကိုးခု၊ ဖြတ်စက် တစ်ခု၊ ဆေးဘူးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အေးမြသာယာရပ်ကွက် ဓမ္မစေတီလမ်းရှိ လူမနေသည့် အိမ်ဟောင်းတစ်လုံးတွင်လည်း ဆူပူဆန္ဒပြမှုများတွင် အသုံးပြုသည့် ဒိုင်းများ သိမ်းဆည်းထားရှိကြောင်း သိရသဖြင့် မတ် ၁၃ ရက် ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်သိမ်းဆည်းခဲ့ရာ ဆူပူဆန္ဒပြမှုများတွင် အသုံးပြုသည့် ဒိုင်း ၁၀ ခုကို သိမ်းဆည်းရမိခဲ့ပြီး ထိုသို့ သိမ်းဆည်းနေစဉ် ၎င်းအိမ်အနောက်ဘက်တွင် နေထိုင်သူများက ဟန့်တားနှောင့်ယှက်ခဲ့သဖြင့် ဝတ္တရားနှောင့်ယှက်သူလေးဦးအားဥပဒေအရ စစ်ဆေးဆောင်ရွက်နိုင်ရေး ထိန်းသိမ်းခဲ့သည်။

ဆူပူဆန္ဒပြမှုများတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားရှိပြီး တရားမဝင်ပစ္စည်းများ လက်ဝယ်ထားရှိသူ သန့်ဇင်ဦးအား မုံရွာမြို့မရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# ကချင်ပြည်နယ် ဖားကန့်မြို့၌ လူစုလူဝေးဖြစ်ပွားမှုအား လူစုခွဲရှင်းလင်းစဉ်

## အမျိုးသားတစ်ဦး သေဆုံး၊ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၄**

ဖားကန့်မြို့ မရှိကထောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဦးဆောင်သူ(စိစစ်ဆဲ)၊ ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၄၅၀ ခန့်သည် နိုင်ငံတော်ဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ကြွေးကြော်ကာ ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အဆိုပါဆူပူဆန္ဒပြလူစုလူဝေးများအား လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြသူများက အကြမ်းဖက်ရန်ပြုပစ်ခတ်မှုကြောင့် ရဲတပ်သား ဇော်ဇော်အောင်တွင် ယာမျက်ခုံးပေါက်ပြဲဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ ကျော်လင်းထိုက်(၃၀)နှစ် (ဘ)ဦးတင်ဝ ဆိတ်မူရပ်ကွက် ဖားကန့်မြို့နေသူမှာ ထိခိုက်ဒဏ်ရာရရှိကာ သေဆုံးသွားခဲ့ပြီး အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ကာ လိုအပ်သည့်လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့နှင့် မိုးဖြဲမြို့တို့တွင် ဆူပူအကြမ်းဖက်သူများကို လူစုခွဲစဉ် ပြန်လည်ခုခံသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံး၊ ခြောက်ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၁၄**

ပဲခူးမြို့နှင့် မိုးဖြဲမြို့တို့တွင် ဆူပူအကြမ်းဖက်သူများကို လူစုခွဲစဉ် ပြန်လည်ခုခံသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက် မဂ္ဂတစ်လမ်းဆုံ၌ ဦးဆောင်သူ(စိစစ်ဆဲ) လူစုလူဝေးအင်အား ၁၀၀ ခန့်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ က အများပြည်သူသွားလမ်းမအား အတားအဆီးများဖြင့် ကာရံပိတ်ဆို့ပြီး သွားလာမရအောင်ပြုလုပ်၍ နိုင်ငံတော်ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ကြွေးကြော်ကာ ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း။

အဆိုပါ ဆူပူဆန္ဒပြသူ လူစုလူဝေးများကို လူစုခွဲရန် ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဖြေလျှော့နေစဉ်အတွင်းမှာပင် လူအုပ်စုအတွင်းမှ အုတ်ခဲ၊ ကျောက်ခဲ၊ လောက်လေးခွ၊ သေနတ်(စိစစ်ဆဲ)တို့ဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့ရာ ဒုရဲအုပ် ကျော်နိုင်ဦးမှာ ယာဘက်ရင်ဘတ် ထိခိုက်ဒဏ်ရာရရှိကာ ကျဆုံးခဲ့ပြီး ရဲတပ်သား တင်ဇာမျိုး၊ ရဲတပ်သား ရဲလင်းအောင်နှင့် ရဲတပ်သား အောင်ကျော်လင်းတို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့



သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲခဲ့ရကြောင်း။

ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ အမျိုးသား သုံးဦး(စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရပြီး ဆူပူဆန္ဒပြသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည့်အတွက် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိကာ ကျဆုံးခဲ့သူ ဒုရဲအုပ် ကျော်နိုင်ဦး၏ ခန္ဓာကိုယ်အားခွဲစိတ်စစ်ဆေးရာ ဝဲဘက်လက်မောင်း အနောက်ဘက်အား ရုပ်ထိပြီး နံရိုး နံပါတ် ၈ နှင့် ၉ မှ ဖောက်ဝင်ကာ အူလမ်းကြောင်းအားဖြတ်၍ ဆီးအိမ်အနီး၌ ကျည်ဆန်ထိပ်ဖူးအား တွေ့ရှိရကြောင်း၊ တွေ့ရှိရသည့် ကျည်ဆန်ထိပ်ဖူးမှာ ပွိုင့် ၂၂ ကျည်ဆန် ထိပ်ဖူးဖြစ်ပြီး အမဲပစ်သေနတ်များတွင် အသုံးပြုပစ်ခတ်သော ကျည်အမျိုးအစားဖြစ်ကြောင်း၊ ဒဏ်ရာရရှိမှုအနေအထားအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဆောက်အအုံအမြင့်တစ်ခုမှ နေရာယူ၍ ပစ်ခတ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ ကျန်ဒဏ်ရာရရှိသူ ရဲတပ်ဖွဲ့ဝင် သုံးဦး၏ ဒဏ်ရာများနှင့် ပတ်သက်၍လည်း စိစစ်လျက်ရှိကြောင်း။

အလားတူ နံနက် ၉ နာရီခွဲခန့်တွင် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မိုးဖြဲမြို့ မိုးဖြဲ-ပီကင်းသွားကားလမ်းမပေါ်၌ ဦးဆောင်သူ(စိစစ်ဆဲ) ဆူပူဆန္ဒပြသူအင်အား ၃၀၀ ခန့်သည် ကားလမ်းမအားပိတ်ဆို့ကာ နိုင်ငံတော်ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်၍ ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခြေအနေအား ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ ဆူပူဆန္ဒပြသူ လူစုလူဝေးများအား လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိသည့်အပြင် လူအင်အား ၁၅၀ စီဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရှေ့နောက်ပိတ်ဆို့ဝန်းရံကာ အုတ်ခဲ၊ လေးခွတို့ဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သဖြင့် ဒုရဲမှူး သန်းလွင် ဝဲဘက်ခြေသလုံးပေါက်ပြဲ၊ ရဲတပ်သား မင်းသိန်းထွေး နဖူးထိမှန်ဒဏ်ရာ၊ ဒုတပ်ကြပ် ကျော်ငွေးနိုင် နဖူးပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ် လေးစီးတွင် လေကာမှန်ကွဲ၊ ကားဘော်ဒီများ ပွန်းပဲ့ပျက်စီးခဲ့ရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးမြို့ မီးရထားရဲစခန်းအား လူစုလူဝေးမှ အကြမ်းဖက်ရန်ပြု မီးကွင်းပစ်ခတ်မှု လူစုခွဲ

**နေပြည်တော် မတ် ၁၄**




နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုမလိုလားသည့် လူစုလူဝေးများအနေဖြင့် မသမာသူတို့၏ နောက်ကွယ်မှ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများ ရောက်ရှိအောင် ဆူပူ အကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက် အကြမ်းဖက် ရန်ပြုခြင်းများကို တစ်နေ့တခြား ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရသည်။

ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ ပဲခူးဘူတာနှင့် ကိုက် ၁၅၀ ခန့်အကွာရှိ ပဲခူးမီးရထားရဲစခန်းအား ဦးဆောင်သူ(စိစစ်ဆဲ)၊ ဆူပူအကြမ်းဖက်သူ အင်အား ၂၀၀ ခန့်သည် ဂျင်ကလိ၊ လေးခွ၊ မီးကွင်းတို့ဖြင့် အကြောင်းမဲ့ အော်ဟစ်ဆဲဆိုကာ အကြမ်းဖက်ရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့ကြသဖြင့် မီးရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူ လူစုလူဝေးအား ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရသည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ မီးကွင်းဖြင့်ပစ်ခတ်မှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိသော်လည်း မီးကွင်းမှာ စခန်းအတွင်းရှိ အမှိုက်ပုံပေါ်သို့ ကျရောက်မီးလောင်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရကြောင်းနှင့် မီးရထားရဲစခန်းလုံခြုံရေးအတွက် တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ကာ လုံခြုံရေးရယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအား ဖြိုခွဲရှင်းလင်းရာမှ အကြမ်းဖက်အဖွဲ့အစည်းအသုံးပြုသည့် လက်လုပ်မိုင်းများနှင့် WY ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသည့် လူစုလူဝေးများအနေဖြင့် စည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းပေါ်သို့ လူအုပ်စုများရောက်ရှိအောင် ဆူပူအကြမ်းဖက်မှု မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု အကြမ်းဖက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိပြီး ၂၀၂၁ ခုနှစ် မတ် ၁၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်း ပြည်မြို့ ပြည်သာယာရပ်ကွက် ရွှေတစ်ချောင်းလမ်းမပေါ်တွင် လူစုလူဝေးများဖြင့် ဆူပူလျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့များက လူစုခွဲခဲ့ရာ နံနက် ၉ နာရီ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ငင်းဖြစ်စဉ်တွင် ပါရှိခဲ့သူ ထက်ဝေယံ (ခ)အိုးလေး (၂၃)နှစ် (ဘ)ဦးအေးချို၊ ပြည်မြို့နေသူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ သတင်းဖော်ထုတ်မှုအရ အကြမ်းဖက်အဖွဲ့အနေဖြင့် အသုံးပြုသည့် လက်လုပ်မိုင်း ၂၆ လုံး၊ အဆိပ်ငွေ့ဗုံး နှစ်လုံး၊ ဓား




နှစ်ချောင်း၊ ဒိုင်း ခြောက်ခု၊ ကျည်ကာ သုံးခု၊ မီးသတ်ဆေးဘူး ခုနစ်ဘူး၊ အခြား ပစ္စည်းမျိုးစုံ ခုနစ်မျိုးနှင့် WY စိတ်ကြွ ရူးသွပ်ဆေးပြား ၇၃၉ ပြားကို ထပ်မံ သိမ်းဆည်းရရှိခဲ့၍ ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်ဆူပူသူများအနေဖြင့် အသက်အန္တရာယ်ရှိသော လက်နက်များကို အသုံးပြုခြင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို ကိုယ်တိုင်သုံးစွဲခြင်း၊ လူငယ်လူရွယ်များထံဝေငှ၍ သောက်သုံးစေခြင်းဖြင့် အမှား၊ အမှန် ခွဲခြားနိုင်မှုမရှိ၊ ဆင်ခြင်ပိုင်းခြားနိုင်မှုမရှိအောင် သွေးထိုးလှုံ့ဆော်ဆောင်ရွက်လာခြင်းကြောင့် ပြည်သူလူထုအနေဖြင့် မိမိတို့၏ သားသမီးများ၊ ဆွေမျိုးများ အကြမ်းဖက်မှုတွင် မပါဝင်စေရေး အသုံးချခံမဖြစ်စေရေး သတိရှိကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် လုံခြုံရေးဆောင်ရွက်



**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# Rescue Task Force (RTF) အဖွဲ့ဝင် ခုနစ်ဦး သထုံမြို့သို့ ပြန်လည်ရောက်ရှိမှု

**နေပြည်တော် မတ် ၁၄**

Rescue Task Force (RTF)အဖွဲ့ဝင်အချို့သည် မတ် ၈ ရက်တွင် ကျိုက်ထိုမြို့ ဟိုတယ်တစ်ခုသို့ရောက်ရှိခဲ့စဉ် လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၎င်းတို့ပြောပြချက်အရ RTF အဖွဲ့ဝင် ၁၇ ဦးခန့်သည် ဒုဥက္ကဋ္ဌ မင်းခန့်ကျော် ဦးစီး၍ မတ်လ ပထမပတ်အတွင်း ရန်ကုန်မှ ဘီးလင်း၊ ၎င်းမှတစ်ဆင့် KNU နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံရမည်ကို စိုးရိမ်၍ တိမ်းရှောင်သွားခဲ့ကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။



၎င်းဖြစ်စဉ်ပါ တိမ်းရှောင်သွားသူ ၁၇ ဦးအနက်မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ခုနစ်ဦးသည် မတ် ၁၃ ရက် ညပိုင်းတွင် သထုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့ရာ ၎င်းတို့အဖွဲ့ ၁၇ ဦးသည် မတ် ၅ ရက်တွင် ရန်ကုန်မြို့မှ အငှားယာဉ်ဖြင့် ထွက်ခွာခဲ့ကာ ဘီးလင်းမြို့နယ် မဲလန်ကျေးရွာသို့ ရောက်ရှိပြီး ဘုန်းကြီးကျောင်းတွင် ညအိပ်ခဲ့ကြောင်း၊ ၎င်းနောက် ခေါင်းဆောင်ဖြစ်သူ မင်းခန့်ကျော်က KNU နယ်မြေအတွင်း ဆေးဝါးကုသခြင်းသင်တန်းပေးမည်ဟုသိရှိရပြီး ကရင်အမျိုးသား နှစ်ဦးက ၎င်းတို့အဖွဲ့ကို လာရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် ကရင်တိုင်းရင်းသားကျေးရွာ တစ်ရွာအတွင်း စာသင်ကျောင်းတစ်ခုသို့ရောက်ရှိခဲ့ကြောင်း၊ ၎င်းနေရာတွင် KNU အဖွဲ့ဝင်ဟု ယူဆရသူ အရပ်ဝတ်ဖြင့် လူအချို့လာရောက်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးမှုမရှိသဖြင့် ၎င်းတို့အဖွဲ့မှ ၁၀ ဦးသည် ၎င်းတို့အဖွဲ့ ခုနစ်ဦးထက် နှစ်ရက်စောကာ ၎င်းနယ်မြေမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရပြီး ၎င်းတို့အဖွဲ့ ခုနစ်ဦးသည် မတ် ၁၃ ရက်တွင် သထုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖော်ပြပါဖြစ်စဉ်များအရ လူငယ်ထုများသည် အတွေးအမြင် စဉ်းစားဆုံးဖြတ်နိုင်မှုအားနည်းစွာဖြင့် သွေးထိုးမြှောက်ပင့် စည်းရုံးလှုံ့ဆော်နေသူများ၏ ဝါဒမှိုင်းတိုက်မှုကြောင့် လမ်းမှားသို့ရောက်ရှိနိုင်သည့် အခြေအနေသို့ ဦးတည်နေသည်ကို တွေ့ရှိရပါသဖြင့် မိဘပြည်သူ လူထုအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# တစ်ခုတည်းသော ငွေကြေးရင်းနှီးမြှုပ်နှံရာ ရန်ကုန်စတော့အိတ်ချိန်း

**မြင့်မောင်စိုး**

လူအများစုက မိမိတို့စီးပွားရှာဖွေလုပ်ကိုင်ကြရာမှ ပိုလျှံငွေများကို ဘဏ်မှာအပ်နှံပြီး ဘဏ်တိုးလေးဖြင့် အေးအေးလူလူ နေတတ်ကြပါသည်။ ရန်ကုန်စတော့အိတ်ချိန်းလိုမျိုးနေရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံပြီး စီးပွားတိုးအောင်လုပ်မည့်သူက အလွန်နည်းပေလိမ့်မည်။ အကြောင်းသည်ကား ရန်ကုန်စတော့အိတ်ချိန်းနှင့်ပတ်သက်၍ ဂဃနဏ မသိသည်က တစ်ကြောင်း၊ လူထု၏ယုံကြည်အားထားမှု အားနည်းနေသေးသည်ကတစ်ကြောင်း စသောအကြောင်းခြင်းရာများကြောင့် ရန်ကုန်စတော့အိတ်ချိန်းသည် တိုးတက်ရန်အားယူနေရဆဲ ဖြစ်သည်။ စတော့အိတ်ချိန်းနှင့်ပတ်သက်၍ လူထုလူတန်းစားများ အကြား အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အမှန်ပင်လိုအပ်နေဆဲဖြစ်သည်။

**စတော့အိတ်ချိန်း၏သဘော**

စတော့အိတ်ချိန်း၏သဘောသည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အများပိုင်ကုမ္ပဏီကြီးတစ်ခုက ၎င်းတို့ပိုင်ဆိုင်သောအစုရှယ်ယာများကို အများပြည်သူအား ထုတ်ရောင်းခြင်းဖြစ်သည်။ ထိုအစုရှယ်ယာများကိုပင် ရင်းနှီးမြှုပ်နှံသူအချင်းချင်း ရောင်းဝယ်ကြခြင်း ဖြစ်သည်။ ကုမ္ပဏီ၏ စီးပွားရေးတိုးတက်မှုသည် စတော့ရှယ်ယာအတက်အကျနှင့် များစွာသက်ဆိုင်သည်။ ကုမ္ပဏီ၏စီးပွားရေး တိုးတက်ကောင်းမွန်လျှင် စတော့ရှယ်ယာဈေးတက်မည်။ စီးပွားရေး မကောင်းလျှင် စတော့ရှယ်ယာဈေးကျမည်။ ထို့ကြောင့် မိမိဝယ်ယူထားသော စတော့ရှယ်ယာသည် စီးပွားရေးတိုးတက်ခိုင်မာမှုအားကောင်းသောကုမ္ပဏီဖြစ်ရန် အထူးပင်အရေးကြီးပါသည်။

ရန်ကုန်စတော့အိတ်ချိန်း (YSX) ဆိုသည်မှာ မြန်မာနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်အတွက် ပထမဦးဆုံးသော စတော့အိတ်ချိန်းကြီး ဖြစ်သည်။

ယခုအခါ ရန်ကုန်စတော့အိတ်ချိန်း ( YSX ) တွင် စာရင်းဝင်ကုမ္ပဏီ ခြောက်ခုအထိ ရှိလာပြီ ဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်း ( YSX ) ကို မြန်မာနိုင်ငံ၏ ငွေကြေးအရင်းအနှီးဈေးကွက်အဖြစ် အများပြည်သူ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တိုးပွားလာစေရန် ရည်ရွယ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ စတင်တည်ထောင်ခဲ့ကြောင်း၊ ယခုအခါ ပထမမြန်မာ့ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက် (FMI)၊ မြန်မာသီလဝါအက် (စ်) အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ် (FPB)၊ TMH Telecom Public CO.,Ltd နှင့် EFR Group Public Companies တို့က ရန်ကုန်စတော့အိတ်ချိန်းအပေါ်တွင် ရှယ်ယာရောင်းဝယ်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်မည့် ကုမ္ပဏီတစ်ခုချင်းစီသည် အများပိုင်ကုမ္ပဏီများဖြစ်ကြပြီး သတ်မှတ်ထားသော အချက် ၁၇ ချက်နှင့် ကိုက်ညီညီညွတ်မှုရှိမှသာ ရန်ကုန်စတော့အိတ်ချိန်းက လက်ခံအသိအမှတ်ပြုရောင်းဝယ်နိုင်ကြောင်း သိရသည်။

**ခိုင်မာမှုအပြည့်အဝရှိ**

ရန်ကုန်စတော့အိတ်ချိန်းတွင် ရင်းနှီးမြှုပ်နှံလိုသူပြည်သူတစ်ဦးအနေဖြင့် အထက်ဖော်ပြပါ ကုမ္ပဏီများအနက် မိမိကြိုက်နှစ်သက်ရာ ကုမ္ပဏီမှ စတော့ရှယ်ယာကိုဝယ်ယူနိုင်မည် ဖြစ်သည်။ သို့တည်းမဟုတ် ကုမ္ပဏီအားလုံးမှလည်း ဝယ်ယူနိုင်ပါသည်။ မိမိ၏ငွေကြေးတတ်နိုင်မှုနှင့် စိတ်ဝင်စားမှုအပေါ်တွင် မူတည်ပေလိမ့်မည်။ သို့သော် စီးပွားရေးကောင်းမွန်သောကုမ္ပဏီမှ အစုရှယ်ယာကို ဝယ်ယူခြင်းသည် ခိုင်မာမှုအပြည့်အဝရှိပေလိမ့်မည်။

စတော့ရှယ်ယာတွင် ရင်းနှီးမြှုပ်နှံလိုသူတစ်ဦးအနေဖြင့် ပထမဦးဆုံး လိုင်စင်ရငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုမှာ စတော့ရှယ်ယာအကောင့်ဖွင့်ဖို့ လိုအပ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ခြောက်ခုရှိပါသည်။ ၎င်းငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို Securities Company ဟုဆိုကြပါသည်။ သို့သော် Securities ဟုဆို၍ လုံခြုံရေးကို ဆိုလိုခြင်းမဟုတ်ပေ။ စတော့ရှယ်ယာလောကတွင် Securities သည် လွှဲပြောင်းရောင်းချနိုင်သော စတော့ရှယ်ယာများ၊ Bond ဟုခေါ်သော ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ ထုတ်ပေးရာငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ ဖြစ်ကြသည်။ ၎င်းတို့မှာ (၁) MSEC၊ (၂) KBZsc၊ (၃) CB securities၊ (၄) AYA Trust၊ (၅) KTzRh နှင့် (၆)uab securities တို့ဖြစ်ကြသည်။

**အွန်လိုင်းမှစတော့ရှယ်ယာအကောင့်အသစ်ဖွင့်ခွင့်ပြုထား**

စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံလိုသူတစ်ဦးအနေဖြင့် ဖော်ပြပါကုမ္ပဏီများသို့ သွားရောက်ကာ ဝယ်ယူရခြင်းဖြစ်သည်။ ဤသို့ဝယ်ယူရခြင်းသည် ယခင်ကာလများက ဖြစ်သည်။ ယခုအခါမှာတော့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်က ( ၂/၂၀၂၀) ထုတ်ပြန်ချက်ကို ၂၀၂၀ ပြည့်နှစ် မေလ ၂၉ ရက်နေ့က ထုတ်ပြန်ခဲ့ပြီးနောက် အွန်လိုင်းမှတစ်ဆင့် စတော့ရှယ်ယာအကောင့်အသစ်ဖွင့်ခွင့်ပြုထားကြောင်း သိရသည်။ ထို့ကြောင့် စတော့ရှယ်ယာများကို အွန်လိုင်းမှတစ်ဆင့် ရောင်းနိုင်၊ ဝယ်နိုင်သည့်သဘော ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် စတော့ဈေးကွက်ဖွင့်လှစ်နိုင်ခဲ့သည်မှာ ငါးနှစ်ပင်ကျော်ခဲ့လေပြီ။ ကမ္ဘာမှာတော့ ဒတ်ချ်လူမျိုးများက စတင်ခဲ့ကြောင်း၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ် စတော့အိတ်ချိန်းကို ၁၆၀၈ ခုနှစ်တွင် အစောဆုံးဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းနောက် အနှစ် ၂၀၀ ခန့်အကြာတွင် အင်္ဂလန်စတော့အိတ်ချိန်း၊ ယင်းနောက် နယူးယောက်စတော့အိတ်ချိန်း၊ တိုကျိုစတော့အိတ်ချိန်း စသည်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ မှတ်သားသိရှိရပါသည်။ ယနေ့ကမ္ဘာတွင် အကြီးဆုံးစတော့အိတ်ချိန်းသည် အမေရိကန်နိုင်ငံ နယူးယောက်စတော့အိတ်ချိန်းဖြစ်ကြောင်း သိရပေသည်။

ဤနေရာတွင် သတိပြုမိသည့်အချက်တစ်ခုမှာ စတော့အိတ်ချိန်းများ၏ရှေ့တွင် နိုင်ငံများ၏ အမည်ကို မတွေ့ရဘဲ မြို့များကိုသာ တွေ့ရသည်။ နယူးယောက်စတော့အိတ်ချိန်း၊ တိုကျိုစတော့အိတ်ချိန်း စသည်ဖြင့် မြို့များကို အစွဲပြုထားခြင်းပင် ဖြစ်သည်။ မြို့ကြီးများတွင် နေထိုင်ကြသော ငွေကြေးချမ်းသာသူများ၊ သူဌေးသူကြွယ်များ ငွေကို အရင်းအနှီးပြု၍ ရောင်းဝယ်ဖောက်ကားကြသည့်သဘောရှိသည်။ ငွေကြေးချမ်းသာသူများ၊ ကုမ္ပဏီကြီးများအခြေစိုက်ရာ မြို့ကြီးများ၌သာ စတော့အိတ်ချိန်းကို ဖွင့်လှစ်ကြခြင်း ဖြစ်သည်။

**ရန်ကုန်စတော့အိတ်ချိန်းအဆောက်အအုံ**

မြန်မာနိုင်ငံတွင် ရန်ကုန်စတော့အိတ်ချိန်းကို စီးပွားရေးမြို့တော် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ရှေးဟောင်းဘဏ်အဆောက်အအုံကြီး၌ ဖွင့်လှစ်ထားသည်။ ထိုအဆောက်အအုံကြီးတွင် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က အပြာရောင်ကမ္ပည်းပြားကိုလည်း ကပ်ထားသည်ကို တွေ့ရသည်။ ကမ္ပည်းပြားတွင် အိန္ဒိယရီဇတ်ဖ်ဘဏ်အဖြစ် ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ အသုံးပြုခဲ့ရာမှ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အဖြစ် ပြောင်းလဲခေါ်ဆို အသုံးပြုခဲ့ကြောင်း၊ ပထမဆုံးမြန်မာကျပ်ငွေကို ဤဘဏ်မှ ၁၉၅၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံကြီးသည် ယဉ်ကျေးမှုအမွေအနှစ်ရှုထောင့်က ကြည့်မည်ဆိုလျှင်လည်း အဖိုးမဖြတ်နိုင်သောအမွေအနှစ်တစ်ခုပင် ဖြစ်သည်။ အဆောက်အအုံကြီးသည် ခံ့ညားထည်ဝါရုံမက အတွင်းပိုင်းတွင် ဘဏ်ကောင်တာများမှာ ယနေ့ထက်တိုင် လက်ရာကောင်းတစ်ခုအဖြစ် တွေ့မြင်နေရဆဲဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်းအတွင်းထဲသို့ဝင်လိုက်မည်ဆိုလျှင် LED Board တစ်ခုကို တွေ့ရမည်။ ထို Electronic Screen ကြီးသည် နေ့စဉ် အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်နေသော စတော့ရှယ်ယာဈေးနှုန်းများကို ဖော်ပြထားသည်။ စာရင်းဝင်ကုမ္ပဏီ ခြောက်ခု၏ စတော့ရှယ်ယာပေါက်ဈေးကို တွေ့ရမည်ဖြစ်သည်။ စတော့ရှယ်ယာဝယ်ယူသူများက ဖြစ်ပေါ်နေသော စတော့ဈေးနှုန်းအခြေအနေကို ကြည့်ရှုလေ့လာပြီး ဝယ်ယူကြခြင်း ဖြစ်သည်။ ငွေချေးသက်သေခံလက်မှတ်ရကုမ္ပဏီ ခြောက်ခုက ရန်ကုန်စတော့အိတ်ချိန်းနှင့် ချိတ်ဆက်ကာ အရောင်းအဝယ်အော်ဒါများကို တင်ပေးနေခြင်းဖြစ်သည်။

ထူးခြားချက်တစ်ရပ်မှာ စတော့ရှယ်ယာ LED Board ကြီး၏ဘေးရှိ ရွှေခေါင်းလောင်းကြီးပင် ဖြစ်သည်။ ထိုခေါင်းလောင်းကြီးသည် ရန်ကုန်စတော့အိတ်ချိန်းသို့ စတင်ဝင်ရောက်ရောင်းချသည့် ကုမ္ပဏီကြီးများက စတင်ဝင်ရောက်ရောင်းချသည့်နေ့မှာပင် အထိမ်းအမှတ်အနေဖြင့် ကုမ္ပဏီသူဌေးကြီးများက ခေါင်းလောင်းတီး၍ ဖွင့်လှစ်ပေးကြခြင်းဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်စတော့အိတ်ချိန်း ပေါ်ပေါက်လာခြင်းသည် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာတစ်ခုပင်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးဓနအင်အားတောင့်တင်းလာမှု အခြေအနေအရပ်ရပ်ကိုလည်း ဖော်ပြသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ ငွေကြေးစီးဆင်းမှုအရင်းအနှီးများ ပြည်ပနိုင်ငံကြီးများနည်းတူ ရောင်းဝယ်ဖောက်ကားလာနိုင်ခြင်းပင်ဖြစ်သည်။ လူတိုင်း ခေတ်စနစ်နှင့်အညီ ငွေကြေးကို အရင်းအနှီးပြုပြီး လုပ်ကိုင်နိုင်သော ခေတ်တစ်ခေတ်သို့ ပြောင်းလဲတိုးတက်လာနေပြီဖြစ်သည်။ ငွေပိုငွေလျှံရှိသူများအနေဖြင့် စတော့ရှယ်ယာများ ဝယ်ယူစုဆောင်းကြမည်ဆိုလျှင် စတော့ရှယ်ယာများ အပြိုင်အဆိုင်ဖြစ်လာပြီး ခိုင်မာသော ငွေကြေးဈေးကွက်တစ်ခုအဖြစ် ရပ်တည်လာနိုင်ကာ အကျိုးအမြတ်များလည်း ရရှိပိုင်ဆိုင်လာကြမည် ဖြစ်ပါသည်။ ။



- ❖ ရန်ကုန်စတော့အိတ်ချိန်း (YSX) ဆိုသည်မှာ မြန်မာနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်အတွက် ပထမဦးဆုံးသော စတော့အိတ်ချိန်းကြီးဖြစ်။
- ❖ ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် စာရင်းဝင်ကုမ္ပဏီခြောက်ခုအထိ ရှိလာပြီဖြစ်။ ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်မည့်ကုမ္ပဏီတစ်ခုချင်းစီသည် အများပိုင်ကုမ္ပဏီများဖြစ်ကြပြီး သတ်မှတ်ထားသော အချက် ၁၇ ချက်နှင့် ကိုက်ညီ ညီညွတ်မှုရှိမှသာ ရန်ကုန်စတော့အိတ်ချိန်းက လက်ခံ အသိအမှတ်ပြုရောင်းဝယ်နိုင်။

## ကုန်တင်ယာဉ်များနှင့် အဝေးပြေးခရီးသည်တင်ယာဉ်များ သွားလာမှုအဆင်ပြေချောမွေ့ရေး ရှင်းလင်းဆွေးနွေး

**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ယာဉ်များ၊ အဝေးပြေးခရီးသည် တင်ယာဉ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း သွားလာမှု အဆင်ပြေချောမွေ့ရေးအတွက် လိုက်နာရမည့်အချက်များ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အဝေးပြေးခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကုန်တင်ယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များအနေဖြင့်ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်းလိုက်နာရမည့်အချက်များ နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲမှုအဖွဲ့၊ အတွင်းရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဟန်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက ကုန်တင်ယာဉ်များနှင့် အဝေးပြေးခရီးသည်တင်ယာဉ်များ သွားလာမှု အဆင်ပြေချောမွေ့ရေးအတွက် လိုက်နာရမည့် အချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီးဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂) ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**





## တောင်ကြီးမြို့ပေါ်ရှိ ပုဂ္ဂလိကအထွေထွေရောဂါကုဆေးရုံ လုပ်ငန်းရှင်ကြီးများနှင့်တွေ့ဆုံ

**တောင်ကြီး မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ပေါ်ရှိ ပုဂ္ဂလိကအထွေထွေရောဂါကုဆေးရုံ လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၃ နာရီက တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နှစ်ဦးနှစ်ဖက်ပူးပေါင်း၍ ပြည်သူများအား ဆေးကုသပေးနိုင်ရေးနှင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ အထွေထွေရောဂါကုဆေးရုံများဖြစ်သည့် ထွန်းဆေးရုံ၊ ပတ္တမြားဆေးရုံ၊ မိုးသုခဆေးရုံ၊ မြတ်တော်ဝင်ဆေးရုံ၊ ပန်းလှိုင်ဆေးရုံ၊ ခိုင်မေတ္တာဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများက ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား နွေးထွေးစွာကြိုဆို

**မော်လမြိုင် မတ် ၁၄**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတား (မုပ္ပလင်)၌ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား (မွန်ပြည်နယ်သူ/သား)များအား နွေးထွေးစွာကြိုဆိုကြသည်။

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မွန်ပြည်နယ်သူ/ သားများအား မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများက အစားအစာများ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးသုံး ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ပြီး နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြန်လည်ရောက်ရှိလာသူ စုစုပေါင်း ၂၂၃ ဦးရှိကြောင်း သိရသည်။

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သထုံမြို့နယ် ဒေးဗရိန်းကျေးရွာအုပ်စုကွင်းအမှတ်(၇၀၂၊ ၇၀၃(ခ)၊ ၇၀၅၊ ၇၀၆၊ ၇၀၇) ရှိ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း (စနစ်တကျလယ်မြေ) (၈၅၈) ဧကဖော်ထုတ်ခြင်း လုပ်ငန်းအခြေအနေများကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒလမြို့နယ်၌ နွေရာသီကာလရေရှားပါးမှုမဖြစ်စေရေးအတွက် သောက်သုံးရေကန်များအား အချိန်ပိုင်းဖြင့်ပေးဝေ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း သောက်သုံးရေကန်များ၌ ရေတဖြည်းဖြည်း လျော့နည်းလာလျက်ရှိပြီး ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုမဖြစ်စေရေးနှင့် လုံလောက်မှုရရှိစေရေးအတွက် ရေကန်များအား အချိန်ပိုင်းဖြင့်သာ ပေးဝေလျက်ရှိရာ လက်ရှိအချိန်တွင် ရပ်ကွက်အများစုမှာ တစ်ရက်လျှင် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂ နာရီ ခပ်ယူခွင့်ပြုထားပြီး တချို့ရပ်ကွက်များ၌ တစ်နာရီသာ ရေခပ်သည့် (အချိန်)ကို ခပ်ယူခွင့်ပြုထားကြောင်း သိရသည်။

“ဒီသောက်သုံးရေကန်ကြီးက တစ်ရက်ကို တစ်ကြိမ်ပဲပေးတာ၊ ညနေ ၄ နာရီကနေ ၅ နာရီအထိ တစ်နာရီပဲ ခပ်ယူရတယ်၊ သောက်ရေအတွက်ပဲ ခပ်ကြတာ၊ တစ်နာရီပဲ ခပ်ယူခွင့်ရတာဆိုတော့ မြန်မြန်ခပ်ရတယ်၊ သုံးရေက စည်ပင်ကလာတဲ့ရေကို ရလို့အဆင်ပြေတယ်၊ တချို့လည်း ဝယ်သုံးရတာရှိတာပေါ့၊ ကိုယ့်ရပ်ကွက်မှာ ရေကန်လည်းနည်း၊ ရေလည်းနည်းနေလို့ ဒီဘက်ရပ်ကွက်မှာ လာခပ်ကြတာများတယ်၊ လူများတဲ့အခါ အိမ်နဲ့နီးရင် ရေထမ်းပုံး(တစ်စုံ) ၈ ထမ်းလောက်ရတယ်၊ အိမ်ဝေးရင်တော့ ငါးထမ်း၊ ခြောက်ထမ်းလောက်ရတာပေါ့၊ ရေကတော့ နှစ်တိုင်းရှားမှာပဲ၊ လောလောဆယ် အခြေအနေမှာ အဆင်ပြေနေပါသေးတယ်” ဟု ရာဇသင်္ကြန်ရပ်ကွက်မှ ညောင်ကုန်းရပ်ကွက်ရှိ မဟာသင်္ကြန်သောက်သုံးရေကန်ကြီးသို့ လာရောက်ရေခပ်သည့် ပြည်သူတစ်ဦးက ပြောကြားသည်။



ညောင်ကုန်းရပ်ကွက်ရှိ မဟာသင်္ကြန်ကန်ကြီး၌ သောက်သုံးရေအတွက် ဒေသခံများ တန်းစီခပ်ယူနေကြစဉ်။

မြို့နယ်အတွင်းရှိ ရေကန်များအနေဖြင့် မြို့ပေါ်ရပ်ကွက် (၂၄)ရပ်ကွက်၌ မြေသားရေကန်ပေါင်း ၁၂၄ကန်ရှိပြီးကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာတွင် မြေသားရေကန် ၂၀၈ ကန် စုစုပေါင်း ၃၃၂ ကန်ရှိကာ အဆိုပါရေကန်များကိုပင် သောက်ရေ၊ သုံးရေအဖြစ် အဓိကအားထားသုံးစွဲနေကြသော မြို့နယ်တစ်ခုပင်ဖြစ်ပေသည်။

ပြည်သူများ၏ သောက်သုံးရေအတွက် လိုအပ်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာလျက်ရှိသလို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ နှစ်စဉ်လူဦးရေတိုးပွားလာမှု၊ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် များပြားလာလျက်ရှိခြင်းကြောင့် သောက်သုံးရေအတွက် ပိုမိုလိုအပ်လာလျက်ရှိသည်။

တွံတေးမြို့နယ် ရန်ကုန်ပေါက် ရေပေးဝေရေးစခန်းမှ တစ်ရက်လျှင် ရေဂါလန် ၁ ဒသမ ၂ သန်းရရှိပြီး ဒလမြို့ပေါ်ရှိ ရပ်ကွက် ၂၄ ရပ်ကွက်မှ ရေမီတာသုံးစွဲသူ အိမ်ထောင်စုပေါင်း ၄၆၂၂ စုကို ပိုက်လိုင်းစနစ်ဖြင့် တစ်နေ့လျှင် ၁၈ နာရီ အလှည့်ကျ ပေးဝေလျက်ရှိကြောင်း မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

**နိုင်လင်းကျော်**
**(IPRD)**

## တီးတိန်မြို့၌ ဆိတ်အရောင်းအဝယ်ကောင်းသည့်အတွက် ဆိတ်မွေးမြူသူများ အဆင်ပြေ

**တီးတိန် မတ် ၁၄**
ချင်းပြည်နယ် တီးတိန်မြို့တွင် ဆိတ်အရောင်းအဝယ်ကောင်းသည့်အတွက် ဆိတ်မွေးမြူသူများနှင့် ဆိတ်အရောင်းအဝယ်လုပ်ကိုင်သူများ တွက်ခြေကိုက်၍ ဝင်ငွေကောင်းလာကြောင်း တီးတိန်မြို့နယ် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူသူများထံမှ သိရသည်။

တီးတိန်မြို့နယ်တွင် စီးပွားဖြစ်ဆိတ်မွေးမြူရေး လုပ်ကိုင်သူနည်းပါးပြီး တစ်ပိုင်တစ်နိုင်ဆိတ်မွေးမြူသူများသာရှိသည့်အတွက် ရောင်းအားနည်းကာ ဝယ်ယူမှုအားများနေသည့်အတွက် ဆိတ်မွေးမြူသူများ ဈေးကောင်းရပြီး ယခုကာလဆိတ်အရောင်းအဝယ်ဈေးကွက်တွင် အရွယ်ရောက်ပြီးကြီးထွားသည့် ဆိတ်ထီးတစ်ကောင်လျှင် ငွေကျပ်တစ်သိန်းဝန်းကျင်နှင့် ဆိတ်မတစ်ကောင်လျှင် ငွေကျပ်ငါးသောင်းမှ ရှစ်သောင်းအထိ ဆိတ်အကောင်အကြီး၊ အသေးပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းသည် ခေတ်ရေစီးကြောင်းအရ တိုးပွားလာသည့် ပြည်သူလူထု၏ အသားစားသုံးမှုနှင့် အာဟာရလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ကြောင်း၊ ဆိတ်သည် တစ်နှစ်လျှင် နှစ်ကြိမ်သားမွေးနိုင်ပြီး တစ်နှစ်အတွင်း အရွယ်ရောက်ကြောင်း၊ ကျန်းမာသန်စွမ်းသည့် ဆိတ်မတစ်ကောင်သည် တစ်ကြိမ်လျှင် သားနှစ်ကောင်မွေးနိုင်ကြောင်း၊ ဆိတ်မတစ်ကောင်မှ တစ်နှစ်လျှင် ဆိတ်လေးကောင်အထိ တိုးပွားနိုင်ကြောင်း၊ တိုးပွားမှုနှုန်းကောင်းပြီး ထိန်းကျောင်းရန်လွယ်ကူသော ဆိတ်မွေးမြူရေးလုပ်ငန်းကို စီမံကိန်းစနစ်ဖြင့် တိုးချဲ့မွေးမြူသင့်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ချင်းပြည်နယ်တွင် စိမ့်စမ်းချောင်းရေပေါများခြင်း၊ သစ်ပင်နှင့် မြက်ပင်မျိုးစုံ ပေါက်ရောက်ခြင်းတို့ကြောင့် စားကျက်မြေ လုံလောက်ကောင်းမွန်သော ဒေသဖြစ်သဖြင့် တိုးပွားမှုနှုန်း မြန်ဆန်ကောင်းမွန်သော ဆိတ်မွေးမြူရေးလုပ်ငန်းမှာ ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်သော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ဖိုဟေဆာ**





## ညောင်ဦးမြို့နယ်၌ အပူဒဏ်ကာကွယ်ရန် ထန်းရွက်များ ဝယ်ယူမှုနည်းလာပြီး ထန်းရွက်ဈေးနှုန်းလည်းကျဆင်းနေ

**ညောင်ဦး မတ် ၁၄**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထန်းတောပိုင်ရှင်များ အပူဒဏ်ကာကွယ်ရေး ထန်းရွက်များ ရောင်းချနေရသော်လည်း ဈေးနှုန်းမနှစ်ကထက်ကျဆင်းလာကြောင်း ညောင်ဦးမြို့နယ် အောက်ညဥ့်ကျေးရွာမှ ထန်းရွက်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်သည့် ဦးမောင်ဆန်းထံမှ သိရသည်။

ညောင်ဦးမြို့နယ် ထန်းရွက်ရောင်းချခြင်းလုပ်ငန်းကို ထန်းတက်ရာသီတွင် ထန်းပင်များ ထန်းတက် ထန်းလှီးရန် ပြင်ဆင်ချိန် ထန်းရွက်များအားခုတ်ချထားပြီး ထန်းရွက်အစိုမှာပင်ပြန့်သွားစေရန် အရွက်များဖြန့်ပြီးထပ်တားရကြောင်း၊ သို့မှသာ ထန်းရွက်များပြန့်နေပြီး ရောင်းပန်းလှကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ထန်းရွက်ရောင်းချသည့် နေရာအထိလာရောက်ဝယ်ယူပါကထန်းရွက်တစ်ရွက်လျှင်ငွေကျပ် ၁၇၀ဖြင့် ရောင်းချရပြီး မနှစ်ကထန်းရွက်တစ်ရွက်လျှင်ငွေကျပ် ၂၁၅ ကျပ်ရောင်း ချ ခဲ့ရကြောင်း၊ ယခုနှစ်ထန်းရွက်ဈေးနှုန်းကျဆင်းလာပြီး ထန်းရွက်ဝယ်ယူမှုလည်း နည်းလာခဲ့ ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ထန်းရွက်ရောင်းချခြင်းအား နွေဦးပေါက်ရာသီတွင် ရောင်းချရမှုများပြီး ထန်းရွက်ဝယ်ယူသူများသည် နွေရာသီအအေးဆိုင်၊ စားသောက်ဆိုင်၊ အပူဒဏ်ကာကွယ်ရန် အတွက် ထန်းရွက်များကို အရိပ်စင်၊ တဲ ၊ အဖီဆွဲခြင်းများတွင်မိုး၍ အပူဒဏ်ကာကွယ်ကြကြောင်း၊ အညာဒေသတွင် တိုက်တာ၊သွပ်မိုးအဆောက်အအုံများ ဆောက်လုပ်ကြသော်လည်း နွေရာသီ အပူဒဏ်ကာကွယ်ရန် ထန်းရွက်မိုးတဲခြင်း၊ အရိပ်ရရန်အဖီဆွဲခြင်း၊ ထန်းရွက်အရိပ်စင်များဖြင့် နွေဥတုအတွက် ထန်းရွက်များဝယ်ကာဆောက်လေ့ရှိကြောင်း ငါ့သရောက်မြို့ ထန်းငယ်တောရပ်နေ ဦးအောင်ဆန်းက ရှင်းပြသည်။

ထန်းပင်ပေါ်မှထန်းရွက်ခုတ်ချချိန်တွင် ထန်းရွက်နှင့်အတူ ထန်းလက်ပါပါရှိခဲ့ပြီး ထန်းလက်အား သပ်သပ်ရောင်းချရပြီး ထန်းလက်တစ်လက်လျှင်ငွေကျပ်ငွေ ၅၀ ဖြင့် ရောင်းချရကြောင်း သိရသည်။ ထန်းလက်အား ထန်းကုလားထိုင်၊ ထန်းလက်စားပွဲ၊ ထန်းခေါက်ဖာ၊ ထန်းလျှော်၊ ထန်းဖျာ၊ နွားများထိန်းချုပ်ရန် နွားနဖားကြိုးကျစ်အသုံးပြုခြင်း၊ ကြမ်းကွပ်ခြင်း၊ ထန်းလက်အား အညာဒေသတွင် ခြံစည်းရိုးအဖြစ်ကာရံခြင်း (ဒေသအခေါ်ဝင်းထရံ)၊ ထန်းလက်အခင်းပြုလုပ်ခြင်းများပြုလုပ်ကြကြောင်း ပိုင်ထန်းတဲပိုင်ရှင် ဦးမောင်ဆန်းက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့တို့တွင် ထန်းတော၊ ထန်းပင်များ အင်မတန်ပေါများကာ ရင့်မာသည့်ထန်းပင် ပင်စည်ကိုခွဲခြမ်းစိတ်ဖြာကာ အိမ်တိုင်၊ တဲတိုင်၊ ယောက်၊ အချဉ်၊ ဒိုင်း၊ မြားအဖြစ် အသုံးပြုခြင်း၊ ထန်းရွက်အား အမိုးအကာပြုလုပ်ခြင်း၊ ထန်းလက်အား ကုလားထိုင်နှင့်ဆက်စပ်ပစ္စည်းများအသုံးပြုခြင်း၊ ထန်းသီး၊ ထန်းနို့အား ထန်းရည်ရရှိအောင်ပြုလုပ်ပြီး ထန်းလျက်ချက်လုပ်ခြင်း၊ ထန်းသီးထန်းနို့အား နွားစာအဖြစ် ကျွေးကြခြင်း၊ ထန်းသီးမှည့်အား ထန်းပင်မြစ်ပျိုးထောင်ပြီး ထန်းပင်မြစ်အဖြစ် စားသုံးခြင်းများဖြင့် ထန်းပင်တစ်ပင်လုံးအသုံးဝင်သည့် အညာဒေသ၏ ထန်းပဒေသာပင်များမှ ထန်းရွက်ဈေးနှုန်းမှာ ယခုနှစ်တွင် ရောင်းအားကျဆင်းခဲ့ကြောင်း သိရသည်။

**ကိုထိန်(KPD)**

## ပွင့်ဖြူမြို့နယ်၌ ဖီးကြမ်းငှက်ပျောပျိုးပင် ရောင်းအားကောင်း

**ပွင့်ဖြူ မတ် ၁၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုကြောင့် အညာကျေးလက်ဒေသများတွင် တောင်သူများက တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံမြေများ ပြုလုပ်ကာ ဖီးကြမ်းငှက်ပျောစိုက်ပျိုး ရောင်းချခြင်းဖြင့် သီးနှံအပိုဝင်ငွေ ရရှိသည့်အပြင် ဖီးကြမ်းငှက်ပျော ပျိုးပင်များ ရောင်းချရသဖြင့် မိသားစု အပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြကြောင်း ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာမှ ဖီးကြမ်းငှက်ပျောစိုက်ပျိုးတောင်သူများထံမှ သိရသည်။

ဖီးကြမ်းငှက်ပျောစိုက်ပျိုးရာတွင် တစ်ကျင်းနှင့် တစ်ကျင်း ရှစ်တောင်ခြားခွာ၍ တစ်ကျင်းလျှင် လေးပင်နှုန်း အတန်းလိုက်စိုက်ပျိုးကြပြီး စိုက်ပျိုးမြေရေိယာအနေအထားပေါ်မူတည်၍ အပင်အရေအတွက် ၆၀၀၀ မှ ၇၀၀၀ အထိ စိုက်ပျိုးကြကြောင်း၊ ဖီးကြမ်းငှက်ပျောသည် ဈေးကွက်တွင် အခြားသီးနှံများထက် စားသုံးသူအကြိုက်တွေ့ပြီး ဈေးပိုရသည့်အတွက် ယခုနှစ်တွင် ဖီးကြမ်းငှက်ပျောစိုက်ပျိုးသူဦးရေ တိုးလာကာ ဖီးကြမ်းငှက်ပျောစိုက်ပျိုးသူတောင်သူများအနေဖြင့် ဖီးကြမ်းငှက်ပျောပျိုးပင်များကို တစ်ပင်လျှင် ငွေကျပ် ၃၀၀ ခန့်ဖြင့် ရောင်းချနေရ၍ စီးပွားရေးတွက်ခြေကိုက်လျက်ရှိကြောင်း သမန်းရင်းကျေးရွာမှ ဖီးကြမ်းငှက်ပျော စိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်ရှိ ဥယျာဉ်ခြံမြေများတွင် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို သမန်းရင်းကျေးရွာ အပါအဝင် မုန်းချောင်းအနီး ကျေးရွာများတွင် အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြကာ ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျော၊ သူငယ်စာ၊ ငှက်ပျောချဉ်၊ ရွှေနီ၊ ဝက်မလွတ်(သီးမွှေး)၊ ဗျပ်ပြည့်၊ ဆင်အံစသည့် ငှက်ပျောသီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ရဲဝင်းနိုင်**
**(ပြန်/ဆက်)**


## ကျိုက်မရောမြို့နယ်၌ မေမြို့ပန်းစိုက်ပျိုးခြင်းဖြင့် ပုံမှန်ဝင်ငွေရရှိ

**ကျိုက်မရော မတ် ၁၄**
ကျိုက်မရောမြို့နယ်အတွင်းရှိ ဘိန်းဗျောကျေးရွာတွင် မိသားစု တစ်ပိုင်တစ်နိုင် မေမြို့ပန်းစိုက်ပျိုးကြသူများပြားလျက်ရှိပြီး မေမြို့ပန်းစိုက်ပျိုးရေးလုပ်ငန်းမှာ နေ့စဉ်ပုံမှန်ဝင်ငွေရလျက်ရသည်။

ကျိုက်မရောမြို့နယ်အတွင်းရှိ ဘိန်းဗျောကျေးရွာနှင့် မြွေဟောက်ကျေးရွာများတွင် အများအားဖြင့် မေမြို့ပန်းကို မိသားစုဝင်ငွေရရှိစေရန်အတွက် အဓိကထားစိုက်ပျိုးပြီး နတ်တော်လတွင် စတင်စိုက်ပျိုးပြီး ရက် ၉၀ အကြာတွင် ပန်းများ စတင်ခူးရောင်း၍ ရကြောင်း၊ မေမြို့ပန်းမျိုးစေ့ကို မော်လမြိုင်မြို့ရှိ စိန်ပွင့်ပျိုးဥယျာဉ်အရောင်းဆိုင်တွင် မျိုးဝယ်ယူကာ အပင်လေးများကို ပျိုးထောင်၍ ပြန်လည်စိုက်ပျိုးရကြောင်း၊ မိမိတို့ခြံမြေများအတွင်း အိုးမကွာအိမ်မကွာ ဝင်ငွေဖော်ဆောင်ပေးသည့်အတွက် ယခုဆိုလျှင်လယ်မြေများပေါ်၌လည်း စမ်းသပ်၍ စိုက်ပျိုးလာကြကြောင်း မေမြို့ပန်းစိုက်ပျိုးရောင်းချသူ ဒေါ်မြသန်းက ပြောသည်။

နေ့စဉ်ရေလောင်းရပြီး ညနေပိုင်းတွင် ပန်းခူးရကြောင်း၊ တစ်နေ့လျှင် ပန်းစီးအစည်းရေ ၃၀၀ မျှ ခူးရကြောင်းနှင့် မေမြို့ပန်းတစ်စည်းလျှင် ၁၀ ခက်ပါရှိပြီး တစ်စည်းလျှင် ငွေကျပ် ၅၀၀ဖြင့် ဖောက်သည်ပေးရကြောင်း၊ မော်လမြိုင်မြို့နှင့် မုဒုံမြို့အထိဈေးကွက်ရှိကြောင်း၊ ပန်းရောင်းရငွေဖြင့်မိသားစုအပိုဝင်ငွေရရှိသဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**



## ဒေသသုတေသနဗဟိုဌာန(ဇလုပ်)တွင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဂျုံသီးနှံသုတေသနလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၄**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း၌ တည်ရှိသော ဒေသသုတေသနဗဟိုဌာန(ဇလုပ်)သည် သီးနှံမျိုးသစ်များနှင့် နည်းပညာများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် သီးနှံသုတေသနများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ၂၀၁၉-၂၀၂၀ ပြည့်နှစ်မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် သင့်တော်၍ အထွက်နှုန်းကောင်းမွန်သောမျိုးများ ရရှိရေးအတွက် ကုလားပဲ၊ ပဲတီစိမ်း၊ ဂျုံ၊ ပဲစင်းငုံ၊ နှံစားပြောင်း၊ ဆတ်သီးနှံ၊ စပါးနှင့် ပဲတီစိမ်း သုတေသနလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ အလားအလာကောင်းမျိုးများ ရွေးချယ်ခြင်းသုတေသနများကို ဆောင်ရွက်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ်မိုးနှောင်းရာသီတွင် ရေငတ်ဒဏ်နှင့် အပူဒဏ်ခံနိုင်သည့်မျိုးများ ရရှိလာစေရေး ရည်ရွယ်ချက်ဖြင့် ဂျုံ၊ ကုလားပဲ သီးနှံသုတေသနများအား အထွက်နှုန်းကောင်းမွန်၍ ရေ၊ မြေ၊ ဒေသရာသီဥတုနှင့် ကိုက်ညီသော မျိုးများ ရရှိရေး သုတေသနများကိုလည်း ဆောင်ရွက်လျက်သည်။ ဆက်လက်၍ ၂၀၂၀-၂၀၂၁ ခုနှစ် မိုးကြိုရာသီတွင် အဝါရောင်မိုးစိပ်ဒဏ်ခံနိုင်၍ အထွက်နှုန်းကောင်းမွန်သော ပဲတီစိမ်းမျိုးများ ရရှိစေရန်နှင့် အပူဒဏ်ခံ စပါးမျိုးများ၏ ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် သင့်တော်မှုကို စမ်းသပ်ရွေးချယ်ရန် စသည့် သုတေသနလုပ်ငန်းစီမံချက်များကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏ မျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒေသသုတေသနဗဟိုဌာန(ဇလုပ်)မှ စပါးသီးနှံမျိုးများအနေဖြင့် ဆင်းသုခနှင့် မနောသုခ စပါးမျိုးများကိုလည်းကောင်း၊ ဆီထွက်သီးနှံအနေဖြင့် စပ်မျိုး နေကြာ(၁)မျိုးကိုလည်းကောင်း၊ ပဲမျိုးစုံသီးနှံမျိုးများအနေဖြင့် ပဲတီစိမ်းမျိုးများဖြစ်သည့် ရေဆင်း(၁၁) နှင့် (၁၄) မျိုးများ၊ ပဲစင်းငုံမျိုးများဖြစ်သည့် မုံရွာရွှေဒင်္ဂါးမျိုး၊ ပဲစင်းငုံရေဆင်း(၈)၊ ရေဆင်း(၁၀) မျိုးများ၊ ကုလားပဲမျိုးများဖြစ်သည့် ရေဆင်း(၆)၊ ရေဆင်း(၈)၊ ရေဆင်း (၉)၊ ရေဆင်း (၁၁)၊ ရေဆင်း (၁၂)မျိုးများကို လည်းကောင်း၊ ဂျုံသီးနှံမျိုးများအနေဖြင့် မုံရွာဂျုံဖြူ၊ ဇလုပ်ဖြူ(၂)၊ ရေဆင်း(၁၁)နှင့် ရေဆင်း(၁၂)ဂျုံမျိုးများကို လည်းကောင်း ပွားများဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးသူတောင်သူများထံသို့ အဆိုပါမျိုးများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ မျိုးအခက်အခဲရှိသော တောင်သူများသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ဒေသသုတေသနဗဟိုဌာန(ဇလုပ်)နှင့် ဆက်သွယ်ရယူနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**
**ခတ်ပုံ(စိုက်ပျိုးရေး)**



## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည့် ပဲထောပတ်သီးနှံများ စတင်သိမ်းဆည်း

**ပွင့်ဖြူ မတ် ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် တောင်သူများ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် ပဲထောပတ်သီးနှံများကို နေ့စားအလုပ်သမားများငှားရမ်း၍ အပြိုင်အဆိုင် သိမ်းဆည်းနေကြကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ပဲထောပတ်သီးနှံ စိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ၁၂ လ ရာသီ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြကြောင်း သိရသည်။ ထိုသို့ သီးနှံများ စိုက်ပျိုးရာတွင် ပဲထောပတ်သီးနှံကို ဆောင်းရာသီ သီးနှံအဖြစ် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ်တွင် ပဲထောပတ်သီးနှံများ အောင်မြင်ဖြစ်ထွန်းကာ အထွက်နှုန်းများ ကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ပေတောကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်က ရာသီဥတု သင့်တင့်မျှတပြီး စိုက်ပျိုးရေလည်း ပေါကြွယ်ဝတဲ့ အတွက် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံးစီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ သီးနှံများစိုက်ပျိုးရာတွင် ဆန်စပါး၊ နှမ်း၊ မြေပဲ၊ ကုလားပဲ၊ နေကြာ၊ ပဲထောပတ်၊ ငှက်ပျော၊ ကြံသီးနှံနဲ့ အခြားသီးပင်စားပင်မျိုးစုံကို စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ အဲဒီသီးနှံတွေထဲမှာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးတဲ့ ပဲထောပတ်သီးနှံကိုတော့ တောင်သူအများစုအားထားစိုက်ပျိုးကြပါတယ်။ ပဲထောပတ်သီးနှံဟာ ပြည်ပနိုင်ငံတွေအထိ တင်ပို့ရောင်းချနေရတဲ့ သီးနှံတစ်မျိုးဖြစ်လို့ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတဲ့ သီးနှံဖြစ်ပါတယ်။ ဒီနှစ် တောင်သူတွေ စိုက်ပျိုးတဲ့ ဆောင်းသီးနှံ ပဲထောပတ်စိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး အထွက်နှုန်းလည်း ကောင်းကြပါတယ်။ အခုဆိုရင် တောင်သူတွေက ပဲထောပတ် သီးနှံစိုက်ခင်းတွေကို နေ့စားအလုပ်သမားတွေ ငှားရမ်းပြီးတော့ အပြိုင်အဆိုင် သိမ်းဆည်းနေကြလို့ ရွာမှာရှိတဲ့ ဒေသခံပြည်သူတွေလည်း နေ့စဉ်ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေနေပါတယ်။ အလုပ်သမားငှားရမ်းခကတော့ တစ်ရက်ကို ငွေကျပ် ၅၀၀၀ နှုန်း ရှိပါတယ်။ တချို့တောင်သူတွေကလည်း နွေသီးနှံအတွက် ဆည်ရေပေးဝေနေပြီဖြစ်လို့ နွေစပါးနဲ့ အခြားနွေသီးနှံစိုက်ပျိုးဖို့အတွက် အားသွန်ခွန်စိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် ပေတောကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**





## သောက်သုံးရေအခက်ကြုံနေသည့် ဒေသခံပြည်သူများအား သောက်သုံးရေလှူဒါန်း

**ပေါင် မတ် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက် ဒေးပိန်ပိုင်းတွင် ပြည်သူများ သောက်သုံးရေအခက်ကြုံနေရကြောင်း သိရ၍ မတ် ၁၂ ရက် နံနက်ပိုင်းတွင် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနက ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုနှစ် ပွင့်လင်းရာသီရောက်ရှိလာချိန်တွင် ပေါင်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုနှင့် ဆောလျင်စွာ ကြုံတွေ့နေရကာ ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ရေသယ်ယာဉ်များဖြင့် စဉ်ဆက်မပြတ်သွားရောက်လှူဒါန်းပေးလျက်ရှိသည်။

ပေါင်မြို့နယ်တွင် ရပ်ကွက် နှစ်ခုနှင့် ကျေးရွာအုပ်စု ၂၀ တို့တွင် နှစ်စဉ်ရေရှားပါးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# တွံတေးမြို့၏ အသွင်ဆန်း အမြင်ဆန်း ရိုးရာအိုးလုပ်ငန်းများနှင့် မြေရေစစ်အိုးများ

မျိုးလှိုင် (တွံတေး)



မြန်မာနိုင်ငံ၌ အိုးလုပ်ငန်းဟုဆိုလျှင် အထက်မြန်မာပြည်ရှိ နွယ်ငြိမ်းကျေးရွာ၊ အောက်မြန်မာပြည် တွံတေးမြို့အိုးလုပ်ငန်းကို လူသိများကြသည်။ အိုးဆိုလျှင် ဒေါင်ဒေါင်မြည်တဲ့အိုးမှ ခိုင်ခံ့သည်။ တွံတေးမြို့၏အိုးလုပ်ငန်းသည် ရှေးနှစ်ပေါင်းများစွာကပင်မိဘဘိုးဘွားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အစဉ်အဆက် လုပ်ကိုင်လာကြကြောင်း သိရသည်။

ယခုအခါ ရိုးရာအိုးလုပ်ငန်းများ ပြန်လည်တစ်ခေတ်ဆန်းသစ်လာသည်ကို တွေ့ရသည်။ အိုးတစ်လုံးဖြစ်ရန် အိုးလုပ်သားတို့ အဆင့်ဆင့်လုပ်ကိုင်ရသည်။ ပထမဦးစွာ အိုးလုပ်ရန်လိုအပ်သော ရွံ့စေးမြေ (မြေနက်) ကို တူးရသည်။ ရရှိလာသောရွံ့စေးမြေကို ပိုမိုမာကျောလာစေရန်အတွက် တောင်မြေ (ခေါ်) မြေနီဖြင့် ရောစပ်ရပြီးနောက် ထိုမြေနှစ်မျိုးစလုံးကို အမှုန့်ကြိတ်ရသည်။

တောင်မြေနှင့် ရွံ့စေးမြေကို အချိုးကျကျ ရောစပ်ရသည်။ တောင်မြေအမှုန့် ရှစ်တောင်းကို မြေစေး ၃၅ တုံးစာရအောင် ဓားဖြင့် လှီးဖြတ်ရသည်။ ထို့နောက်ရေနှင့် ရောစပ်ကာ တစ်နာရီကြာအောင် ခြေထောက်ဖြင့်နင်းရသည်။ ထိုသို့ ပြုလုပ်သည်ကို မြေနယ်သည်ဟု ခေါ်ကြသည်။ ထို့နောက် အိုးတစ်လုံးစာအတွက် ရွံ့တောင့်များ ပြုလုပ်ရသည်။

ရှေးဦးစွာ အိုးထိန်းစက်ပျဉ်ပြားပေါ်တွင် ပြာခံ၍ ကတာ တင်ရသည်။ ပြာခံရခြင်းမှာ အိုးဖင်ကတာနှင့် အိုးထိန်းစက်မကပ်စေရန်ဖြစ်သည်။ ထို့နောက်အတောင့်ပြုလုပ်ထားသည့်ရွံ့ကို ကတာပေါ် အခွေလိုက်တင်ရသည်။ ထိုသို့အခွေတင်စကပင် အိုးလုပ်သားငယ်က အိုးထိန်းစက်ကို တဖြည်းဖြည်းလှည့်ရသည်။ ရွံ့ခွေတင်ပြီးမှ အိုးထိန်းစက်ကို အမြန်လှည့်ရသည်။ အိုးဆရာက လက်နှစ်ဖက်ကို အသုံးပြု၍ အိုးပုံကြွမ်းပေါ်လာအောင် ဖန်းတီးယူရသည်။ အိုးပုံကြွမ်းပေါ်လာမှ အိုးအတွင်း၊ အပြင် မျက်နှာပြင် ချောမွတ်သွားအောင် ယောက်သွားခံ့ကို အသုံးပြုရသည်။ မိနစ်ပိုင်းအတွင်း အိုးထိန်းစက်ပေါ်၌ အိုးပုံထွက်ပေါ်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

အိုးလုပ်သားတို့၏ ကျွမ်းကျင်မှု၊ လက်ဆမှန်ကန်မှုကြောင့် အိုးတစ်လုံးနှင့်တစ်လုံး တစ်ရွယ်တည်းထွက်ပေါ်လာသည်ကိုတွေ့မြင်ရမည်။ ထို့နောက် လက်နှီးစကိုအသုံးပြု၍ အိုးနှုတ်ခမ်းလုံးခြင်း၊ တွန့်ခြင်းများ ဆောင်ရွက်ရသည်။ အကြမ်းထည်အိုးများ ပြုလုပ်ပြီးသည့်အခါ အနီထည်ဖြစ်အောင် နေပူအခြောက်ခံရသည်။ ထို့နောက်အိုးဖုတ်သော မီးဖိုထဲတွင်ထည့်၍ မီးပျော့ပျော့ဖြင့် ငါးရက်ခန့် မီးဖုတ်ရပြီး အိုးများကို တစ်ပတ်ခန့်အအေးခံပြီးပါကလိုအပ်သောအိုးများ ရရှိမည်ဖြစ်သည်။ ၂၅ပိဿာအိုး (အစိတ်ဝင်အိုး)၊ ၁၀၀ ပိဿာဝင်အိုး(ရာဝင်အိုး) များ ပြုလုပ်သည့်အခါ တစ်ဝက်စီပြုလုပ်ပြီးမှ ဆက်ယူရကြောင်း သိရသည်။

စဉ့်အိုးမဟုတ်သော သောက်ရေအိုး၊ ဘုရားပန်းအိုး၊ လက်ဆေးအင်တုံ၊ ငရုတ်ဆုံ၊ ကလေးကစားစရာအိုးပုတ်၊ စုဘူး၊ ပန်းအလှစိုက်အိုး၊ ရေဘုံဘိုင်၊ တာအိုး၊ ဆီမီးခွက် စသည့်အိုးအမျိုးမျိုးကိုလည်း ထုတ်လုပ်ရောင်းချလျက်ရှိသည်။


### မြေရေစစ် အိုးများ

ယခုအခါ ရိုးရာအိုးလုပ်ငန်းအပြင် ပြောင်းလဲလာသော ရာသီဥတုအခြေအနေကြောင့် မြေရေစစ်အိုးများကိုလည်း ထုတ်လုပ်လျက်ရှိပြီး မြန်မာပြည်အနှံ့ ရောင်းချလျက်ရှိသည်။ ရိုးရာအိုးလုပ်ငန်းများ လုပ်ကိုင်ရာမှ နာဂစ်မုန်တိုင်းအပြီး ရေသန့်လိုအပ်ချက်ကြောင့် နည်းပညာကိုအသုံးချကာ မြေရေစစ်အိုးများ ထုတ်လုပ်လာခြင်းဖြစ်သည်။

မြေရေစစ်အိုးကို သက်ရင့်မြေ ၃၃ ဒသမ ၄ ကီလိုဂရမ်၊ သက်နုမြေ ၂၂ ဒသမ ၄ ကီလိုဂရမ်၊ စပါးခွံ ၉ ဒသမ ၄ ကီလိုဂရမ်နှင့် ရေ ၂၂ လီတာတို့ကို အချိုးအစားအတိုင်း ရောစပ်ရသည်။ ဤအချိုးအစားသည် မြေရေစစ်အိုး ၁၂ လုံးစာ ဖြစ်သည်။ ထိုသို့ရောစပ်ထားသော မြေကို ကြိတ်စက်တွင်ထပ်မံကြိတ်ပြီး စေးပိုင်သောမြေရရှိမှသာ မြေစေး ၇ ဒသမ ၈ ကီလိုဂရမ်ခြင်တွယ်၍ လုံးဝိုင်းပြီး ၁၀ တန်ဖိအားရှိသော ဟိုက်ဒရောလစ် ရိုက်စက်တွင် ဖိလိုက်သည့်အခါ မြေရေစစ်အိုး ရရှိလာမည်ဖြစ်သည်။ ရရှိလာသော မြေရေစစ်အိုးများကိုအခြောက်ခံပြီးမှ အပူချိန် ၇၀၀ဒီဂရီစင်တီဂရိတ်ရှိ အိုးဖိုကြီးထဲ၌ ခုနစ်နာရီကြာအောင် မီးဖုတ်ရသည်။ မီးကျက်ပြီး အိုးများကို အအေးခံဖော်ယူပြီး ရေကန် ၌ ၁၂ နာရီကြာအောင် ရေပြန်စိမ်ရသည်။ရေစိမ်ရ ခြင်းမှာ အိုးများတွင် ပါရှိသည့် စပါးခွံများ မီးလောင်ကျွမ်းပြီး ပြာမှုန့်များဖြစ်နေ၍ ပြာများသန့်စင်ကာ လေအိတ်များ ဖြစ်သွားစေရန်ဖြစ်သည်။ ရေစိမ်ပြီးလျှင် အိုးများကို ရေကျနှုန်းတိုင်းတာရသည်။ စံချိန်မီ ရေကျနှုန်းမှာ တစ်နာရီလျှင် ၁ ဒသမ ၅ လီတာမှ အများဆုံး ၄ ဒသမ ၅ လီတာခန့်သည် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

ရေသန့်မျိုးစုံတို့သည် မြို့ပြတွင်သာ လွယ်လင့်တကူဝယ်ယူရနိုင်သော်လည်း ကျေးလက်ဒေသသို့ ရောက်ရှိရန် ခက်ခဲလှသည်။ တွံတေးမြို့မှ ထုတ်လုပ်သော မြေရေစစ်အိုးများမှာ အိမ်တိုင်းသုံးစွဲနိုင်သောသဘာဝရေသန့် မြေစစ်အိုးများဖြစ်ပါသည်။ ရေသန့်ဘူးဝယ်သောက်ရန်မလို မိမိတစ်အိမ်သားလုံးရေစစ်အိုးမှထွက်ရှိလာသော ရောဂါပိုးကင်းစင်သည့် ရေသန့်များကို ငွေကုန်ကြေးကျမှုမရှိဘဲ သောက်သုံးနိုင်သည်။ အထူးသဖြင့် ရေရှားပါးသော ကျေးလက်ဒေသများတွင် မြေရေစစ်အိုးများကို သုံးစွဲရန်အထူးသင့်လျော်သည်။

ယခုအခါတွံတေးမြို့မှထွက်ရှိသောအိုးအမျိုးမျိုး၊ မြေရေစစ်အိုးများကို မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဒေသအသီးသီးသို့ရေလမ်း၊ကုန်းလမ်းများဖြင့်တင်ပို့ရောင်းချနေသည်သာမက နိုင်ငံတကာဈေးကွက်သို့ပါ တင်ပို့ရောင်းချလာသဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းလာပြီး ဝင်ငွေများရရှိနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။



**“ ရေသန့်မျိုးစုံတို့သည် မြို့ပြတွင်သာ လွယ်လင့်တကူဝယ်ယူရနိုင်သော်လည်း ကျေးလက်ဒေသသို့ ရောက်ရှိရန် ခက်ခဲလှသည်။ တွံတေးမြို့မှ ထုတ်လုပ်သော မြေရေစစ်အိုးများမှာ အိမ်တိုင်းသုံးစွဲနိုင်သောသဘာဝရေသန့် မြေစစ်အိုးများ ဖြစ်ပါသည်။ ရေသန့်ဘူးဝယ်သောက်ရန်မလို မိမိတစ်အိမ်သားလုံးရေစစ်အိုးမှထွက်ရှိလာသော ရောဂါပိုးကင်းစင်သည့် ရေသန့်များကို ငွေကုန်ကြေးကျမှုမရှိဘဲ သောက်သုံးနိုင်သည်။ အထူးသဖြင့် ရေရှားပါးသော ကျေးလက်ဒေသများတွင် မြေရေစစ်အိုးများကို သုံးစွဲရန်အထူးသင့်လျော် ”**

## ကျောက်ထုဒေသ၌ ဆောင်းနေကြာ စိုက်ပျိုးအောင်မြင်



**ကျောက်ထု မတ် ၁၄**

ဂန့်ဂေါမြို့နယ် ကျောက်ထုဒေသတွင် ဆောင်းသီးနှံများအဖြစ် ပြောင်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည့်အပြင် ဆီထွက်သီးနှံနေကြာကိုလည်း စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နေကြာကို ကျောက်ထုဒေသ၌ ဖြတ်သန်းစီးဆင်းသည့် ယောချောင်းပတ်ဝန်းကျင် နုံးတင်မြေနုနေရာများ၌ ရေသွင်းစိုက်ပျိုးကြခြင်းဖြစ်သည်။ “ရေတင်ရာမှာ စက်ငှားရမ်းခအတွက် တစ်နာရီကို ငွေကျပ်နှစ်သောင်းနှုန်း ပေးရပါတယ်။ နေကြာမျိုးအဖြစ် ရေဆင်း (၁) မျိုးကို စိုက်ပျိုးပါတယ်။ ဒေသအခြေအနေအရ ဆောင်းနေကြာကို ဖေဖော်ဝါရီ၊ မတ်လဆန်းကာလမှာ စတင်စိုက်ပျိုးပါတယ်။ လုပ်ငန်းတွင်ကျယ်မြန်ဆန်အောင် စက်ငှားပြီး မြေညီမြေပြင်ပြုလုပ်ရပါတယ်။ မြေဩဇာ အနေနဲ့ကတော့ သဘာဝမြေဩဇာကို အသုံးပြုပါတယ်။ စိုက်ပျိုးရေးဌာနရဲ့ အသိပညာပေးမှုများကိုလည်း အားထားဆောင်ရွက်ပါတယ်” ဟု စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ယခင်နှစ်စိုက်ပျိုးစဉ်က တစ်ဧကလျှင် တင်း ၄၀ ကျော်ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် အထွက်နှုန်း ပိုမိုကောင်းလိမ့်မည်ဟု မျှော်လင့်ကြသည်။ နေကြာကိုကြိတ်ခွဲလျှင် တစ်တင်းကို ဆီ လေးပိဿာ ရရှိကြောင်းနှင့် ယနေ့ပေါက်ဈေး တစ်ပိဿာလျှင် ငွေကျပ်၅၅၀၀ ရှိပြီး နေကြာဖတ် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ နှုန်းရှိကြောင်းသိရသည်။ **စိန်ကျော်**

# ကိုဗစ်-၁၉ အမေး၊ အဖြေ




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# စပါးအသင်း ပရီမီယာလိဂ်အဆင့် ၄ စာရင်းမဝင်ပါက တိုက်စစ်မှူး ဟယ်ရီကိန်း စပါးအသင်းမှ ထွက်ခွာဖွယ်ရှိနေ

အခုနှစ်ဘောလုံးရာသီမှာ နည်းပြမော်ရင်ဟိုရဲ့ စပါးအသင်းအနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အဆင့် ၄ စာရင်းမဝင်ခဲ့ပါက တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းကနေ ထွက်ခွာဖွယ်ရှိနေတယ်လို့ Sky Sports က ခန့်မှန်းထားပါတယ်။

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းကနေ ထွက်ခွာခဲ့ပါက စပိန်လာလီဂါကလပ်အသင်းတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ဆီ ပြောင်းရွှေ့ကစားဖို့ ရှိနေတယ်လို့လည်း သိရပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းနဲ့ အတူ ပွဲစဉ်စုစုပေါင်း ၃၂၄ ပွဲအထိ ပါဝင်ကစားပေးထားခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၂၁၄ ဂိုးအထိသွင်းယူပေးထားတာဖြစ်ပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခုနှစ်ဘောလုံးရာသီမှာလည်း ထိပ်တန်းဂိုးသွင်းရှင်စာရင်းမှာ ရှိနေတာဖြစ်ပြီး ပရီမီယာလိဂ်ပွဲစဉ် ၁၆ ပွဲမှာ သွင်းဂိုး ၂၅ ဂိုးအထိသွင်းယူပေးထားတာဖြစ်ပါတယ်။



ဒါကြောင့် ဥရောပရဲ့ထိပ်တန်းအဆင့်ရှိအသင်းတွေဖြစ်တဲ့ ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မန်စီးတီးအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။



# မန်ယူအသင်းက ဂိုးသမား ဒီဂီယာကို ရောင်းချရန် စီစဉ်နေပြီး ဘန်လေဂိုးသမား နစ်ပုတ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေ

မန်ယူအသင်းဟာ တစ်ပတ်လုပ်ခလစာပေါင် ၃၇၅၀၀၀ ပေးချေနေရတဲ့ ဂိုးသမားဒီဂီယာကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချသွားဖို့ စီစဉ်နေပြီး ဒီဂီယာနေရာမှာ အစားထိုးဖို့အတွက် မန်ယူအသင်းနည်းပြ ဆိုးရှားက ဘန်လေအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ ဂိုးသမားနစ်ပုတ်ကို အစားထိုးဂိုးသမားအဖြစ်ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းက ဂိုးသမားနစ်ပုတ်ကို ခေါ်ယူဖို့ ပြင်ဆင်နေပေမယ့် လက်ရှိမှာ ဂိုးသမားဒီဂီယာနေရာမှာ အစားထိုးနိုင်ဖို့အတွက် လက်ရှိအသင်းရဲ့ အသက် ၂၂ နှစ်အရွယ် ဂိုးသမား ဟန်ဒါဆန်လည်းရှိနေတာဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိ ဂိုးသမား ဒီဂီယာရဲ့ လက်ရှိမန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ဘန်လေဂိုးသမား နစ်ပုတ်ကို ခေါ်ယူမယ်ဆိုရင် ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ အထိပေးချေရဖို့လည်း ရှိနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီက ဂိုးသမားနစ်ပုတ်ကို ခေါ်ယူဖို့ ချယ်လ်ဆီးအသင်းက ပစ်မှတ်ထားခဲ့စဉ်ကတည်းက ဘန်လေအသင်းက ဂိုးသမားနစ်ပုတ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၅၀ သတ်မှတ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ မန်ယူအသင်းဟာ ဘန်လေဂိုးသမား နစ်ပုတ်ကို ခေါ်ယူဖို့ ပရီမီယာလိဂ်ပြိုင်ဘက် စပါးအသင်းနဲ့ အပြိုင်ကြိုးပမ်းနေရပြီး စပါးအသင်းကလည်း ဂိုးသမားဟူဂိုလိုးရစ်နေရာမှာ အစားထိုးဖို့ ဂိုးသမားနစ်ပုတ်ကို ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဘရိုက်တန်အသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ စပိန်ဂိုးသမား ရောဘတ်ဆန်းချက်ဇ်ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။ ဘန်လေဂိုးသမား နစ်ပုတ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ဘန်လေအသင်းယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၈ ပွဲမှာ ကိုးဂိုးအထိ ကာကွယ်ပေးနိုင်ခဲ့တာဖြစ်ပြီး ၃၂ ဂိုးအထိခွင့်ပြုပေးခဲ့ရတာဖြစ်ပါတယ်။

○ မန်ယူအသင်းမှ

မန်ယူအသင်းရဲ့ စီမံခန့်ခွဲမှုအစုအဖွဲ့ဟာ နည်းပြဆိုးရှားကို စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေတဲ့အပြင် မန်ယူအသင်းကွင်းလယ်ကစားသမားဟောင်း ဒါရန့်ဖလက်ချာကိုလည်း နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့တယ်လို့ သိရပါတယ်။

နည်းပြဆိုးရှားဟာ မန်ယူအသင်းကို အခုနှစ်ဘောလုံးရာသီမှာ အက်ဖ်အေဖလားပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတို့မှာ ရလဒ်ကောင်းတွေဖန်တီးပေးနိုင်ခဲ့သလို ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အမှတ်ပေးဇယား အဆင့် ၂ နေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအမှုဆောင် ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ်ကလည်း နည်းပြဟောင်းနှစ်ဦးဖြစ်တဲ့ မော်ရင်ဟိုနဲ့ ဗန်ဟားလ်တို့လက်ထက်က ပျောက်ဆုံးခဲ့တဲ့ မန်ယူအသင်းရဲ့ ပုံစံကောင်းကို နည်းပြဆိုးရှားက ပြန်လည်ရယူပေးနိုင်ခဲ့တာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

အသက် ၄၈ နှစ်အရွယ်ရှိ မန်ယူအသင်းနည်းပြဆိုးရှားဟာ လက်ရှိမှာ တစ်နှစ်လုပ်ခလစာပေါင်ခုနစ်သန်းရရှိနေတာဖြစ်ပြီး စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့ပါက တစ်နှစ်လုပ်ခလစာပေါင်ကိုးသန်းအထိ ရရှိလာဖို့လည်း ရှိနေတာဖြစ်ပါတယ်။

# တိုက်စစ်မှူး အဂူရို ၂၀၂၀ ဇန်နဝါရီလနောက်ပိုင်း ပထမဆုံး ပရီမီယာလိဂ်သွင်းဂိုး သွင်းယူနိုင်ခဲ့

ဖူလ်ဟမ်အသင်းနဲ့ မန်စီးတီးအသင်းတို့ မတ် ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၃၀ မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အဂူရိုဟာ ၂၀၂၀ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပထမဆုံးသောပရီမီယာလိဂ်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး အဂူရိုက ဒုတိယပိုင်းပွဲကစားချိန်မိနစ် ၆၀ မှာ ပင်နယ်တီကနေတစ်ဆင့် မန်စီးတီးအသင်းအတွက် ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲကစားချိန် ၄၇ မိနစ်မှာ ဂျွန်စတုန်း၊ ၅၆ မိနစ်မှာ ဂါဘရီယယ်ဂျီးဆပ်နဲ့ မိနစ် ၆၀ မှာ အဂူရိုတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲသမိုင်းမှာ စတုတ္ထမြောက်ဂိုးသွင်းအများဆုံးဖြစ်တဲ့ တိုက်စစ်မှူး အဂူရိုဟာ အခုပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၁၄ လကြာမှ ပထမဆုံးသော ပရီမီယာလိဂ်သွင်းဂိုး ပြန်လည်သွင်းယူနိုင်ခဲ့တဲ့ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၃၀ ယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ် စုစုပေါင်း ၇၁ မှတ်နဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းရဲ့ သမိုင်းမှာ တန်းတက်အသင်းတွေနဲ့ တွေ့ဆုံခဲ့တဲ့ နောက်ဆုံးပရီမီယာလိဂ်ပွဲစဉ် ၃၆ ပွဲမှာ တစ်ပွဲသာရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပြီး အဲဒါကလည်း ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းက နော့ဝစ်ချ်အသင်း သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ မန်စီးတီးအသင်းဟာ ဖူလ်ဟမ်အသင်းကို အဝေးကွင်းမှာ နိုင်ပွဲရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်အဝေးကွင်းပွဲစဉ် ရှစ်ပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာဖြစ်ပြီး အဲဒီနောက်ဆုံးပရီမီယာလိဂ်ရှစ်ပွဲမှာ သွင်းဂိုး ၂၂ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။



ဌေးကြယ် - စုစည်းသည်

# ဘူမိဖသံမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း (၁/၂)အရန်တို့ကို ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၁၄

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသံမုဒြာထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer များဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ ပို့ဆောင်လျက်ရှိရာ တတိယအကြိမ် အဖြစ် ပလ္လင်တော်အပိုင်း ၂ နှင့် အပိုင်း (၁/၂)အရန်တို့ကို မတ် ၉ ရက်တွင် ဆီမီးခုံဆိပ်ကမ်းမှ ပင့်ဆောင်ပူဇော်ရာ တည်ထားကိုးကွယ်မည့် မင်္ဂလာနေရာသို့ ယမန်နေ့ ညပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ ဘူမိဖသံမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၂ နှင့် အပိုင်း(၁/၂)အရန် အစိတ်အပိုင်းများအား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင်ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အောင်စည်သာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ✪

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻




ကြေးမုံ ယနေ့ ဖတ်စရာ

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ဘီလီယံထုတ်လုပ်ရန် အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျတို့က ငွေကြေးပံ့ပိုးပေးမည်**

စာမျက်နှာ » ၁၂

**ပြင်သစ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၇၅၉ ဦးအထိရှိခဲ့**

စာမျက်နှာ » ၁၃

**တစ်ခုတည်းသော ငွေကြေးရင်းနှီးမြှုပ်နှံရာ ရန်ကုန်စတော့အိတ်ချိန်း**

စာမျက်နှာ » ၂၃


# မန်ယူအသင်းက နည်းပြဆိုးရှားကို စာချုပ်သစ်ချုပ်ဆိုရန် မျှော်လင့်လျက်ရှိ




ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ နည်းပြဆိုးရှားကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။ နည်းပြဆိုးရှားဟာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းက နည်းပြ မော်ရင်ဟိုရဲ့နေရာမှာ အစားထိုးနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။

နည်းပြဆိုးရှားရဲ့ မန်ယူအသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကလည်း ယခုလနောက်ပိုင်းမှာ နောက်ဆုံးနှစ်အတွင်းသို့ ရောက်ရှိလာတော့မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အမှုဆောင်ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ် ဦးဆောင်တဲ့

စာမျက်နှာ ၃၀ ကော်လံ ၄ သို့ ❍